

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၂၀၃/၉၇ (၄) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၂၀၄/၉၇ (၅) |
| ထုတ်ဝေအကြိမ် | ပထမအကြိမ် |
| ထုတ်ဝေကာလ | ၁၉၉၇-ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၉၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြဲ ၀၉၄၃)<br>မိုးမင်းစာပေ<br>အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးထောင့်ကန်<br>သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦးပုံနှိပ်တိုက်<br>အမှတ် ၁၂၊ ဒါနလမ်း၊<br>သာယာကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (မြဲ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁ လမ်း။<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


# နန္ဒာကျော်သူ

နန္ဒာ ကျော်သူ

# အိပ်မက်သခင် လမင်းဓားရှင်

အိပ်မက်သခင် လမင်းဓားရှ

(၂-အုပ်တွဲ သိုင်းစာစဉ်)

နန္ဒကျော်သူ

# အိပ်မက်သခင် လမင်းဓားရှင်

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

[ ပထမပိုင်း ]

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား
ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်
တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ
အဖြစ် သတ်မှတ် ချေမှုန်းကြ။

18 JU
လင်းစာပေ
အမှတ် ၁၅/၁၃၈၊
ဖုန်း ၂၀၃၇၇

ဓား....
ဓားအမျိုးမျိုးရှိသည်။
သားလှီးဓား၊ မြက်ခုတ်ဓား၊ ထင်းခွဲဓားမှသည် သိုင်း
လောကသားများ ကိုင်ဆောင်သော ဓားအဆုံး ဓား
အမျိုးပေါင်း မြောက်များစွာရှိသည်။
သံညံ့သောဓား၊ သံကောင်း သောဓား။
တုံးသောဓား၊ အလွန်ထက်သောဓား။
တန်ဖိုးကြီးလွန်းသောဓား။
ဓားများကား စုံလင်လှ၏။

ထိုဓားများနှင့် ပတ်သက်သော ပုံဝတ္ထုများလည်း မနည်းလှပါ။

ယခု တင်ပြမည့်ဓားသည် ထိုထိုသော ဓားများနှင့် မတူပါ။

ထိုဓားသည် 'အလင်းဓား' ဖြစ်သည်။

ဓား၏ အရောင်သည် ကိုက်တစ်ရာခန့်အတွင်း ထိန်ထိန်လင်းနေ၏။

ထိုဓား၏ အလင်းရောင်သည် လရောင်နှင့် တူလှ၏။

ထို့ကြောင့်လည်း ရှောင်လန်းက ထိုဓားကို အလင်းဓားဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုဓားသည် သံမဏိဖြင့် ပြုလုပ်ထားသော ဓားမဟုတ်။

ဓားသည် မှန်သားပြင်ကဲ့သို့ ကြည်လင်နေပြီး တစ်ဖက်မှ တစ်ဖက် ထိုးထွင်း ဖောက်မြင်နေရသည်ဟု ရှောင်လန်းက ဆိုခဲ့၏။

သင်သည် ယခုကဲ့သို့ ဓားမျိုးကို မြင်တွေ့ဖူးပါသလော။

* * *



အလင်းဓားဟု ရှောင်လန်းခေါ်သော ဓားကို သင် မြင်တွေ့ဖူးမည်ဟု မထင်ပါ။

သင်သာမဟုတ်၊ မည်သူမျှလည်း တွေ့ဖူးမည်ဟု ကျွန်ုပ် မထင်ပါ။

ကျွန်ုပ်သည် ဓားမြောက်မြားစွာ ကိုင်ဆောင်ခဲ့ဖူးသလို တွေ့ရှိခဲ့ဖူးသူ ဖြစ်သည့်တိုင်အောင် ရှောင်လန်း ပြောပြသော ဓားမျိုးကို မမြင်ခဲ့ဖူးပါ။

ကြားပင် မကြားဘူးခဲ့ပါ။

ထိုဓားအကြောင်းကြားသိနေကာစက ကျွန်ုပ် အလွန်ပင် အံ့အားသင့်ခဲ့၏။

စိတ်လည်းဝင်စားခဲ့၏။

ကျွန်ုပ်ထံတွင် စုဆောင်းထားသော ဓားများနှင့် လုံးဝတူ၊ ထူးဆန်းသောဓားကို ကျွန်ုပ် ကြည့်ရှုချင်မိ၏။

သို့သော် ရှောင်လန်းက ကျွန်ုပ်အား ထိုဓားကို မပြသနိုင်ပါ။

အကြောင်းမှာ သူသည် ထိုအလင်းဓားကို အိပ်မက်ထဲ၌သာ တွေ့ဖူးခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်သည် ထိုအခါမှပင် စိတ်ပျက်အားပျော့သွား၏ သို့သော် ရှောင်လန်းကား မလျော့ပါ။

တစ်နေ့တွင် ကျွန်ုပ်အား အလင်းဓားအကြောင်း ဖြ ပြည့်စုံစုံ ပြောပြနိုင်မည်ဟု ကြုံးဝါးခဲ့၏။

ကျွန်ုပ် သူ့ကို ဘာမျှပြန်မပြောခဲ့ဘဲ ပြုံးရုံသာ ပြုံး ခဲ့၏။

သို့သော် တစ်နေ့တွင် ထိုအလင်းဓားနှင့် ပတ်သက် ကျွန်ုပ် ပါဝင်ပတ်သက်လာရပါလိမ့်မည်ဟုကား လုံးဝထ မှတ် မထားခဲ့ပါချေ။

* * *

တန်ယွတ်....

လူအမည်မဟုတ်ပါ။

သင်တန်းကျောင်းတစ်ခု၏ အမည်ဖြစ်သည်။



တန်ယွတ် သင်တန်းကျောင်းသည် စာပေပညာသင်ကြားပေးသော သင်တန်းကျောင်းတစ်ခုဖြစ်သည်။

ပီကင်းမြို့တော်တွင် တည်ရှိပြီး အမတ်ကြီး အိုမားက တည်ထောင်ထားခဲ့သော သင်တန်းကျောင်းဖြစ်သည်။

အမတ်ကြီး အိုမားသည် တစ်ချိန်က နန်းတွင်း၌ အလွန်သြဇာကြီးခဲ့သော အမတ်ကြီး တစ်ယောက်ဖြစ်၏။

စာပေပညာတွင် အလွန်တော်သည်ဟု အများက ချီးကျူးမှုကို အစဉ်သဖြင့် ခံယူခဲ့ရသောသူဖြစ်သည်။

အိုမားသည် အသက်အရွယ်ကြီးရင့်လာပြီးနောက် နန်းတွင်းမှ အငြိမ်းစားခဲ့လေသည်။

သူသည် အေးချမ်းစွာ နေထိုင်ရင်းမှ ဝါသနာအရ မိတ်ဆွေသင်္ဂဟတို့၏သားသမီးများကို စာပေပညာသင်ကြားပေးခဲ့၏။

နောက်ပိုင်းတွင်မူ အများ၏တောင်းဆိုချက်ကြောင့် သူက တန်ယွတ် စာပေသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။

ငါးနှစ်ဟူသော ကာလအတွင်း တန်ယွတ် သင်တန်းကျောင်း၏ အောင်မြင်မှု အရှိန်အဟုန်မှာ ကြီးမားလွန်းလှသည်။

ယခုဆိုလျှင် သူ၏ သင်တန်းကျောင်းတွင် လက်ထောက် ဆရာ (၇)ဦးဖြင့် သင်တန်းသားငါးရာကျော်မျှကို စာပေ သင်ကြားပို့ချခဲ့ရသည်။

သူ၏ သင်တန်းမှနေ၍ မှင် မှုထမ်းစာမေးပွဲများတွင် ဖြေဆို အောင်မြင်ခဲ့သူများလည်း များပြားလာခဲ့ပြီ ဖြစ်သည်။

သင်တန်းသားများတွင် နေ့စဉ် လာတက်သူများရှိသလို အခြားမှလာရ၍ သင်တန်းတွင် နေထိုင်သင်ယူသူများလည်း ရှိလာ၏။

ထို့ကြောင့် သင်တန်းကျောင်းဝင်းအတွင်း ကျောင်းသားများ နေထိုင်ရန် အဆောင်တစ်ခုကို ဆောက်လုပ်ထားရ၏။

အဆောင်တွင် နေထိုင်သူ ကျောင်းသားတစ်ရာနီးပါးမျှ ရှိ၍ ကျောင်းသားများအတွက် ကြီးမားသော နှစ်ထပ် အဆောင်တစ်ခုကို ဆောက်လုပ်ထားခဲ့ရသေးသည်။

အမတ်ကြီး အိုမားအနေနှင့် နန်းတွင်းမှ အငြိမ်းစားယူခဲ့ပြီးသော်လည်း သူ၏ ဂုဏ်သတင်းအညွန့်အဝါကား ညှိုးကျမသွားဘဲ ဆက်၍သာ မွှေးပြန့်နေလေသည်။



ပညာဂုဏ်သတင်းကား အခြားဂုဏ်များနှင့် မတူဘဲ အလွန်ပင် မွှေးပြန့်တတ်သည်၊ အများ၏ ကြည်ညိုလေးစားမှုကို ခံယူရတတ်သည် မဟုတ်ပါလား။

* * *

နံနက်ခင်း....

သာယာသော နေ့တစ်နေ့၏ နံနက်ခင်းဖြစ်သည်။

တန်ယွတ် သင်တန်းကျောင်းဝယ် စာပေရွတ်ဖတ်သံများကား မှန်မှန်ထွက်ပေါ်နေ၏။

သင်တန်းကျောင်းအတွင်း စာသင်ကြားရာ အခန်း(၇)ခု ခွဲခြားထား၏။

ထိုခန်းမ ခုနစ်ခုစလုံးတွင် သင်တန်းသားများ အပြည့် စာပေသင်ကြားနေကြလေသည်။

အမှတ်(၅)သင်တန်းခန်းမအတွင်း အိုမား၏လက်ထောက် ဆရာတစ်ဦးဖြစ်သူ ဝမ်ကျောင်းသည် သမိုင်းနှင့်စပ်လျဉ်းသော သင်ခန်းစာများကို ပို့ချသင်ကြားနေ၏။

ထိုသင်တန်းခန်းမ၏ဒုတိယမြောက်နောက်ဆုံးတန်းထောင့် တစ်နေရာတွင် လူငယ်တစ်ဦး ထိုင်နေ၏။

သူ့ရှေ့တွင် စာအုပ်ကို လှန်ထား၏။

သူသည် အများကဲ့သို့ စာဖတ်ခြင်းမရှိသလို ဝမ်ကျောင်း၏ သင်ကြားနေမှုကိုလည်း လုံးဝမကြားမိ။

စာအုပ်ကိုသာ ငေးကြည့်နေ၏။

သူ့အသိအာရုံသည် စာထဲတွင် ရှိဟန်မတူ။

ဝမ်ကျောင်းသည် လက်ထောက်ဆရာများအနက် အသက် အငယ်ဆုံး ဖြစ်၏။

ဝမ်ကျောင်း၏ အသက်မှာ သုံးဆယ်ခန့်သာ ရှိသေး၏။

သူသည် အိုမား၏ လက်ရုံးတစ်ဆူလည်း ဖြစ်ပေသည်။

ဝမ်ကျောင်းသည် သင်တန်းသား ရှစ်ဆယ်ခန့်ကို စာပေ သင်ကြားနေရင်းမှ သူ၏ စာသင်မှုကို စိတ်ဝင်စားခြင်း မရှိသော လူငယ်တစ်ဦး ရှိနေသည်ကို တွေ့မြင်သွားသည်။



ဝမ်ကျောင်း မဲ့ပြုံးပြုံးလိုက်သည်။

သူသည် ထိုလူငယ်အနီးသို့ လျှောက်သွားသည်။

သူ ထိုလူငယ်အနီး ရပ်မိသည်အထိ ထိုလူငယ်က သိရှိခြင်း မရှိပါ။

သူ့အတွေးနှင့်သူ နစ်မြောနေဟန် တူ၏။

ဝမ်ကျောင်း ဒေါသထွက်မိသည်။

'ရှောင်လန်း'

သူ၏ အော်ခေါ်လိုက်သံကြောင့် ရှောင်လန်း ခန္ဓာကိုယ် တုန်ခါသွား၏။

ယခုမှ သတိဝင်လာဟန် တူ၏။

ထိတ်လန့်တွားဖြင့်....

'ဆ—ဆရာ'

ဝမ်ကျောင်းက သူ့ကို စိုက်ကြည့်ပြီး....

'မင်း ပြီးရင် ငါ့အခန်းကို လာခဲ့'

'စကားသံက တင်းမာနေ၏။

ရှောင်လန်း မျက်နှာပျက်နေသည်။

'ဆ....ဆရာ၊ ကျွန်တော်....'

ဝမ့်ကျောင်းက လက်ကာပြပြီး….

'အားလုံးအတွက် အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ မင်း စာကို ဂရုတစိုက် သင်ယူပါ၊ ပြီးရင် ငါ့အခန်း လာခဲ့'

သူက ပြောလိုသည်သာ ပြောလိုက်ပြီး အတန်းရှေ့ ပြန်လျှောက်ကာ စာကို ပြန်လည်သင်ကြားလိုက်၏။

ရှောင်လန်းကား မအားမောရဲတော့ပါ။

စာကိုလိုက်၍ သင်ယူနေ၏။

သို့ရာတွင် သူ၏စိတ်များ တစ်ချက်တစ်ချက် ပျံ့လွင့်နေသည်ကိုမူ ဝမ့်ကျောင်း ရိပ်မိ၏။

သူသည် ကြိုးစားသင်ပေးနေသလောက် ရှောင်လန်းက စိတ်ဝင်စားမှု မရှိသည်ကိုတွေးကာ ဒေါသထွက်နေ၏။

သို့ရာတွင် အခြားသော သင်တန်းသားများကို အနှောင့်အယှက် မဖြစ်စေလို၍ ဒေါသကို ချုပ်ထားလိုက်ရ၏။

ဤကဲ့သို့ မကြာခဏ ဖြစ်ပွားခြင်းကို ဝမ်ကျောင်းရှိက သည်းညည်းခံလိုစိတ် ကုန်ခမ်းနေပြီ မဟုတ်ပါလား။



'ဝင်ခဲ့'

ဝမ်ကျောင်းအသံ မာဆတ်ဆတ် ထွက်ပေါ်လာ၏။

ရှောင်လန်းသည် အခန်းတွင်းသို့ ခပ်ကုပ်ကုပ် ဝင်လာလေသည်။

ထို့နောက် ဝမ်ကျောင်း၏ စားပွဲရှေ့တွင် ရပ်ကာ ဦးညွတ် အရိုအသေပြုလိုက်၏။

ဝမ်ကျောင်းက သူ့ကို စိုက်ကြည့်သည်။

သူသည် အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေး၏။

ချောမောသော လူငယ်လေးတစ်ဦး ဖြစ်၏။

ဝမ်ကျောင်းက ...

'ရှောင်လန်း၊ မင်း စာသင်ရတာ စိတ်ဝင်စားမှု မရှိဘူးလား'

ရှောင်လန်းက—

'မ... မဟုတ်ပါဘူးဆရာ'

ဝမ်ကျောင်းက....

'မင်း စာသင်နေတဲ့ အချိန်မှာ စာကို စိတ်မဝင်စားဘဲ ဘာတွေ အတွေးများနေသလဲ၊ ပြောစမ်း'

ရှောင်လန်း ခေါင်းငုံ့သွား၏။

ဝမ်ကျောင်းက—

'မှန်မှန်ပြောစမ်း၊ မင်း အဲဒီလိုဖြစ်နေတာ လေးငါးဆယ်ကြိမ် မကတော့ဘူး၊ မင်း ဘာဖြစ်နေသလဲ'

'ဘာမှ မဖြစ်ပါဘူး ဆရာ'

'ဝမ်ကျောင်း မဲ့လိုက်ပြီး....

'ဘာမှ မဖြစ်ဘူး ဟုတ်လား၊ မင်းကို ငါသတိပေးခဲ့တာ ဘယ်နှစ်ကြိမ် ရှိသွားပြီလဲ'

ရှောင်လန်း ခေါင်းပိုငုံ့သွား၏။

ဝမ်ကျောင်းက—

'မင်းကို ငါ ဒီအတိုင်းလွှတ်ထားလို့မဖြစ်ဘူး၊ မင်းကြောင့် ကျန်တဲ့ သင်တန်းသားတွေပါ စည်းကမ်းပျက်လာကြမယ်၊ ဒီတော့ မင်းဟာ အမတ်ကြီးနဲ့ တွေ့ဖို့ဖြင့်ထား၊ သင်တန်းဆက်နေခွင့်ရဖို့ မရဖို့ကတော့ အမတ်ကြီးကပဲ ဆုံးဖြတ်ပါလိမ့်မယ်'

ရှောင်လန်း၏မျက်နှာ ဖြူလျော်သွား၏။

သူသည် ဘာမျှ ပြန်မပြောပါ။

ခေါင်းငုံ့၍ ရပ်မြဲရပ်နေ၏။



ဝမ်ကျောင်း ကြည့်မရချင်တော့ပါ။

'သွား သွား—မနက်ဖြန်မှ မင်းနဲ့ငါ အမတ်ကြီးဆီကို သွားကြမယ်'

ရှောင်လန်း စောဒကတက်မနေပါ။

သူသည် ဝမ်ကျောင်းကို အရှိအသေပြုရင်း အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

ရှောင်လန်းသည် အိပ်ရာထက် လှဲချလိုက်၏။
'ရှူး'
သက်ပြင်းချလိုက်၏။
ထို့စဉ်—

'ရွှေဝင်လန်း....မင်းကို ဆရာဝမ်ကျောင်း တော်တော် သူ လွှတ်လိုက်ရဲ့လား'

ဟူသော မေးသံနှင့်အတူ အခန်းတွင်းသို့ လူငယ်တစ်ဦး ဝင်လာ၏။

ထိုလူငယ်ကား ရွှေဝင်လန်း၏ သူငယ်ချင်း ကွမ်ကျုံပန် ဖြစ်သည်။

ကွမ်ကျုံက ရွှေဝင်လန်း၏ ကုတင်အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ရွှေဝင်လန်းသူ....

'ဆူရှံမဟုတ်ဘူး၊ မနက်ဖြန် အမတ်ကြီးဆီသွားရမယ်'

'ဟာ'

ကွမ်ကျုံ ထိတ်လန့်သွား၏။

'ဒါ...ဒါဆိုမင်း'

'အေး...ငါ ဒီ သင်တန်းက ထုတ်ပယ်ခံရဖို့ သေချာသလောက်ပဲ'

ကွမ်ကျုံ စိတ်မကောင်းဖြစ်သွား၏။

သူတို့နှစ်ဦးသည် ဤသင်တန်းသို့ အတူတူ ရောက်ရှိခဲ့ပြီး ငယ်ပေါင်းများသဖွယ် ရင်းနှီးခဲ့ကြသည်မဟုတ်ပါလား။

ကွမ်ကျုံက—



'မင်း ဘယ်လိုဖြစ်တာလဲ၊ မင်း စာကို စိတ်မဝင်စားနိုင်လောက်အောင် ဘာပြဿနာတွေ ရှိနေသလဲ၊ ငါ့ကို ပြောစမ်းပါ'

ရွှေဝင်လန်းက....

'တခြားမဟုတ်ပါဘူး၊ ငါ မင်းကို ပြောပြဖူးတဲ့အလင်းဝေး ပြဿနာက ငါ့ကို လွှမ်းမိုးနေတာပါပဲကွာ'

ကွမ်ကျုံက....

'မင်းက စိတ်မစွဲသင့်တာ စိတ်စွဲနေတာကိုး၊ အိပ်မယ်ဆိုတာ တကယ်မှမဟုတ်တဲ၊ မင်းကဘာလို့ ခေါင်းခြောက်ခံရတာလဲ'

ရွှေဝင်လန်းက....

'အိပ်မက်တော့ အိပ်မက်ပဲ၊ ဒါပေမယ့် ငါ့ကိုမှ ဒီအိပ်မက်က ဘာလို့ မကြာခဏ မက်နေရတာလဲကွ'

'ဒါကတော့ မင်းက စွဲလန်းနေတာကိုး၊ ဒါကိုပဲ စွဲလန်းနေတော့ ဒီအိပ်မက်ပဲ ထပ်တလဲလဲ မက်နေတော့မှာပေါ့'

ရွှေဝင်လန်း ပါးစပ်ပိတ်သွား၏။

ကွမ်ကျုံက—

'အခုအတိုင်းဆိုရင် ညကလဲ အိပ်မက်မက်နေပြန်ပြီပေါ့'

ရှောင်လန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အဲ့ဒီအိပ်မက်မက်ပြီးတဲ့နေ့မှာ ငါ့စိတ်တွေဟာ ဘယ်လိုဖြစ်မှန်း မသိဘူး။ အဲဒီအိပ်မက်အကြောင်းကိုပဲ တွေးတောနေမိတာ'

'ဒါနဲ့ ဆရာစာသင်တာကို စိတ်မဝင်စား ဖြစ်ရတယ်ပေါ့၊ ဟုတ်လား'

'ဟုတ်တယ်ကွာ'

'မင်း ဒီအကြောင်း ဆရာဝမ်ကျောင်းကို ရှင်းမပြဘူးလား'

ရှောင်လန်းသည် ငြိမ်သက်သွားပြီးမှ ခေါင်းအသာ ခါယမ်းလိုက်၏။

'မရှင်းပြခဲ့ဘူး'

'မင်း မရှင်းပြတော့ ဆရာဝမ်ကျောင်းက မင်းကို ပိုပြီး အထင်လွဲမှာပေါ့'

'အေး...ရှင်းပြတော့လဲ ငါ့ကို အရူးလို့ထင်မှာပဲ၊ ဒီ... အကြောင်း ငါ ဘယ်သူ့ကိုမှမပြောပြခဲ့ဘူး၊ မင်းတစ်ယောက်



ည်းကိုသာ အခင်မင်ဆုံး သူငယ်ချင်းမို့ ဖွင့်ပြောပြခဲ့ာ'

ကွမ်ကျုံက....

'ခက်တာပဲ၊ မင်းအပြစ်တွေ များနေပြီ၊ ဒီတစ်ကြိမ် ဆရာမ်ကျောင်းက မင်းကို တော်တော် စိတ်ဆိုးသွားပုံရတယ်၊ င်းသာ သင်တန်းက အထုတ်ခံရရင် ဘယ်လိုလုပ်မလဲ'

ရှောင်လန်းက...

'ငါ ဘာတတ်နိုင်မှာလဲ'

'သူငယ်ချင်း ရှောင်လန်း၊ မင်း.... ဒီအကြောင်းတွေကို ါင်းထဲကရအောင် ဖျောက်ပစ်ပါလား၊ ဆရာဝမ်ကျောင်း ငါလဲ ကူညီတောင်းပန်ပေးပါ့မယ်'

'ငါလဲ မေ့ပစ်ချင်တာပေါ့၊ အရင်က တစ်လမှ တစ်ခါ သာက် ဒီအိပ်မက်က မက်ခဲ့တာ၊ အခု တစ်လမှာ နှစ်ခါ၊ ုံးခါလောက် မက်နေပြီ၊ ကြာရင် ငါ ရူးသွားမလား မသိ ူး....'

ကွမ်ကျုံတစ်ယောက် သက်ပြင်းအသာချလိုက်၏။

သူ၏သူငယ်ချင်းအား စိတ်မကောင်းစွာနှင့် ကြည့်လိုက်ည်။

စာပေပညာ ထူးချွန်သော သူ၏ သူငယ်ချင်း ရှောင်[illegible]
တစ်ယောက် ပညာတစ်ပိုင်းတစ်စနှင့် သန်တန်း ကျောင်[illegible]
ထုတ်ပယ်ခံရမည့် အရေးကိုတွေးကာ ဝမ်းနည်းမိ၏။

ရှောင်လန်းက....

'ကွမ်ကျုံ ငါနားချင်ပြီ'

ကွမ်ကျုံက အာမှုပြန်မပြောတော့ပါ။

သူငယ်ချင်းဖြစ်သူအား ဂရုဏာသက်သော မျက်လုံ[illegible]
ကြည့်ကာ အခန်းထဲမှ ထွက်လာခဲ့ရလေတော့သည်။

*　　*　　*

[illegible]....

ဝမ်ကျောင်းသည် နောက်တစ်နေ့ သင်ကြားရမည့် [illegible]
ခန်းစာများကို လေ့လာဖတ်ရှုနေလေသည်။

ထိုစဉ်....

'ဒေါက် ဒေါက် ဒေါက်'



တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ဝမ်ကျောင်းက စာအုပ်ကိုပိတ်လိုက်ပြီး—

'ဝင်လာခဲ့ပါ—တံခါးစေ့ထားတယ်'

တံခါးပွင့်သွားပြီး လူငယ်တစ်ယောက် ဝင်လာတာ ဝမ်
ကျောင်းကို ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

ဝမ်ကျောင်းက....

'ကွမ်ကျုံပါလား၊ ကဲ—ဟော့ ဘယ်စာတွေ မင်းအတွက်
[illegible]ခက်အခဲ ရှိနေသလဲ၊ ကျုပ်ဘာကို ရှင်းပြပေးရမလဲ'

သူက ပြုံး၍ မေးလိုက်၏။

ကွမ်ကျုံက—

'ဆရာ ကျွန်တော် စာမေးမလို့ လာရတာ မဟုတ်ပါ
[illegible]:'

'ဟော့....ဒါဖြင့် ဆိုစမ်း၊ ဘာကိစ္စရှိလို့လဲ၊ ကဲ-လာ ဒီမှာ
[illegible]င်'

ကွမ်ကျုံက ဝမ်ကျောင်း၏ ရှေ့တွင် ဝင်ထိုင်လိုက်ပြီး—

'ဆရာ... ရှောင်လန်းကိုအမတ်ကြီးထံပို့မယ် ဆို'

ဝမ်ကျောင်း သက်ပြင်းချလိုက်၏။

'သူဟာ စာကိုစိတ်ဝင်စား ခြင်းမရှိဘူး၊ ဒီနှစ်လအ
သူဟာ ဘာသာရပ်တိုင်းမှာ အမှတ်နည်းလွန်းတယ်၊ အ
ထဲမှာလဲ ဝေးတိဝေးဝိုင်နဲ့၊ သူ့ကြောင့် ကျုပ်လဲ အ
အယှက်ဖြစ်ရတယ်၊ သူ့ကို ကျုပ်သတိပေးခဲ့တာ သုံးကြ
ပြီ၊ သူ နားမထောင်ခဲ့ဘူး၊ သူ့ကို အရေးမယူရင် တ
သင်တန်းသားတွေလဲ စည်းကမ်းပျက်လာကြလိမ့်မယ်'

ရှောင်လန်း....

'သူ့အတွက် ကျွန်တော်တောင်းပန်ပါရစေဆရာ'

ဝမ်ကျောင်းက ပြုံး၏။

'ရှောင်လန်းဟာ မင်းရဲ့သူငယ်ချင်း၊ သူ့အတွက်
စိုးရိမ်နေတာလဲ နားလည်ပါတယ်၊ ဒါပေမယ့်....သူ
ကျောင်းထုတ်ခံရမယ့် ပြစ်ဒဏ်အတွက် တုန်လှုပ်မှု မရှိ
ဘဲ၊ ဒါကြောင့် သူ့ကို အမတ်ကြီးဆီပို့ဖို့ ဆုံးဖြတ်ထားပြီး
ပြီ'

ရှောင်လန်းက....



'ဆရာ သူဟာ....'

ဝမ်ကျောင်းက....

'ရှောင်လန်းဟာ ပြည့်စုံတဲ့လူပါ၊ သူ့မိဘတွေဟာ လုယန်မှာ နေကြတယ်၊ ကျုပ်နဲ့လဲ သိကျွမ်းပါတယ်၊ သူဟာ ငွေကြေးအတွက် ဒေါသကရောက်စရာမရှိဘူး၊ အဲ....တစ်ခုတော့ ကျုပ်လဲသိချင်တယ်၊ သူဟာ ဒီသင်တန်းကျောင်းကို ရောက်စကနေ လွန်ခဲ့တဲ့ ငါးလလောက်အထိ အထူးချွန်ဆုံး တပည့်တစ်ယောက်ပဲ၊ သူဟာ မင်းမှုထမ်း စာမေးပွဲမှာ ပထမအဆင့်ရအောင်ဖြေနိုင်မယ့် သူတစ်ယောက်လို့လဲ ကျုပ်မျှော်လင့်ထားခဲ့တာ'

ကွမ်ကျုံက ငြိမ်၍နားထောင်နေသည်။

ဝမ်ကျောင်းက စကားဆက်သည်။

'ဒါပေမယ့် လွန်ခဲ့တဲ့ ငါးလလောက်ကစပြီး သူဟာ စာသင်ကြားမှုအပေါ် စိတ်ဝင်စားမှုနည်းလာတယ်၊ ငိုင်နေတယ်၊ တွေးနေတယ်၊ သူ့မှာ ဘာပြဿနာရှိသလဲ၊ အဲဒါကို ကျုပ်သိချင်တာ'

ကွမ်ကျုံက....

'သူ့ရဲ့ပြဿနာကိုသိရရင် သူ့ကို ဆရာအမတ်ကြီးထံ ပို့မယ့်ကိစ္စကို ပြန်ပြီး စဉ်းစားပေးနိုင်မလားဆရာ'

ဟု သေးတိုးစမ်းလိုက်၏။

ဝမ်ကျောင်းက ပြုံးလိုက်ပြီး....

'မရှောင်လန်းလို ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မဆုံးရှုံးချင်ပါဘူး၊ သူ့ရဲ့ပြဿနာကိုသိရမယ်၊ ကူညီဖြေရှင်းပေးနိုင်ရင် ကူညီဖြေရှင်းပေးမယ်၊ အဓိကကတော့ သူဟာ စာမှာ ထူးချွန်နေလို့ပဲ'

ကွမ်ကျုံ ဝမ်းသာသွား၏။

'ဒီပြဿနာကို ကျွန်တော်ပြောပြမယ်ဆရာ၊ ရှောင်လန်းက ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကျွန်တော့်ဆီက ကတိတောင်းထားတယ်၊ ဒါပေမယ့်....သူ့ဘဝအတွက် ဒီကတိကို ကျွန်တော် မတည်နိုင်တော့ဘူး၊ ဆရာ့ကို ကျွန်တော် ပြောပြပါမယ်'

ဝမ်ကျောင်း စိတ်စပ်စွာ သွား၏။

'ရှောင်လန်းမှာ ဘာပြဿနာရှိနေတာလဲ၊ အချစ်ရေးလား'



'မဟုတ်ပါဘူး၊ ကျွန်တော် ပြောပြပြီးတဲ့အခါမှာ ဆရာက သူ့ကို စိတ်မမှန်တဲ့လူတစ်ယောက်လို့ မသင်ဖို့တော့ ကြိုတင် တောင်းပန်ထားပါရစေ'

ဝမ်ကျောင်းသည် ပဟေဠိဆန်လှသော ကွမ်ကျုံစကားကြောင့် ရှောင်လန် ပြဿနာကို ပို၍ပို၍ စိတ်ဝင်စားသွားသည်။

'ကဲ—ပြော၊ ကျုပ်က ဒီကိစ္စတွေကို မဖြေရှင်းနိုင်ရင်လဲ ဘယ်သူမှ မသိစေရဘူးလို့ ကတိပြုပါတယ်'

'ကျေးဇူးတင်ပါတယ်ဆရာ၊ အဖြစ်အပျက်ကတော့ ဒီလိုပါ'

ကွမ်ကျုံက သူသိထားသမျှကို ပြန်လည် ဖောက်သည်ချလိုက်သည်။

*

'ရှောင်လန်း'

ကွမ်ကျုံက အသံပြုရင်း အခန်းထဲ လှမ်းဝင်လိုက်၏။

အခန်းထဲတွင် ရွှေခင်လန်း၏ပုံကို တွေ့လိုက်ရသောအခါ ကွမ်ကျုံ အံ့အားသင့်သွားတော့သည်။

ရွှေခင်လန်းသည် ဖျတ်လတ်တက်ကြွသော လူငယ်တစ်ဦး ဖြစ်၏။

ယခုမူ ခေါင်းတစ်ခုလုံး ရှုပ်ပွလျက် ခုတင်ပေါ်တွင် ငူငူ ကြီး ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'ရွှေခင်လန်း၊ မင်း ဘာဖြစ်နေတာလဲ'

သူက ရွှေခင်လန်း၏ ပခုံးကိုပုတ်၍ မေးလိုက်တော့မှ ရွှေခင်လန်းသည် သတိစင်လာ၏။

'ဩော်....ကွမ်ကျုံပါလား'

ကွမ်ကျုံက....

ရွှေခင်သန်း၊ မင်း ဘာဖြစ်နေသလဲ၊ နေမကောင်းဘူး လား'

'နေကောင်းပါတယ်ကွာ'

'ဒါဆို အဝတ်အစားလဲလေကွာ၊ ဘင်တန်းတက်တော့ မယ်'



ရွှေခင်လန်းက လေးပင်းစွာထရင်း အဝတ်အစားလဲနေ သည်။

ကွမ်ကျုံအာ

'ရွှေခင်လန်း၊ မင်းတစ်ခုခုဖြစ်နေတယ်လို့ ငါထင်တယ်၊ ဘာဖြစ်သလဲဆိုတာ ငါ့ကို ပြောပါလား'

ရွှေခင်လန်းက အသက်မပါစွာပြုံးလိုက်ပြီ ....

'ဘာမှ မဖြစ်ပါဘူး'

ကွမ်ကျုံက...

'မင်းကသာ ဘာမှမဖြစ်တယ်၊ ဟိုတလောကလဲ စာသင် ခန်းထဲမှာ ငေးနေလို့ ဆရာဝမ်ကျောင်း ဆူသေးတယ် မဟုတ်လား'

ရွှေခင်လန်း၊ သက်ပြင်းချလိုက်၏။

ကွမ်ကျုံက ...

'မင်းနဲ့ငါ အရင်းနှီးဆုံး သူငယ်ချင်းတွေပဲ၊ မင်းဘာဖြစ် နေသလဲဆိုတာ ငါ့ကိုတော့ ပြောပြသင့်တာပေါ့'

ရွှေခင်လန်းက....

'မင်းက ငါ့ကို အရှုံးလို့ထင်မှာ'

'မသင်ပါဘူးကွာ'

ထိုစဉ် သံချောင်းခေါက်သံကိုကြားလိုက်ရသည်။

ကွမ်ကျုံက....

'ဟာ ... သင်တန်းတက်ချိန်ရောက်ပြီ'

ရှောင်လန်းက....

'ညဘက် ငါ့အခန်းလာခဲ့ကွာ၊ ငါပြောပြမယ်'

'မင်းဘာကယ်ပြောတာနော်'

'တကယ်ပါ'

သူတို့နှစ်ဦးသည် စကားဆက်မနေနိုင်တော့ပါ။

စာသင်ခန်းမဆီသို့ အပြေးတစ်ပိုင်းနှင့် သွားလိုက်ကြလေတော့သည်။

* * *

ည....

လပြည့်ကျော်ဘစ်ရက်ဖြစ်၏။



ထို့ကြောင့် လက ထိန်ထိန်သာနေ၏။

လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးကျနေသည်။

ကွမ်ကျုံသည် ရှောင်လန်းအား စိုက်ကြည့်နေ၏။

ရှောင်လန်းမှာမူ ပြတင်းပေါက်တွင် လက်ထောက်ကာ ကောင်းကင်ပေါ်မှ လမင်းကြီးကို ငေးမော ကြည့်ရှုနေ၏။

ကွမ်ကျုံက—

'ရှောင်လန်း ပြောလေကွာ'

ဟု လောဆော်လိုက်သည်၊

ရှောင်လန်းက ပြတင်းပေါက်မှ ဖယ်ခွာလျက် ကုလားထိုင်ဆီပြန်လျှောက်လာပြီး ထိုင်ချလိုက်၏။

'အင်း....ငါ့အဖြစ်အပျက်က ဘယ်လို ပြောရမှန်းတောင်မသိဘူး'

ကွမ်ကျုံက....

'ပြောတတ်သလိုသာ ပြောကွာ'

ရှောင်လန်းက ...

‘ငါဒီအကြောင်းကို တစ်ယောက်ယောက်ကို ပြောပြချင်တာ ကြာခဲ့ပြီ၊ ဒါပေမယ့် ငါ့စကားကို ပြက်ရယ်ပြုမှာစိုးလို့ ငါဘယ်သူ့ကိုမှ မပြောပြဘဲ နေခဲ့တာ’

ကွမ်ကျုံက—

‘ငါ ပြက်ရယ်မပြုပါဘူး၊ အလေ အနက် နားထောင်ပါ့မယ်’

ရှောင်လန်းက....

‘ဒီလိုကွ၊ ငါလွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး အိပ်မက်မက်ခဲ့တယ်’

ကွမ်ကျုံက—

‘လူတွေဟာ မကြာခဏ အိပ်မက် မက်တတ်ကြပါတယ်၊ ဒါဟာ ဘာများ ထူးဆန်းလို့လဲ’

‘ထူးဆန်းတာက ငါဟာ အိပ်မက် တစ်ခုထဲကိုပဲ ထပ်တလဲလဲ မက်နေတာကွ’

ကွမ်ကျုံက မျက်မှောင်ကုပ်သွားသည်။

‘အိပ်မက်တစ်ခုထဲ ဟုတ်လား’



‘ဟုတ်တယ်၊ အဲ့ဒီ အိပ်မက်တစ်ခုကို ငါလတိုင်းမက်တယ်’

‘ဘယ်လို—’

‘လပြည့်ညတိုင်း ငါဟာ ဒီအိပ်မက်တစ်ခုကိုပဲ မက်နေတာကွ၊ ကြာတော့ ငါ့အတော်ကို စိတ်အနှောင့်အယှက်ဖြစ်ရတယ်၊ ဒါဟာ တကယ့်ဖြစ်ရပ်ပဲလားလို့လဲ ထင်မြင်လာတယ်’

သူက စိတ်ဝင်စားသွားသည်။

‘ပြောစမ်းပါဦး မင်းအိပ်မက်ကို’

ရှောင်လန်းက....

‘ငါဟာ တောင်တန်းတစ်ခုကို ရောက်သွားတယ်၊ အဲဒီ တောင်တန်းမှာ အလွန်လှပတဲ့ မိန်းကလေးနဲ့ တွေ့တယ်’

သူက ပြုံးလိုက်၏။

ရှောင်လန်းက....

‘မင်း ဘာပြုံးတာလဲ’

‘ဪ....အလွန်လှတဲ့ မိန်းကလေးတစ်ယောက် မို့လို့ပါ’

‘ငါတကယ်ပြောနေတာ၊ သူက ငါ့ကို စောင့်နေတာတဲ့၊ ငါနဲ့သူဟာ ဓားတစ်လက်ကို သွားယူရမယ်တဲ့—’

'ဓားတစ်လက် ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီမိန်းကလေးက ငါ့ကို သွားယူရမယ့် ဓားပုံစံ ပန်းချီကားကို ပြတယ်၊ အဲဒီ ဓားအကြောင်းလဲ ပြောပြတယ်၊ ဓားဟာ တစ်ပေခွဲလောက် ရှည်တယ်၊ ဓားက နေအလင်းရောင်တွေ ဖြာထွက်နေတာ ကိုက်ဘစ်ရာ အက္ခရာ အဝေး အထိပဲကွ'

ကွမ်ကျုံက ပြုံး၍သာ နေ၏။

ရှောင်လန်းက ဆက်ပြောလိုက်၏။

'ဒါ ပထမဆုံးအိပ်မက်ပဲ နောက်အိပ်မက်တွေလဲ ဒီအတိုင်းပဲ၊ ဒါပေမယ့် တစ်ခုပိုလာတာ အဲဒီမိန်းကလေးက ငါ့ကို ဘယ်တော့လာမှာလဲတဲ့၊ သူနဲ့ ဓားသွားယူဖို့ သူစောင့်နေတယ်တဲ့၊ အိပ်မက်ထဲမှာ ငါ့ကို လာဖို့ အမြဲတန်း ပြောနေတယ် ညက အိပ်မက်ထဲမှာဆိုရင် ဓားသွားယူဖို့ အချိန်ကျရောက်နေပြီ၊ သူ့ဆီကို အမြန်ဆုံး လာပါတဲ့၊ ကွမ်ကျုံ ငါဘာလုပ်ရမှာလဲ၊ ငါ့ကို ပြောစမ်းပါဦး'

ကွမ်ကျုံက....

'အိပ်မက်ပဲကွာ၊ ဘာလုပ်လို့ရမှာလဲ'



'မဟုတ်သေးဘူးကွ၊ သူက ငါ့ကို အမြန်ဆုံးလာခဲ့ဖို့သာ တောင်းပန်နေတယ်၊ သူ့ မျက်ရည်ကျတော့မယ်၊ သူ့မျက်ရည်ကျတာ ငါမမြင်ချင်ဘူး'

'မင်းကလဲကွာ...ဒါဟာ တကယ်မှမဟုတ်တာ၊ အိပ်မက်ပဲကွာ၊ မင်းက စွဲလန်း စရာမဟုတ်တဲ့ ကြံဖန်စွဲလန်းနေတာကို၊ မေ့ပစ်လိုက်စမ်းပါ၊ စိတ်ထဲက ဖျောက်ပစ်လိုက်၊ ဒါဆို ဘာမှ စဉ်းစားနေစရာ မလိုအပ်ဘူး'

ရှောင်လန်း သက်ပြင်းချသည်။

'ငါ မေ့ပစ်ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ အိပ်မက်ဟာ အိပ်မက်ပဲ၊ ဒါကို မင်း နားလည်ထားပါ၊ ဒီအိပ်မက်အတွက် ဘာကြောင့် စိတ်ရှုပ်နေရမှာလဲ'

'ဟုတ်တယ်၊ ငါ မေ့ပစ်ရမယ်'

သူသည် မေ့ပစ်ရမည်ဟု ပြောလိုက်သော်လည်း ထိုအိပ်မက်ကို ဘယ်လိုမှ မမေ့နိုင်ကြောင်း သူ့ကိုယ်သူ သိနေမိလေသည်။

လွင်စာပေ
စာမူအမှတ် ၁၅/၁၃၈၊
ဖုန်း ၂၁၇၇၇

ကွမ်ကျုံက....

'သူ့ပြဿနာကတော့ ဒါပါပဲ ဆရာ၊ သူဟာ အိပ်မ
မက်ပြီးနောက်တစ်နေ့ဆိုရင် သူ့စိတ်ထဲမှာအိပ်မက်အကြောင်
ပဲ ကြီးစိုးနေတယ်၊ တခြား ဘာကိုမှ သူ စိတ်ဝင်စားလို့မ
အောင် ဖြစ်နေတယ်'

ဝမ်ကျောင်း ခေါင်းတဆတ်ဆတ် ညိတ်ပြီး....

'သူက အစွဲအလမ်းကြီးလွန်းတဲ့ သဘောပေါ့'

ကွမ်ကျုံက—

'ကျွန်တော်လဲ မပြောတတ်တော့ဘူး ဆရာဝမ်၊ သူဟာ
အဲဒီအိပ်မက်ကြောင့်သာ အခုလို ပြဿနာတွေ တက်နေ
တာပါ'

'အင်း....အနာသိရင် ဆေးရှိရမှာပေါ့၊ ကျုပ် သူ့
အမတ်ကြီးဆီ မပို့တော့ပါဘူး၊ သူ့ရဲ့ စွဲလန်းမှု ပြဿနာ
ကြိုးစားဖြေရှင်းကြည့်မယ်'

ကွမ်ကျုံ ဝမ်းသာသွား၏။

'ဟာ—ဝမ်းသာလိုက်တာ ဆရာ၊ ကျေးဇူး အထူးတင်
တယ်'



သူက ဝမ်ကျောင်းကို ဦးအကြိမ်ကြိမ် ညွှတ်လိုက်၏။
ဝမ်ကျောင်းက ...
'ကဲ ကဲ .. မင်း ပြန်နိုင်ပါပြီ၊ ကျုပ် မနက်ကျမှ ရှောင်
လန်းရဲ့ စကားပြောကြည့်ပါဦးမယ်'
ကွမ်ကျုံက ဝမ်ကျောင်းကို နှုတ်ဆက်ကာ အခန်းတွင်းမှ
ပေါ့ပါးစွာ ထွက်လာခဲ့သည်။
ရှောင်လန်းအတွက် သူ တတ်နိုင်သလောက် ကူညီခဲ့ပြီးပြီ
မဟုတ်ပါလား။

* * *

ယနေ့....

ယနေ့ အားလပ်ရက် ဖြစ်သည်။

သင်တန်းသားများ ပျော်ရွှင်နေကြသည်။

ရှောင်လန်းမှာမူ မပျော်နိုင်ပါ။

သူသည် ယနေ့ ဆရာဝမ်ကျောင်းနှင့်အတူ အမှတ်ကြီးထံ လိုက်သွားရပေမည်၊ သူ၏အကြောင်းကို အမှတ်ကြီး ကြားနာပြီး ပြစ်ဒဏ်ချမှတ်ပေမည်။

သူ့အတွက် ပြစ်ဒဏ်ကား သင်တန်းကျောင်းမှ ထုတ်ပယ်ခြင်းက လွဲ၍ အခြားမရှိတော့ပြီ။

ရွှေခင်လန်းသည် သင်တန်းမှ မထုတ်ပယ်မီ မိမိက အရင် ထွက်သွားမည်ဟု စိတ်ကူးလိုက်၏။

သူ၏ စာအုပ်စာတမ်းများကို ကွမ်ကျုံကိုပေးရန်ဟု ရေးသားလိုက်ပြီး အဝတ်အစား အနည်းငယ်ကိုထည့်ကာ အခန်းထဲမှ ထွက်လာခဲ့၏။

မည်သူမှ သူ့ကို သတိမထားမိကြပါ။

ရွှေခင်လန်းသည် သင်တန်းကျောင်း အပြင်ဘက်သို့ရောက်လာခဲ့၏။

အနှောင့်အယှက် ကင်းမဲ့စွာဖြင့် သင်တန်းကျောင်းအပြင်ဘက်ကို ထွက်လာနိုင်ခဲ့၏။

သို့သော်....



သူ ဝမ်းမသာလိုက်နိုင်ပါ။

သူသည် ဆရာဝမ်ကျောင်းနှင့် မျက်နှာချင်းဆိုင် တိုးမိသွားသည် မဟုတ်ပါလား။

သူ မျက်နှာ ကွက်ကနဲ ပျက်သွား၏။

သူ ရှောင်တိမ်း ရန် အချိန်မရတော့ပါ။

ဝမ်ကျောင်းက...

'ရွှေခင်လန်း—ခင်း ဘယ်သွားမလို့'

'ဟို....ဟို....'

သူ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေ၏။

ဝမ်ကျောင်းက ပြုံးပြီး....

'မင်း သင်တန်းကျောင်းကို စွန့်ခွာသွားတော့မလို့လား'

သူက ခေါင်းငုံ့သွားသည်။

ဝမ်ကျောင်းက သူ၏ပခုံးကို ရင်းနှီးနွေးထွေးစွာ သိုင်းဖက်လိုက်ပြီး...

'ယောကျ်ားကောင်းတစ်ယောက်ဟာ ပြဿနာကို ရင်ဆိုင်ရဲရတယ်၊ ရှောင်တိမ်းထွက်ပြေးတာမျိုး မလုပ်ရဘူးကွ'

ရှောင်လန်းက—

'ကျွန်…ကျွန်တော်….'

ဝမ်ကျောင်းက—

'ကျုပ် နားလည်ပါတယ်၊ ကဲ….လာ၊ မင်း မနက်စာဘာမှ မစားရသေးဘူး မဟုတ်လား၊ ကျုပ်တို့ တစ်ခုခုသွားစားကြတာပေါ့'

'ဆ…ဆရာ'

'လာပါကွာ'

ရှောင်လန်းသည် ဝမ်ကျောင်း ခေါ်သွားရာနောက်သို့ မငြင်းဆန်ဝံ့ဘဲ လိုက်ပါသွားရလေတော့သည်။

ဝမ်ကျောင်းက စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားပြီး သီးသန့်ခန်းတစ်ခန်း ယူကာ အစားအသောက်များများမှာယူပြီး ရှောင်လန်းအား ကျွေးမွေးလိုက်၏။

ရှောင်လန်းမှာ ဝမ်ကျောင်း၏ ရင်းနှီးသော အပြုအမူကြောင့် အနည်းငယ် စိတ်သက်သာရာရမိလေသည်။



စောစောကလောက် ကြောက်စိတ်များလည်း မရှိတော့ပါ။

ဝမ်ကျောင်းက….

'ကျုပ်ကို ဆရာတစ်ဦးထက် ညီအစ်ကိုတစ်ယောက်လို သဘောထားနိုင်မလား'

ဝမ်ကျောင်းထံမှ မမျှော်လင့်သော စကားကိုကြားလိုက်ရသောကြောင့် ရှောင်လင်းမှာ အံ့အားသင့်သွားမိလေသည်။

ဝမ်ကျောင်းက ပြုံးလျက်….

'ဘယ်လိုလဲ'

ရှောင်လန်းက….

'ရ…ပါတယ် ဆရာ'

ဝမ်ကျောင်းက ရယ်မောလိုက်ပြီး….

'ကျုပ်တို့ သင်တန်းမှာ မင်းဟာ ထူးချွန်တဲ့ သင်တန်းသားတစ်ယောက်ဖြစ်တယ်၊ မင်းကိုအားထားတာလဲ အမှန်ပဲ၊ ဒါပေမယ့် အခု သင်တန်းဆင်းခါနီး နှစ်လလောက်ကျမှ မင်းက စာကို စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေတော့ ကျုပ်လဲ ဒေါသ

ထွက်ပြီး ဆူပူခဲ့တာပါ၊ ဒါဟာတဲ့ မင်းကို ကရုဏာဒေါသနဲ့ ဆူပူမိတာပါ'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်'

'အေး...ပထမတော့ မင်းကို အမတ်ကြီးထံ ပို့ပြီးတော့ အဖြစ်ကို တင်ပြဖို့ပဲ၊ ဒါပေမယ့် ကျုပ် စိတ်ပြောင်းသွားပါပြီ'

'ခင်ဗျာ...'

'ဟုတ်တယ်၊ ကျုပ်က မင်းကို ကူညီမယ်၊ မင်းရဲ့ အခက်အခဲမှန်သမျှကို ကူညီဖြေရှင်းပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်'

ရှောင်လန်းက သက်ပြင်းချလိုက်ပြီး....

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မှာ ဘာအခက်အခဲမှ မရှိပါဘူး'

ဝမ်ကျောင်းက....

'ရှောင်လန်း...မင်းက မလိမ်တတ်တဲ့ လူငယ်တစ်ယောက်ပါ၊ မင်းရဲ့မျက်နှာက လိမ်ညာပြောလို့မရဘူး'



ရှောင်လန်း ခေါင်းငုံ့သွား၏။

ဝမ်ကျောင်းက...

'မင်းရဲ့ စွဲလမ်းမှု၊ အေး...မင်းရဲ့ အိပ်မက်ပေါ့လေ'

'ဗျာ....'

ရှောင်လန်း အံ့အားသင့်သွား၏။

ဝမ်ကျောင်းက သဘောကျစွာ ပြုံးလိုက်ပြီး

'ဘာလဲ၊ မင်းရဲ့ အိပ်မက်ဆိုလို့ အံ့သြသွားသလား'

ရှောင်လန်းက ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်ကဲ့၊ ဆရာ ဘယ်လိုသိတာလဲ'

ဝမ်ကျောင်းက ...

'ကျုပ်က မင်းတို့ရဲ့ ဆရာလေ၊ မင်းတို့မှာ ဘာပြဿနာ ရှိတယ်ဆိုတာ သိနေရမှာပေါ့'

ရှောင်လန်းက အံ့အားသင့်နေပြီ။

'ဆ....ဆရာကို....ကွမ်းကျုံး'

ဝမ်ကျောင်းက လက်ကာပြလိုက်ပြီး....

'ဒါတွေ ထားလိုက်ပါကွာ၊ ကဲ.... မင်းရဲ့ အိပ်မက် အကြောင်းကို ကျုပ်ကို သေသေချာချာပြောပြပါဦး'

ရှောင်လင်းက သူ၏ အိပ်မက်များကို ပြောပြလိုက်၏။

ဝမ်ကျောင်းက ဂရုတစိုက်နားထောင်းရင်းမှ ရှောင်လန်း၏ မျက်နှာထားကို အကဲခတ်ကြည့်ရှုလိုက်သည်။

ရှောင်လင်းသည် သူ၏အိပ်မက်ကို အလွန်စွဲလမ်းရုံမက တကယ့်ဖြစ်ရပ်တစ်ခုဟုပင် သက်ဝင် ယုံကြည်နေကြောင်းကို အကဲခတ်လိုက်မိလေသည်။

ရှောင်လန်းက....

'အရင်ကဆိုရင် လတိုင်း လပြည့်နေ့ညမှာ မက်ပါတယ်၊ အခု နှစ်လအတွင်းမှာ လပြည့်နေ့မှာ မဟုတ်တော့ပါဘူး၊ တစ်ပတ် နှစ်ကြိမ် သုံးကြိမ်မက မက်လာခဲ့တယ်၊ အိပ်မက်ထဲက မိန်းကလေး ကလဲ ကျွန်တော့်ကို အမြန်လာဖို့ တောင်းပန်နေတာ၊ သူ အရေးကြီးနေပြီတဲ့.

ဝမ်ကျောင်းက....

'အေး...ဒီအိပ်မက်ဟာ အိပ်မက်ရိုးရိုး မဟုတ်ဘဲ တစ်စုံတစ်ယောက်ရဲ့ နိမိတ်လို့ မင်းက ယူဆနေတယ်မဟုတ်လား'

ရှောင်လန်းက ခေါင်းကိုသွက်လက်စွာ ညိတ်လိုက်၏။



'ဟုတ်... ဟုတ်ကဲ့ဆရာ'

'ကဲ... မင်း အယူအဆကိုပြောပါဦး'

'ဒီလိုပါဆရာ၊ စာပေကျမ်းဂန်တွေထဲမှာလဲ ဖတ်ရှုဖူးပါတယ်၊ တစ်စုံတစ်ဦးဟာ တခြားတစ်နေရာက စိတ်နဲ့ ဆက်သွယ်မှုကို လက်ခံရရှိတဲ့ ဖြစ်ရပ်ဆန်းတွေ ရှိခဲ့ဖူးတယ်'

ဝမ်ကျောင်းက....

'ကောင်းပြီ၊ အခုလဲ ဒီ အိပ်မက်ထဲက မိန်းကလေးဟာ လောကကြီးရဲ့ တစ်နေရာရာမှာ တကယ်ရှိတယ်လို့ မင်း ယုံကြည်တယ်ပေါ့'

'ဟုတ်ကဲ့'

'အဲဒီမိန်းကလေးဟာ မင်းရဲ့အကူအညီကို အလွန်လိုအပ်နေတယ်'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်ရဲ့အကူအညီကိုသူအလွန်လိုအပ်နေပါတယ်၊ ဒါကြောင့်လဲ သူက အိပ်မက်ထဲမှာကျွန်တော့်ကို အနူးအညွတ် တောင်းပန်နေတာပေါ့'

ဝမ်ကျောင်းက....

'မင်းကလဲ သူ့ကို ဘယ်လို ကူညီရမယ်ဆိုတာ အမြဲတ တွေးတောနေတယ် ဟုတ်လား'

ရှောင်လန်းက ခေါင်းညိတ်ဝန်ခံလိုက်၏။

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်လဲ သူ့ကို အကူအညီ ပေးချင်တယ်၊ ဘယ်လိုကူညီရမယ် ဆိုတာလဲ စဉ်းစားလို့ကို မရဘူး၊ ဒီအကြောင်းက ခေါင်းထဲဝင်နေတော့ ဘာကိုမှ စဉ်းစား စိတ်ဝင်စားမှု မရှိသလို ဖြစ်နေခဲ့တာပါ'

ဝမ်ကျောင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ရှောင်လန်းသည် အိပ်မက်ကို စွဲလန်းမှု လွန်ကျူးနေ သာ ဖြစ်၏။

သူ့အား ထိုအိပ်မက်ကို မစွဲလန်းဖို့ ဖျောင်းဖျ၍လည်း ရမည့်အနေအထား မရှိသည်ကို သူတွေ့ရ၏။

ဘာလုပ်သင့်သနည်း။

ဝမ်ကျောင်း အကြံထုတ်လိုက်၏။

ခဏကြာမှ...

'မင်းပြောတဲ့ အဖြစ်အပျက်မျိုးဟာ အလွန် ထူးခြာတဲ့ အဖြစ်အပျက်ပဲ၊ ကျုပ် မင်းပြောတာကို ယုံကြည်ပါတယ်၊ ကျုပ် မင်းကို အကြံတစ်ခုလောက် ပေးချင်တယ်၊ မင်း လက်ခံနိုင်မလား မသိဘူး'



ဟု ပြောလိုက်၏။

ရှောင်လန်းက....

'ဟုတ်ကဲ့ ပြောပါဆရာ'

ဝမ်ကျောင်းက....

'ဒီအိပ်မက်ဟာ တစ်ချိန်ချိန်မှာ တကယ်ကို ဖြစ်လာလိမ့်မယ်လို့ ကျုပ်လဲထင်မိတယ်'

ရှောင်လန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဝမ်ကျောင်းက သူ့အား အိပ်မက်ကို မေ့ပျောက်ပစ်ရန် အကြံပေးလိမ့်မည်ဟုသာ သူထင်ခဲ့၏။

ယခု ဝမ်ကျောင်းကပါ သူ၏ အထင် ယူဆချက် တို့ကို ထောက်ခံနေ၏။

ရှောင်လန်း ဝမ်းသာသွား၏။

'ဟုတ်တယ်၊ ကျွန်တော်လဲ ဒီအိပ်မက်ထဲကအတိုင်း တစ်ချိန်ချိန်မှာ တကယ်ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်'

ဝမ်ကျောင်းက...

'ဒီတော့ ကျုပ် မင်းနေရာက စဉ်းစားကြည့်တယ်၊ အခု ကိစ္စ ဘယ်လိုလုပ်မလဲ၊ အကူအညီပေးချင်တယ်၊ ဘယ် လို

ပေးရမလဲ၊ သူက ဘာကိစ္စကြောင့် အကူအညီ တောင်းရ
သလဲ၊ ဟုတ်လား .. ဒါတွေ ရှင်းရှင်းလင်းလင်း မသိရ
သမျှ သူတောင်းတဲ့အကူအညီကို ကိုယ်က ပေးချင်ပေမဲ့
ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ဘူး'

ရှောင်လန်က....

'ဆရာပြောတာ မှန်ပါတယ်'

ဝမ်ကျောင်းက....

'ဒီအိပ်မက်ဟာ တကယ်ဖြစ်လာနိုင်မယ်ဆိုရင် တစ်စ
တစ်စ မင်းကို ရှင်းရှင်း လင်းလင်း အသိပေးလာလိမ့်
ကွ...'

ရှောင်လန်း၏ မျက်လုံး များ ဝင်းလက်သွား၏၊

သူသည် ဝမ်ကျောင်း ပြောလာမည့် စကားကို ငံ့
နေ၏။

ဝမ်ကျောင်းက ဆက်ပြောလိုက်၏။

'ဒီတော့ အဲဒီလိုသိလာတဲ့အချိန်အထိ စိတ်ရှည် လက်
စောင့်ဆိုင်းရမယ်၊ ကျုပ်ပြောတာ ဟုတ်လား'



'ဟုတ်ပါတယ်ဆရာ'

'အကောင်းဆုံးက အချိန်ကိုစောင့်ပါ၊ စိတ်ရှည်ပါ'

'ကျွန်တော် နားလည်ပါတယ်ဆရာ'

ဝမ်ကျော ်းက....

'ကျုပ် အကြံပေးချင်တာကဒီကိစ္စတွေဖြစ်လာမယ့် အချိန်
ကို စောင့်ရင်း စာကိုလဲ အရင်လို တက်တက်ကြွကြွသင်ယူ
ပါ၊ မင်းစဉ်းစားလို့ အဖြေရမှာ မဟုတ်သေးဘူး၊ အိပ်မက်
က ပြောပြလာတဲ့အထိ စောင့်ကြတာပေါ့'

ရှောင်လန်းက....

'ဟုတ်ကဲ့....ဆရာပြောတာကို ကျွန်တော် နားထောင်ပါ့
မယ်'

'အေး....တစ်ခုခုထူးခြားရင် ကျုပ်ကိုအရင်ဆုံးလာပြော၊
ကျုပ်လဲ ဒီကိစ္စ အတော်လေး စိတ်ဝင်စားနေပြီ'

ရှောင်လန်း ဝမ်းသာသွား၏။

'ဟုတ်ကဲ့ဆရာ၊ ဒီကနေ့ကစပြီး ကျွန်တော် စာကို ကြိုး
ကြိုးစားစား သင်ပါ့မယ်၊ တစ်ခုခုထူးခြားရင်လဲ ဆရာ့ကို

အသိပေးပါမယ်၊ အဲဒီအခါ ဆရာက ကျွန်တော့်ကို အကူအညီပေးပါနော်'

ဇမ်ကျောင်းက ...

'စိတ်ချ မင်းအကူအညီလိုအပ်ရင် ကျုပ်က အချိန်မရွေး ကူညီမယ်လို့ ကတိပေးပါတယ်၊ မင်းဘက်ကသာ စာသင်ချိန် နှစ်လလောက်အတွင်းမှာ စာကိုကြိုးစားသင်ရမယ်'

'ဟုတ်ကဲ့ဆရာ'

ဇမ်ကျောင်းသည် ရှောင်လန်း မသိအောင် သက်ပြင်းချလိုက်၏။

သူသည် ရှောင်လန်း၏ အိပ်မက် တကယ် ဖြစ်လာမည်ဟု မယုံကြည်ပါ။

အိပ်မက်သည် အိပ်မက်သာဖြစ်၏။

သို့သော် ရှောင်လန်းအား ဆွဲဆောင် စည်းရုံးလိုသောကြောင့် အလိုက်အတိုက်ပြောကာ သူလိုရာ ဆွဲ ဆောင်ခဲ့ခြင်း ဖြစ်၏။

ယခု ရှောင်လန်းက သူ့ကို အားတိုးလာခဲ့ပြီ၊ သူ ညွှန်ကြား လမ်းပြရာသို့ ပါလာခဲ့ပြီမဟုတ်ပါလား။

* *



ဇမ်ကျောင်း ဝမ်းသာမိ၏။

ဆယ်ရက်အတွင်း ရှောင်လန်းအခြေအနေ ဖုံမှုန်ပြန်ဖြစ်လာ၏။

နဂိုကပင် စာတော်သူ ဉာဏ်ကောင်းသူမို့ မကြာခင်ပင် စာများကို လိုက်မိလာပြီး ထူးချွန်သူတစ်ယောက် ပြန်ဖြစ်လာ၏။

ဇမ်ကျောင်းသည် ရှောင်လန်းကို တစ်ဖက်လှည့်ဖြင့် စည်းရုံးခဲ့တာ အောင်မြင်သည်ဟု နားလည်မိ၏

ထိုမျှ မကသေးပါ။

ရှောင်လန်းတစ်ယောက် သူ၏အိပ်မက်အား စွဲလမ်းမှုလည်း လျော့ပါးသွားပြီဟု ထင်မိလည်။

သို့ရာတွင် သူ့အထင် မှားသွားကြောင်း မကြာခင်မှာပင် ဇမ်ကျောင်း သိလိုက်ရသည်။

* *

အမှတ် ၁၅/၁၃၈၊ ... ၂၀၄၄၅

ဝမ်ကျောင်းသည် အစဉ် ညဥ့်နက်မှ အိပ်တတ်သူဖြစ်၏။

သူသည် မအိပ်ခင် မနက်ပိုင်း သင်ကြားရမည့် စာများ[ကို] ပြန်လည်ဖတ်တတ်သောအကျင့်ရှိသူ ဖြစ်၏။

ယနေ့ညလည်း ထုံးစံအတိုင်း စာဖတ်နေ၏။

ထိုစဉ်...

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ တီးတိုး ထွက်ပေါ်လာ၏။

ညဥ့်အတော်နက်နေပြီဖြစ်၏။

ယခုလိုအချိန်တွင် တံခါးခေါက်သံ ထွက်ပေါ်လာခြ[င်း] ကြောင့် ဝမ်ကျောင်း အတော်ပင် အံ့အားသင့်သွား၏။

ဝမ်ကျောင်းက ချက်ခြင်းထကာ တံခါးဖွင့်ပေးလိုက်[၏]

အခန်းဝတွင် ရှောင်လန်းသည် စာရွက်လိပ်တစ်ခုကို[ကိုင်] ရပ်နေသည်ကို တွေ့ရသည်။

'ရှောင်လန်း ညဥ့်နက်လှပြီ၊ မင်း မအိပ်သေးဘူးလ[ား] စာကျက်နေရင်း မရှင်းလို့ထင်တယ်'

ရှောင်လန်းက...



'မဟုတ်ပါဘူး၊ ကျွန်တော် စောစောကမှ အိပ်ရာက နိုးလာတာပါ၊ ထူးခြားမှုရှိရင် ဆရာ့ကို ပြောပါဆိုလို့'

ဝမ်ကျောင်း သက်ပြင်းချသည်။

'မင်း အိပ်မက်မက်ပြန်ပြီ ထင်တယ်'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ကို အထဲဝင်ခွင့်ပြုပါ၊ ဒီည ထူးခြားမှုတစ်ခု ရှိလာလို့ မနက်အထိ မစောင့်နိုင်ဘဲ ထွက်လာခဲ့တာပါ'

ဝမ်ကျောင်းက...

'ကဲ—လာ'

သူသည် စိတ်ညစ်သွားမိ၏။

ရှောင်လန်း၏ စွဲလန်းမှုကား ကြီးမားလှသည် မဟုတ်ပါလား။

ဝမ်ကျောင်းနှင့် ရှောင်လန်းတို့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြ၏။

'ကျုပ် မအိပ်သေးပါဘူး၊ ကဲ...ပြော'

ရှောင်လန်းက...

'ကျွန်တော် အနှောင့်အယှက်ပေးသလို ဖြစ်သွားရစ်တော့ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ဆရာ'

ဝမ်ကျောင်းက....

'ကိစ္စမရှိပါဘူးကွာ၊ ကဲ—ဘာတွေများ ထူးခြားလာလို့လဲ'

ဟု မေးလိုက်၏။

ရှောင်လန်းက....

'ကျွန်တော် ဆယ်ရက်အတွင်း အိပ်မက်နှစ်ကြိမ် မက်ခဲ့တယ်၊ ဒီညအိပ်မက်က ထူးခြားတယ်ဆရာ၊ မိန်းကလေးနေတဲ့ အရပ်ဒေသအမည် သိရပြီ'

'ဟုတ်လား၊ ဆိုစမ်းပါဦး'

'ဒီမိန်းကလေးဟာ ဝူစန်းဟိုမြို့မှာ နေတယ်'

ဝမ်ကျောင်း မျက်မှောင်ကုပ်သွား၏။

'ဝူစန် ဟို ဟုတ်လား'

'ဟုတ်တယ် ဆရာ၊ ပြီးတော့ ဒီမိန်းကလေးနဲ့ ဆုံတွေ့တဲ့ တောင်ပုံသဏ္ဍာန်ကိုလဲ ကျွန်တော် ဒီညထင်ထင်ရှားရှားတွေ့ခဲ့ရပါတယ်'



'ဪ... ဪ'

ရှောင်လန်းက....

'အိပ်ရာက နိုးတာနဲ့ ကျွန်တော် ဒီတောင်ပုံကို ရေးဆွဲထားပါတယ်'

သူက စက္ကူလိပ်ကို ဖြန့်ပြလိုက်၏။

ဝမ်ကျောင်းက လှမ်းကြည့်လိုက်၏။

တောင်သည် နဂါးတစ်ကောင် ရစ်ခွေနေသလို ရှိ၏။

ရှောင်လန်းက —

'တူအောင် ကြိုးစားဆွဲထားဘာ၊ ဒီတောင်တစ်ခုပဲ ထင်ရှားတယ်၊ ကျန်တာတွေက မသဲကွဲဘူး'

ဟု အားတက်သရော ပြောလိုက်၏။

ဝမ်ကျောင်းက အလိုက်သင့် ပြန်ပြော၏။

'ဟုတ်တာပေါ့၊ တဖြည်းဖြည်း သိလာရမယ်လို့ ကျုပ်ပြောသားပဲ၊ ဘာမှ စိတ်မပူနဲ့၊ နောင်ပြည့်ပြည့်စုံစုံသိလာရမှာပေါ့'

'ကျွန်တော်လဲ ဒီလိုပဲ မျှော်လင့်ထားပါတယ်'

'ဒါက အရေးမကြီးသေးဘူး၊ မနက်ဖြန် စာမေးပွဲရှိတယ်နော်'

ရှောင်လန်းက ရင်ကော့ပြီး....

'အတန်းထဲမှာ ပထမနေရာကို ကျွန်မတော်ပဲ ရစေရပါမယ်လို့ ကတိပေးပါတယ် ဆရာ'

သူက ရယ်လိုက်ပြီး....

'ကောင်းပြီ၊ ဒါတွေ့ထားလိုက်၊ မင်းက စာသာကျက်၊ မင်းကိုယ်စား ငါက စဉ်းစားထားမယ် ဟုတ်လား'

ရှောင်လန်းက....

'ဆရာ့ကို ဒုက္ခပေးသလိုများ ဖြစ်နေမလား မသိဘူး'

သူက ခေါင်းရမ်းပြီး....

'မင်းသာ ပထမရပါစေ၊ ငါက ဒုက္ခလို့ မယူဆပါဘူး'

ရှောင်လန်းက....

'ကျေးဇူးတင်ပါတယ် ဆရာ'

'အေး....ပြန်အိပ်ပျော်အောင်သာ အိပ်၊ မနက် စာမေးပွဲက အရေးကြီးတယ်'



'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတော် သွားတော့မယ်'

ရှောင်လန်းက အရှိအသေပြုယာ ထွက်ခွာသွား၏။

သူက တံခါးကို ပိတ်လိုက်၏။

သူသည် မရည်ရွယ်ဘဲနှင့် ရှောင်လန်း ရေးဆွဲထားသော စာရွက်ကို ကြည့်လိုက်မိ၏။

တောင်ပုံ အောက်တွင် ဝူးစန်းဟိုဟု ရေးထား၏။

ထိုတောင်ပုံကို မြင်ဖူးသလိုလို ထင်မိ၏။

သူက သဘောကျစွာ ရယ်လိုက်၏။

'ဟား ဟား ဟား....ငါပါ ရောရှုးတော့မလို့လား'

သူသည် ထိုပုံကို စားပွဲပေါ် ပစ်တင်လိုက်ပြီး မီးအိမ်ကို ငြိမ်းကာ ကုတင်ပေါ် လှဲချလိုက်တော့သည်။

* *

ရှောင်လန်းသည် သူ ကတိပေးခဲ့သလိုပင် အစမ်းစာမေးပွဲတွင် ထိပ်ဆုံးမှ အောင်မြင်ခဲ့လေသည်။

ထို့ကြောင့် ဝမ်ကျောင်း ကျေနပ်မိ၏။

မကြာခင် တစ်လအတွင်းသင်တန်းပြီးဆုံးတော့မည်ဖြစ်၍ ရှောင်လန်းအတွက် စိတ်ချသွားရချေပြီ။

သို့သော် သူက တာဝန်မကျေခဲ့ပါ။

ရှောင်လန်းအား နှစ်သိမ့်ရုံသာ နှစ်သိမ့်နိုင်ခဲ့၏။

ရှောင်လန်း၏ အိပ်မက်ထဲမှ အနာမျာ းကို သူ စိတ်မဝ စားခဲ့ပါ။

အဖြေလည်း ရှာမပေးနိုင်ခဲ့ပါချေ။

ထို့အတူ သူလည်း မအားလပ်ပါ။

အမတ်ကြီး အိုဝမ်းထံသို့ သူ၏မိတ်ဆွေ ပညာရှိ တစ်ဦး လာရောက် လည်ပတ်သည့်အတွက် ထိုပညာရှိကြီးမုယုံ အတွက် သူကပြုစု ဧည့်ခံရေးတာဝန် ယူထားရ၏။

သို့သော် ထိုတာဝန်ကို ဝမ်ကျောင်းက ကျေကျေနပ်နပ် ပင် ခံယူခဲ့၏။

ပညာရှိကြီး မုယုံသည် နန်းတွင်းအမှုထမ်းမဟုတ်ပါ။

သူသည် လွတ်လပ်စွာ နေထိုင်ဘတ်သူ ဖြစ်၍ ကျေးရွာ လေးတစ်ရွာတွင်သာ အေးအေးဆေးဆေး နေထိုင်ခဲ့၏။



အကယ်၍သာ ပညာရှိကြီး မုယုံသည် ရာထူးလိုချင်ပါ လျှင် နန်းတွင်းပညာရှိ ရာထူးကို အလွယ်တကူ ရယူနိုင်သည် ဟု အမတ်ကြီး အိုဝမ် ပြောခဲ့ဖူးသည်ကို သူကောင်းစွာအမှတ် ရမိ၏။

အမတ်ကြီးတို့ပင်လျှင် အခက်အခဲပြဿနာ တစ်စုံ တစ်ရာ တွေ့ရပြီး မဖြေရှင်းနိုင်လျှင် သို့မဟုတ် တစ်စုံတစ်ရာကို နား မလည်ခဲ့လျှင် ပညာရှိကြီး မုယုံထံ အားကိုးတကြီး ပြေး သွားရတတ်သည်။

ထို့ကြောင့် ဝမ်းကျောင်းသည် မုယုံကိုအလွန်လေးစား သွား၏။

မုယုံ၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရင်းမှ မုယုံ ထံမှ ဗဟုသုတများ ဆည်းပူးရမည် မဟုတ်ပါလား။

ယနေ့နံနက် ဝမ်းကျောင်းမှာ အိပ်ရာထ နောက်ကျသွား သည်။

သူက ကမန်းကတန်းပင် ကိုယ်လက်သန့်စင်ကာ အဝတ်အစား ကဲလှယ်လိုက်၏။

ထိုစဉ် အိုမင်းသော စကားသံ ထွက်ပေါ်လာ၏။

'ဝမ်ကျောင်း နိုးပြီလား'

ဝမ်ကျောင်း မျက်လုံးပြူးသွား၏။

ပညာရှိ မုယုံ အသံပင် မဟုတ်ပါလား။

သူသည် ကပျာကယာ တံခါးဖွင့်ပေးလိုက်၏။

'ဟုတ်ကဲ့ အဘ – ကျွန်တော်နောက်ကျသွားတာ ခွင့်လွှတ်ပါ၊ ခဏလောက်ထိုင်ပါဦးနော်'

သူက အဝတ်အစား လဲတုန်းတန်းလန်း ဖြစ်နေသည် မဟုတ်ပါလား။

မုယုံက လက်ကာပြလိုက်ပြီး –

'အို အေးအေးဆေးဆေး လုပ်စမ်းပါ၊ ကျုပ်ကဒီကနေ ပျင်းလို့လမ်းလျှောက်ရင်း မိတ်ဆွေတစ်ယောက်ဆီ ခဏဝင် မလို့ မင်းကိုလာခေါ်တာ'

'ဟုတ်ကဲ့အဘ ပြီးပါပြီ'



မုယုံက ဝမ်ကျောင်း၏ စာရေးစားပွဲတွင် ဝင်ထိုင်လိုက်သည်။

သူသည် စားပွဲပေါ်ရှိ ရှောင်လန်း ရေးဆွဲထားသော ပုံကို တွေ့မြင်သွား၏။

'ဝူစန်းဟို ဆိုပါလား'

မုယုံ၏မျက်လုံးများ ဝင်းလက်သွား၏။

သူသည် ပုံကိုကြည့်ကာ မျက်မှောင်ကုပ်သွား၏။

ခဏနေမှ....

'ဝမ်ကျောင်း....ဒီပုံ ဘယ်ကရတာလဲ၊ မင်းဆွဲထားတာလား'

ဟု မေးလိုက်လေသည်။

ဝမ်ကျောင်းက ခေါင်းခါယမ်းလိုက်ပြီး....

'မဟုတ်ပါဘူးအဘ၊ ဘာဖြစ်လို့လဲ'

မုယုံက –

'ကျုပ် ဒီတောင်ကို မြင်ဖူးတယ်၊ ပြီးတော့ ဝူစန်ဟို ဆိုတဲ့ နာမည်ကိုလဲ ကြားဖူးတယ်လ'

ဗျာ’

ဝမ်းကျောင်း အံ့သြသွားၡ၏။

မုယုံက...

‘အင်... အခုတော့ စဉ်းစားလို့ မရသေးဘူး၊ ကဲ...မ
ပြီးပြီလား၊ သွားရအောင်’

ဝမ်ကျောင်းက—

‘ဟုတ်ကဲ့... ပြီးပါပြီဘာဘာ’

သူသည် မုယုံနှင့်အတူ လိုက်သွားရန် ပြင်လိုက်၏။

မုယုံက—

‘ဒီပုံ ကျုပ်ကို တစ်ရက်၊ နှစ်ရက်လောက် ငှားနို
မလား’

‘ဟုတ်ကဲ့၊ ရပါတယ်ဘာဘာ’

မုယုံက စာရွက်ကို အသာလိပ်ယူလိုက်၏။

ထို့နောက် ဝမ်ကျောင်းနှင့်အတူ ထွက်ခွာ သွားေ
တော့သည်။



ရှောင်လန်းက ဝမ်ကျောင်းအား အရိုအသေ ပြုလိုက်ပြီး
နောက် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

‘ဆရာ—ကျွန်တော့်ကတိအတိုင်း ပထမရတယ်နော်’

ဟု ပြောလာ၏။

ဝမ်ကျောင်းက ပြုံးလိုက်၏။

‘မင်းအတွက် ကျုပ် ဂုဏ်ယူပါတယ်ကွာ’

ရှောင်လန်းက....

‘ဒါထက် ဆရာ ဘာ သဲလွန်စများ ရပြီလဲ’

ဝမ်ကျောင်းက သက်ပြင်းချလိုက်၏။

ရှောင်လန်းက...

‘ကျွန်တော်အရမ်း သိချင်တယ်၊ ဆရာက ကျွန်တော့်
ကိုယ်စား အဖြေရှာပေးမယ်ဆိုလို့ ကျွန်တော်ကစာကိုပဲဖိကျက်
ခဲ့တာ’

ဝမ်ကျောင်းက ပြုံးပြလိုက်ပြီ....

‘ဆရာလဲ အဖြေရှာနေပါတယ်၊ ဒါပေမယ့် ခုထက်ထိ ဒီ
ကောင်နဲ့ ဒီမြို့ကို မသိသေးဘူး၊ ဒါပေမယ့် ဆရာ မြေပုံကို
သေသေချာချာ ထပ်ကြည့်ပါဦးမယ်’

ရှောင်လန်းက....

'ဆရာ....ကျွန်တော့်ကို နှစ်သိမ့်နေတာတော့ မဟုတ်ဘူးနော်'

ဝမ်ကျောင်း မလုံမလဲ ဖြစ်သွား၏။

သူက ရှောင်လန်း၏ အိပ်မက်အား အဓိပ္ပာယ်မရှိသော ကိစ္စရပ်တစ်ခုအဖြစ်သာ သဘောထား၏။

မြေပုံ လှန်ကြည့်ရန် တစ်ခါမှ စိတ်မကူးပါ။

ရှာလည်း မရှာပါ။

ဝမ်ကျောင်း သတိရသွား၏။

'ကျုပ်က မင်းကိုနှစ်သိမ့်တာ မဟုတ်ပါဘူး၊ အခုဧတ ဒီမြို့အကြောင်း ပညာရှိကြီး ဘာဘမုယံကို မေးထားတ ပုံကိုလဲ သူ့ကို ခဏပေးထားတယ်'

ဟု ထပ်မံနှစ်သိမ့်လိုက်၏။

ရှောင်လန်း အံ့အားသင့်သွား၏။

'ဟင်....ဆရာ တကယ်ပြောတာလား'

'တကယ်ပေါ့ကွ'



'ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာဟာ ကျွန်တော့် အပေါ် တကယ်ကို ကူညီခဲ့တာပဲ'

ဝမ်ကျောင်းက ရယ်မောလိုက်၏။

'ဒီပြဿနာကို ကျုပ် မဖြေရှင်းတတ်သေးဘူး၊ အခုလဲ ဘာဘမုယံကို ပြောပြ တိုင်ပင်မလို့တောင် စဉ်းစားထားတာ'

ရှောင်လန်းက ချက်ချင်းပင် ဒူးထောက်ချ ကန်တော့လိုက်၏။

'ကျေးဇူးကြီးလှပါတယ် ဆရာ'

ဝမ်ကျောင်းက ဖေးမကာ ထူလိုက်၏။

ရှောင်လန်းက....

'ဒါထက် ကျွန်တော့် အိပ်မက်ထဲမှာပါတဲ့ အလင်းခါး အကြောင်းကော ဆရာ့ကို မေးကြည့်သေးသလား'

ဝမ်ကျောင်းက....

'ဒါလဲ ကျုပ်စဉ်းစားထားတယ်၊ ကျုပ်မိတ်ဆွေ တစ်ယောက်ရှိတယ်၊ သူက ခါးတွေကို စုဆောင်းတယ်၊ ကိုယ်

တိုင်လဲ သိုင်းပညာရှင်တစ်ဦး ဖြစ်တယ်၊ မားနဲ့ပတ်သက်တဲ့ ဗဟုသုတလဲ အလွန်ပြည့်စုံတဲ့ လူတစ်ယောက်ဆိုတော့ သူ့ကို မေးမြန်းကြည့်မလားလို့'

'ဆရာ့အကြံ အလွန်ကောင်းတယ်၊ သူက ဘယ်သူလဲ ဘယ်မှာနေသလဲ'

ဝမ်ကျောင်းက...

'သူ့နာမည်က ကျန်ပုန်ရွေတဲ့၊ ဒီမြို့ထဲမှာပဲ နေပါတယ်'

ရှောင်လန်းက....

'ဒါဆို ဒီကနေ့ပဲသွားကြမလား ဆရာ'

ဟု စိတ်အားထက်သန်စွာ ပြောလိုက်၏။

ဝမ်ကျောင်း တွေဝေသွား၏။

ယနေ့ မနက်ပိုင်းတွင် မုယုံနှင့် အမတ်ကြီးတို့ အတူတကွ ရှိကြမည်ဖြစ်၍ သူ မလိုအပ်သေးပါ။

သူအားနေသည်က အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ရှောင်လန်းအား အလိုလိုက်ရန် စိတ်ကူးလိုက်၏။



ရှောင်လန်းက သူပြောပြသည့်အတိုင်း စာမေးပွဲကို ထိပ်ဆုံးက အောင်မြင်မှုရအောင် ကြိုးစားပြခဲ့သည် မဟုတ်ပါလော။

ရှောင်လန်းက ဝမ်ကျောင်း တွေဝေသွားသည်ကို တွေ့သဖြင့်....

'ဆရာမအားရင်လဲ နေပါစေ'

ဝမ်ကျောင်းက....

'ကျုပ် ဒီမနက်ပိုင်း အားပါတယ်၊ ကဲ....အခုပဲ သွားကြမယ်ကွာ'

ရှောင်လန်း ဝမ်းသာသွား၏။

ဝမ်ကျောင်းကိုလည်း ပို၍ အားကိုးမိလေတော့သည်။

သူတို့သည် ကျန်ပုန်ရွေထံသို့ ဦးတည် ထွက်လာခဲ့ကြလေတော့သည်။

ပိကင်းနေပြည်တော်သည် ကြီးမားလှသည်။

မြို့အရှေ့ဘက်အခြမ်းတွင် ကျန့်ပုန်ရွှေ့ဟူသော အမည်
မသိသူမရှိပါ။

ကျန်ပုန်ရွှေသည် အသက် လေးဆယ်နီးပါးခန့်သာ
သေး၏။

သူသည် သိုင်းလောကအတွင်းသို့ အသက် ဆယ့်ရှစ်နှစ်
ပင် စတင် ဝင်ရောက်ခဲ့သူ တစ်ယောက်ဖြစ်၏။

သိုင်းလောကတွင်လည်း အောင်မြင်ကျော်ကြားမှုများ
ခဲ့၏။

ကျန်ပုန်ရွှေ၏ မိဘများသည် ချမ်းသာ ကြွယ်ဝသူမျ
ဖြစ်ခဲ့၏။

သူသည် သိုင်းလောကအတွင်း စိတ်လွတ် ကိုယ်လွတ်
ဆယ့်ငါးနှစ်နီးပါးမျှ ခြေသလုံးအိမ်တိုင်ကဲ့သို့ သွားလာ
ထိုင်ခဲ့သည်။

သူ၏မိဘများ ကွယ်လွန် သွားတော့မှသာ သူက သို
လောကထဲမှ အနားယူကာ အိမ်ပြန်လာခဲ့သူဖြစ်သည်။

သူသည် သိုင်းသမားတစ်ယောက်ဖြစ်ပြီး ထူးခြားသေ
ဝါသနာရှိသူတစ်ယောက်ဖြစ်၏။



သူ၏ဝါသနာကား အခြားမဟုတ်ပါ။

သူကိုယ်တိုင် ဓားသမားဖြစ်ပြီး ဓားစုဆောင်းသော ဝါ
သနာ ထုံလှသူတစ်ဦးပင် ဖြစ်ပါသည်။

သူ အိမ်ပြန်လာသောအခါ သူနှင့်အတူ ဓားမြောက်မြား
စွာ ပါရှိခဲ့၏။

သူ မိဘများ၏ များပြားလှသော အမွေနှင့် လုပ်ငန်း
များ ဦးစီးရသောအခါ ဓားစုဆောင်းမှု ပိုများလာ၏။

သူ၏ဂေဟာကိုပင် "ဓားဂေဟာ" ဟု အမည်ပြောင်းခဲ့
လေသည်။

သူ၏ ဂေဟာ ဧည့်ခန်းထဲတွင် ဓားပေါင်း မြောက်မြား
စွာ ခင်းကျင်းပြသထား၏။

သူ့ထံတွင် ဓားအလက်ပေါင်း ထောင်ဂဏန်းမျှ အထိ
ရှိ၏။

တဖန် သူ၏သီးသန့်ခန်းအတွင်း၌ ပုံသဏ္ဍာန် ထူးဆန်း
သောဓားများ အဖိုးတန်သော ဓားများနှင့် ရာဇပင် ရှိခဲ့
သောဓားများ ရှိပေသည်။

ကျန်ဖုန်းရွှေကား ဤမျှဝါသနာကြီးသူဖြစ်၏။

သူသည် ဓားစုဆောင်းရာတွင် ဂါသနာကြီးသလို ရှား
ပါး ထူးဆန်းသော ဓားများအကြောင်းကိုလည်းနှံ့နှံ့စပ်စပ်
သိသူတစ်ယောက်လည်း ဖြစ်ပေသည်။

သူ့မိတ်မျာ း ထားခဲ့သော ပစ္စည်းဥစ္စာက များပြ
သည့်အပြင် အောင်မြင်နေသော ကုန်သွယ်မှုလုပ်ငန်းကလ
အခြေကျနေသဖြင့် ဝင်ငွေကား မနည်းလှပါ။
တစ်ယောက်တည်းသမား ကျန်ဖုန်းရွှေအဖို့ သူဝါသနာ
ရာအလုပ်ကို မပူမပင် လုပ်ကိုင်နိုင်သည်ဟုပင် ဆိုရပေလ
မည်။

* * *

'ဝမ်ကျောင်း ဘယ်လေတိုက်လို့ ရောက်လာတာလဲ'
ကျန်ဖုန်းရွှေက ဝမ်းသာအားရနှုတ်ဆက်လိုက်၏။
ဝမ်ကျောင်းက ရယ်မောလိုက်ပြီး....
'ကျုပ်က တမင်လာခဲ့တာကွ'



'လာ လာ....ကျုပ်လဲ ပျင်းနေတာနဲ့ အတော်ပဲ'
ကျန်ဖုန်းရွှေက နေရာထိုင်ခင်း ပေးလိုက်၏။

ရှောင်လန်းသည် ပြည့်ခန်းအတွင်း များ ပြား လှပသော ပ
ခေါ်းများကို ကြည့်ကာ အံ့အားသင့်နေမိသည်။

ပြည့်ခန်း၏ နံရံလေးဘက်စလုံးတွင် လွတ်လပ်မရှိအောင်
ပင် ခေါ်းများ ကို ခင်းကျင်းထားပေသည်။

ခေါ်းများကား အရွယ်အစား ပုံသဏ္ဍာန် အမျိုးအမည်
များပြားစုံလင်လှ၏။

ရှောင်လန်း တစ်သက်နှင့်တစ်ကိုယ် ဤမျှ များပြားလှ
သော ခေါ်းများကို တစ်စုတဝေးတည်း မတွေ့ခဲ့ဘူးပါချေ။

ဝမ်ကျောင်းက ပြုံးလိုက်ပြီး ...

'ဘာလဲ...မင်းက ခေါ်းတွေကြည့်ပြီး အံ့သြနေသလား'

ရှောင်လန်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့၊ ဒီလောက်များတဲ့ ခေါ်းတွေ တစ်စုတဝေးထဲ
နေတာ ကျွန်တော်တစ်ခါမှ မမြင်ခဲ့ဖူးဘူး'

'အေး... လူတိုင်းဟာ ဒီပြည့်ခန်းကို ပထမဆုံး ရောက်ဖူး
တဲ့ အချိန်မှာ ဒီလိုပဲ ခံစားသွားရတာ၊ ဒါတောင် ခေါ်းတွေ
သေးတယ်၊ ထားစရာနေရာမရှိတော့ လို့'

'ဟုတ်လား'

ရွှေဝင်လန်း ,အံ့အားသင့်နေ၏။

ကျန်ဖုန်းရွှေက....

'လက်နက်တိုက်ထဲမှာရှိတဲ့ ဓားတွေက ကျုပ်မှာရှိတဲ့ ဓားတွေထက် အဆတစ်ရာမက များပါတယ်ဗျာ'

ဝမ်ကျောင်းက....

'အေး—အရည်အတွက်သာ မင်းထက်များမယ်၊ အရည်အသွေးအစားသတော့ မင်းကအများဆုံးပဲ၊ ကျုပ် ပြောရဲတယ်၊ ဒီလောကထဲမှာ ဒီလောက်များပြားတဲ့ ဓားတွေကို ပိုင်ဆိုင်တာ မင်းတစ်ယောက်ပဲရှိလိမ့်မယ်'

ကျန်ဖုန်းရွှေက သဘောကျစွာ ရယ်မောလိုက်၏။

'ဟား ဟား ဟား'

သူသည် ထိုကဲ့သို့ပြောက်မြားစွာသော ဓားများကို ပိုင်ဆိုင်ရခြင်း အတွက် ဂုဏ်ယူဝင့်ကြွားနေဟန် ရှိပေသည်။

ကျန်ဖုန်းရွှေက—



'မင်းတို့ ကိစ္စပါကောသလား'

ဝမ်ကျောင်းက....

'အထွေအထူးမဟုတ်ပါဘူး၊ ဓားတစ်လက်နဲ့ ပတ်သက်ပြီးတော့ မေးချင်တာလေးတွေ၊ သိချင်တာလေးတွေ ရှိနေလို့ပါ၊ ဓားနဲ့ ပတ်သက်လာရင် မင်းဟာ ဗဟုသုတ အပြည့်ဆုံးလူတစ်ယောက်ပဲ မဟုတ်လား'

ကျန်ဖုန်းရွှေက....

'အချင်းချင်းတွေ မြှောက်မနေစမ်းပါနဲ့ကွာ၊ ကဲ—ဘာသိချင်လို့လဲ'

ဝမ်ကျောင်က ရွှေဝင်လန်းဘက်လှည့်ကာ....

'ကဲ....ရွှေဝင်လန်း၊ မင်းရဲ့ ဓားအကြောင်း ပြောပြလိုက်ပါ'

'ဟုတ်ကဲ့ ဆရာ'

ရွှေဝင်လန်းက ကျန်ဖုန်းရွှေဘက်လှည့်ကာ—

'ဒီလိုပါခင်ဗျာ၊ ဒီဓားဟာ အလင်းရောင်လို့ ခေါ်ပါတယ်'

ကျန်ဖုန်းရွှေက ခေးဟူသောအသ ကြားသည်နှင့် အရှိ
ထဲမှပင် စိတ်ဝင်စားတတ်သူတစ်ဦးဖြစ်လေသည်။

ယခုလည်း သူသည် ရှောင်လန်း ပြောသော ခေး
အကြောင်းကို စိတ်ဝင်စားစွာဖြင့် နားထောင်လိုက်လေ၏။

ရှောင်လန်းက...

'ဒီအလင်းခေးဟာ တစ်ပေခွဲလောက်ရှည်တယ်၊ နှစ်ဘက်
သွား ခေးတစ်လက်ဖြစ်ပါတယ်၊ ခေးရိုးဟာ သာမန်ပါပဲ
ဒါပေမယ့် ခေးသွားကတော့ မှန်လိုကြည်လင်ပြီး တစ်ဖက်
တစ်ဖက် ထွင်းဖောက်မြင်တွေ့ရပါတယ်'

ကျန်ဖုန်းရွှေက...

'ခေးက မှန်သားပြုဝီလို ဟုတ်လား'

'ဟုတ်တယ်'

'အတော့်ကို ထူးဆန်းပါလှသား'

'ဟုတ်ကဲ့၊ ဒီခေး ကထွက်တဲ့အလင်းရောင်ဟာ အေးစိမ့်
အငွေ့အသက်ရှိပါတယ်၊ ပြီးတော့ ဒီခေးကြားကနေ ထွက်
ပေါ်လာတဲ့ အလင်းရောင်ဟာ ကိုက်တစ်ရာပတ်ဝန်းကျင်
လရောင်လိုပဲ လင်းထိန်စေပါတယ်'



'ဟင်....'

ကျန်ဖုန်းရွှေက အလွန်အံ့အားသင့်သွား၏။

'ထူးဆန်းတာမှ အတော့်ကိုထူးဆန်းတာပဲ၊ ဘာလဲဒီခေး
ကို ရောင်းလို့မလား'

ရှောင်လန်းက...

'မဟုတ်ပါဘူး၊ အဲဒီခေးအကြောင်း သိချင်လို့ပါ'

ကျန်ဖုန်းရွှေက....

'ကျုပ်လဲ ထူးဆန်းတဲ့ခေးအကြောင်းတွေကို လိုက်လံ
စုံဆောင်းပါတယ်၊ တချို့ခေးတွေဟာရှာမတွေ့ဘူး၊ တချို့
ခေးတွေကျတော့ ကြားသာကြားရတယ်၊ အစအနပျောက်
နေတတ်တယ်၊ ဒါပေမယ့် ကျုပ်သိတဲ့ ခေးတွေဟာ ထူး
ဆန်းတာမှန်တယ်၊ ရာဇဝင် နောက်ကြောင်းရှိတာ မှန်တယ်၊
ဒါပေမယ့် မင်းပြောတဲ့ခေးမျိုးနဲ့ပတ်သက်ပြီးတော့ ကျုပ်
တစ်ခါမှကို မကြားမိခဲ့ပါဘူး'

ကျန်ဖုန်းရွှေက ဝန်ခံလိုက်၏။

ဝမ်ကျောင်းက....

'မင်းလိုလူချောင် မကြားဘူးတာ အင်းလေ...စဉ်းစား ကြည့်ရင်တော့လဲ ဘာမှ အံ့သြစရာမရှိပါဘူး'

ကျန်ဖုန်းရွှေကမူ ဝမ်ကျောင်းစကားကို အလေးအနက် မထားနိုင်ပါ။

ထူးဆန်းသော အသင်းဓားကို အလွန် စိတ်ဝင်စားသွား သည်။

ထိုဓားမျိုးသာ သူပိုင်ဆိုင်ခဲ့လျှင်...

ယခု သူ့ထံရှိသော အလွန်ထူးဆန်းပါသည်ဟုဆိုသော ဓားများကိုပင် ချောင်ထိုးထားရတော့မည်မှာ သေချာလှ သည်။

'ပြောစမ်းပါဦး၊ ဒီဓားကို မင်းက တွေ့ဖူးတယ် ဟုတ် လား'

ရှောင့်လန်းက —

'ဟုတ်ကဲ့၊ ဓား ရိုးမှာ 'ပိုင်' လို့ ရေးထားပါတယ်'

ကျန်ဖုန်းရွှေ စိတ်ဝင်စားသွား၏။

'ဒီဓားက ဘယ်မှာလဲ၊ မင်းဘယ်တုန်းက ဘယ်နေရာမှာ တွေ့ခဲ့တာလဲ'



ဟု အလောတကြီး မေးလိုက်၏။

ရှောင်လန်းက...

'ဒီဓားဟာ တောင်တန်းတစ်ခုထဲမှာ ထင်တယ်၊ အဲဒီက လျှို့ဝှက်တဲ့နေရာ၊ အင်း...လိုဏ်ဂူလား ရေတံခွန်လားဆိုတာ အတိအကျတော့ မသိဘူး...'

'ထားပါတော့ မင်း ဘယ်တုန်းက တွေ့ဘူးတာလဲ'

'အိပ်မက်ထဲမှာပါ၊ မကြာခဏ တွေ့မြင်ရတာပါ'

'ဟာ'

ကျန်ဖုန်းရွှေမှာ ရှောင်လန်း၏ နောက်ဆုံးစကားကိုကြား လိုက်ရသောအခါ ဟာခနဲ ရေရွတ်မိ၏။

သူ၏မျက်နှာ နီရဲသွား၏။

သူသည် ဝမ်ကျောင်းကို ကြည့်ပြီး—

'ဝမ်ကျောင်း... မင်းက ငါ့ကို သက်သက်မဲ့လာပြီး နောက် ပြောင်တာလား'

ဟု စိတ်တိုစွာ မေးလိုက်၏။

ဝမ်ကျောင်းက လက်ကာပြလိုက်ပြီး...

'ကျန်ဖုန်းရွှေ ကျုပ်ကို တလွဲမထင်ပါနဲ့ဗျာ'

'ဘာကွ....အိပ်မက်ထဲမှာ တွေ့တဲ့ခေးတဲ့၊ မင်းတို့ ငါ့ကို သက်သက်မဲ့ လှောင်ပြောင်တာပဲ'

ရှောင်လန်းက ဦးညွှတ်လိုက်ပြီး....

'ကျွန်တော့် စကားဟာ လှောင်ပြောင်သလိုများ ဖြစ်နေခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ကျန်ဖုန်းရွှေက ရှောင်လန်းကို ကြည့်လိုက်၏။

ရှောင်လန်းက အရိုးခံမျက်နှာနှင့် ပြောလိုက်၏။

'ဒီခေါ်းနဲ့ ပတ်သက်ပြီး ခင်ဗျားသိတာ တစ်စုံတစ်ရာများ သိရမလားဆိုပြီး လာစုံစမ်းတာပါ'

ကျန်ဖုန်းရွှေက နှာခေါင်းရှုံ့ပြီး....

'အိပ်မက်ထဲက ခေါ်းအကြောင်း လာစုံစမ်းရတယ်လို့၊ မင်းတို့ ရူးနေသလားကွ'

သူက အားနာမနေပဲ ပြောချလိုက်၏။

ရှောင်လန်း မျက်နှာပျက်သွား၏။



သူသည် ကျန်ဖုန်းရွှေကို စိုက်ကြည့်ပြီး....

'ကျုပ်တို့ အရူးမဟုတ်ဘူး'

'အရူးမို့သာ အိပ်မက်ထဲက အရာကို အပြင်မှာ ရှာမှာပေါ့ကွ'

'ကောင်းပြီ၊ ဒီခေါ်းအကြောင်း သေသေချာချာ သိလာတဲ့အခါ ခင်ဗျားကို လာပြောပြမယ်၊ ဒီခေါ ရှာဖို့ကိစ္စ ဖြစ်လာပြီဆိုရင် ခင်ဗျားဟာ ကျွန်တော်နဲ့လိုက်ပြီး အကူအညီပေးရမယ်'

ကျန်ဖုန်းရွှေက ရယ်မောလေသည်။

'ဟား ဟား ဟား.... အေး မင်း အိပ်မက်ထဲကခေါ်းဟာ အပြင်မှာ တကယ်ရှိလာတယ်ဆိုတာ ယုံကြည်လောက်ပြီဆိုရင် ငါက မင်းနဲ့လိုက်ခဲ့မယ်၊ ဒါပေမယ့် အဲဒီနေ့ ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူးကွ၊ ဟား ဟား ဟား'

ရှောင်လန်းမျက်နှာ နီရဲသွား၏။

သူသည် ကျန်ဖုန်းရွှေကို နှုတ်မဆက်ဘဲ ညှော်ခန်းထဲမှ ထွက်သွားလေသည်။

ကျန်ဖုန်းရွှေက ဝမ်ကျောင်းဘက် လှည့်ပြီး—

'ဝင်ကျောင်း၊ မင်းတဲ့ ကျုပ်ကို နောက်ပြောင်ရပြီဆိုပြီး ကျေနပ်နေတယ်ပေါ့၊ ဒအး...ကျုပ်အလှည့်ကျရင်လဲ စိတ်မဆိုးနဲ့၊ ဟုတ်လား'

ဝမ်ကျောင်းက ပခုံးတွန့်ပြီး—

'မင်းနဲ့ကျုပ် နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ အခုတော့ သွားပြီဟေ့'

သူသည် ကျန်ဖုန်းရှေကို နှုတ်ဆက်ပြီး ရှောင်လန်းနောက် ပြေးလိုက်သွားသည်။

* * *

ရှောင်လန်းသည် လမ်းအတိုင်း ခေါင်းငိုက်စိုက်ချကာ လျှောက်သွားနေ၏။



ဝမ်ကျောင်းလာ အနီးမှ ကပ်လျှောက်ရင်း—

'ရှောင်လန်း—မင်း စိတ်မာတ်ကျသွားသလား'

ဟု မေးလိုက်၏။

ရှောင်လန်းက....

'ကျွန်တော့်ကို အရူးလို့ထင်ခဲ့...'

သူ့အသံက ဝမ်းနည်းမှုကြောင့်တိမ်ဝင်သွား၏။

ဝမ်ကျောင်းက...

'မဟုတ်ပါဘူး၊ သူကလဲ သူ့ကို တိုက လာပြီး နောက်ပြောင်နေတယ်ထင်လို့ပါ၊ ကျန်ဖုန်းရှေဟာ သဘောကောင်းတယ်၊ သိုင်းပညာလဲကောင်းတယ်၊ တစ်နေ့ မင်းအတွက် အကောင်းဆုံးမိတ်ဆွေ ဖြစ်လာနိုင်တယ်'

ဟု နှစ်သိမ့်လိုက်၏။

ရှောင်လန်းက....

'ကျွန်တော် ဒီအကြောင်း တစ်နေ့လက်တွေ့ပြနိုင်မှာပါ၊ ဪ....ဆရာ ကျွန်တော် တစ်ခု ထပ်သိလာတာ ကျင်စန်တဲ့'

ဝမ်ကျောင်းက....

'ကျင်စန်....ဟုတ်လား၊ ဘာလဲကွ'

ရှောင်လန်းက

'ကျွန်တော်လဲ မသိဘူး၊ ဒီစကားလုံးကိုသာသိတာ'

သူတို့နှစ်ဦးသည် စကားပြောရင်း လမ်းလျှောက်လာခဲ့ရာ မကြာမီ ဘန်ယွတ်သင်တန်းကျောင်းသို့ ပြန်ရောက်လာခဲ့လေသည်။

ရှောင်လန်းက ဝမ်ကျောင်းကို နှုတ်ဆက်ကာ သူ့အခန်းဘက်သို့ ပြန်ထွက်သွား၏။

ဝမ်ကျောင်းလည်း သူ့အခန်းဘက် ပြန်လျှောက်လာသည်။

ထိုစဉ်....လက်ထောက်ဆရာတစ်ဦး ထွက်လာပြီး—

'ဝမ်ကျောင်း၊ အမတ်ကြီးက ခင်ဗျားကို ရှာနေတယ် သွားတွေ့လိုက်ဦး'

ဟု လှမ်းပြောလိုက်၏။

ဝမ်ကျောင်း သက်ပြင်းချလိုက်၏။

သူသည် ချက်ချင်းပင် **အမတ်ကြီးအိုဝမ်၏ အဆောင်ဘက်**သို့ **အပြေး**တစ်ပိုင်းသွားတော့သည်။

* * *



အမတ်ကြီးအိုဝမ်သည် တန်ယွတ်သင်တန်းကျောင်းဝင်း၏ အနောက်ဘက်၌ အဆောင်ကလေးတစ်ခုဖြင့် သီးသန့်နေထိုင်၏။

အမတ်ကြီးအိုဝမ်၏အဆောင်နှင့်မနီးမဝေးတွင် အဆောင်ငယ်သုံးခုရှိ၏။

ထိုအဆောင်များသည် ဧည့်ဆောင်များဖြစ်၏။

အိုဝမ်ထံသို့ ညဥ့်အိပ်ညဥ့်နေ လာရောက်သော ဧည့်သည်များနေထိုင်ရန်အတွက် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ဝမ်ကျောင်းသည် အမတ်ကြီးအိုစမ်၏အဆောင်သို့ရောက်လာ၏။

သူသည် အမတ်ကြီးအိုဝမ်၏ လက်ရုံးတစ်ဆူ ဖြစ်သောကြောင့် အိုဝမ်၏အဆောင်သို့ အချိန်မရွေး ဝင်ထွက်နိုင်ခွင့်ရှိပေ၏။

သူ ရောက်သွားသောအချိန်၌ အိုဝမ် တစ်ယောက်တည်း စာထိုင်ဖတ်နေသည်ကို တွေ့ရလေသည်။

သူက ဒူးထောက်၍ အရိုအသေပြုလိုက်ပြီး....

'ကျွန်တော် ဝမ်ကျောင်း ရောက်ပါပြီခင်ဗျာ'

ဟု ပြောလိုက်၏။

အမတ်ကြီး အိုဝမ်က စာဖတ်နေရာမှ မျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပြီး....

'ဝမ်ကျောင်းလား'

'ဟုတ်ကဲ့'

'မင်းဘဘမုယုံက မင်းကိုတွေ့ချင်နေတာ၊ သူ့ဆီ သွား လိုက်ပါဦး၊ မင်းဘက်က ဘာမှ မလစ်ဟင်းစေနဲ့နော်'

'ဟုတ်ကဲ့ ခင်ဗျာ'

'သွား....သွား....မုယုံဆီ သွားလိုက်ဦး'

ဝမ်ကျောင်းက အမတ်ကြီးအိုဝမ်ကို အရိုအသေပြု၍ အဆောင်အတွင်းမှ ထွက်လာခဲ့လေသည်။

မုယုံသည် ညှော်ဆောင်အမှတ်(၃)တွင် နေထိုင်၏။

ညှော်ခန်းဆောင် သုံးခုအနက် အမှတ်(၃)သည် အကျယ် ဝန်းဆုံးဖြစ်ပြီး အကောင်းဆုံး အဆောက်အအုံလည်း ဖြစ်ပေ သည်။



ဝမ်ကျောင်းရောက်သွားသောအခါ မုယုံသည် ကုလား ထိုင်တွင်ထိုင်၍ မျက်စိမှိတ်ထား၏။

သို့ရာတွင် အိပ်ပျော်နေဟန်မရှိ။

တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန်ရှိပေ၏။

ဝမ်ကျောင်းက မုယုံ အနှောင့်အယှက်ဖြစ်မည် စိုးသော ကြောင့် အသံမပြုဘဲ အခန်းဝတွင်သာ ရပ်နေ၏။

မုယုံက မလှုပ်မယှက်ပင် မျက်စိမှိတ်ကာ စဉ်းစားနေ သည်။

အတန်ကြာမှ မျက်လုံးပွင့်လာ၏။

တံခါးဝတွင်ရပ်နေသော ဝမ်ကျောင်းကို တွေ့မြင်သွား သည်။

'ဝမ်ကျောင်း၊ မင်းရောက်နေတာကြာပြီလား'

သူက—

'သိပ်မကြာသေးပါဘူး ဘဘ'

'လာ ထိုင်ဦး'

သူက မုယုံနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်၏။

'ဘဘ ခေါ်တယ်ဆိုလို့'

မုယုံက ခေါင်းညိတ်လိုက်ပြီး....

'အေး....မင်းဆီက ရတဲ့ပုံကို ကျုပ်ကြည့်နေတာ အခု ပြန်မှတ်မိလာပြီကွ၊ ဒီတောင်ဟာ နဂါးပတ်တောင်လို့ခေါ်တယ်၊ နယ်ခြားမှာ တည်ရှိတဲ့ ထိုက်ဟန်စန်းတောင်တန်းကို တော့ မင်း သိမှာပေါ့'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ တောင်ပေါင်း ၅၉ လုံးနဲ့ တည်ရှိတဲ့ ထိုက်ဟန်စန်းတောင်တန်းမဟုတ်လား ဘဘ'

မုယုံက....

'သိပ်မှန်တာပေါ့၊ ရှေးရာဇဝင်ဆရာတွေကတော့ ထိုက်ဟန်စန်းတောတန်းမှာ တောင်ပေါင်း အလုံး ၆၀ တိတိ ရှိတယ်လို့ ရေးသားကြတယ်'

'တောင်ပေါင်း ၆၀ ဟုတ်လား ဘဘ'

'ဟုတ်တယ်ကွယ့်'

'ဒါဆို ကျွန်တော်မှတ်သားထားတာ တစ်လုံးလိုနေတာပေါ့'



မုယုံက ပြုံးလိုက်၏။

'နှောင်းလူတွေက ၅၉ လုံးပဲ ရှိတယ်လို့ မှတ်သားကြတယ်၊ ပိုနေတဲ့ တောင်တစ်လုံးဟာ ဟောဒီပုံပေါ့၊ နဂါးပတ်တောင်ပုံပေါ့၊ ဒါပေမယ့်....ဒီတောင်ဟာ လျှို့ဝှက် ဆန်းကျယ်ပြီး တော်ရုံနဲ့ ဘယ်သူမှ မတွေ့မမြင်ကြဘူး၊ ရှာလို့လဲ မတွေ့ကြဘူး၊ ဒါကြောင့်....တောင်ပေါ် ၆၀ ကနေပြီး ၅၉ လုံး ဖြစ်ခဲ့ရတာပဲ'

သူက အံ့အားသင့်သွား၏။

မုယုံက ဆက်ပြောလိုက်သည်။

'ရှေးရာဇဝင်ကျမ်းတွေက ဒီလိုပဲဆိုခဲ့တယ်၊ တောင်ပုံသဏ္ဍာန်ဆွဲပြထားတဲ့ ရာဇဝင်ကျမ်းတစ်ခု ကျုပ်ဖတ်ဖူးတယ်၊ ဒါကြောင့်....ဒီတောင်ပုံကိုမြင်တော့ ကျုပ်တစ်နေရာရာမှာ တွေ့ဖူးတယ်လို့ ထင်နေတာကွ'

ဝမ်ကျောင်းက....

'ထူးဆန်းတာပဲ'

ဟု ရေရွတ်လိုက်၏။

မုယုံက...

'ဟုတ်တယ်၊ အတော်ထူးဆန်းတဲ့ကိစ္စပဲကွ၊ ဒီကနေ့ထိ နဂါးပတ်တောင်ကို ရောက်ခဲ့ဖူးတဲ့ လူအကြောင်း ကျုပ် မကြားဖူးသေးဘူး'

ဝမ်ကျောင်းက...

'ဒါထက် ဝူးစန်းဟိုဆိုတာကော ဘာစဉ်းစားလို့ရ သလား'

မုယုံက ခေါင်းခါလိုက်ပြီး...

'ဝူးစန်းဟိုမြို့အကြောင်း ကျုပ်အသေအချာမသိဘူး၊ ဒါ ပေမယ့်... ဒီမြို့ဟာ ကျင်းခန်းဘုရင် အုပ်စိုးခဲ့တဲ့မြို့ပဲ'

'ဗျာ....ကျင်းခန်း'

ဝမ်ကျောင်း မျက်လုံးပြူးသွား၏။

'ကျင်းခန်းဆိုတာနဲ့ မင်း ဘယ်လိုဖြစ်သွားတာလဲ'

မုယုံက မေးလိုက်၏။

ဝမ်ကျောင်းက...

'ဒီကနေ့ အဘကို ကျွန်တော်က ကျင်းခန်းဆိုတဲ့ စကား လုံး အဓိပ္ပာယ်ကို မေးမလို့ပါ'



မုယုံက သက်ပြင်း ချလိုက်၏။

'နို့—နေပါဦး၊ မင်း ဒါတွေ ဘယ်လိုသိထားတာလဲ'

ဝမ်ကျောင်းက—

'ကျွန်တော် သိတာမဟုတ်ပါဘူး၊ ကျွန်တော့် တပည့်တစ် ယောက်က သိတာပါ'

မုယုံ စိတ်ဝင်စားသွား၏။

ဝမ်ကျောင်းက....

'ဒီအကြောင်းပြောရရင် အတော်ကို ထူးဆန်းပါတယ်၊ ကျွန်တော့် တပည့်ဟာ ဒီအကြောင်းကို အိပ်မက်ထဲကနေ တစ်ဆင့် သိခဲ့တာပါအဘ'

'ဟော—'

ဤတစ်ကြိမ် အံ့အားသင့်သွားရသူက မုယုံပင်ဖြစ်သည်။ မုယုံက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'အင်း....ထူးဆန်းတယ် ဆိုတာထက် ပိုပြီးတော့တောင် ထူးဆန်းနေပါရောလား၊ ကဲ....အဲဒီ အကြောင်း ကျုပ်ကို ပြောပြပါဦး'

'ဟုတ်ကဲ့၊ ဒီလိုပါ အဘ'

ဝမ်ကျောင်းက ရှောင်လန်း၏ အိပ်မက် အကြောင်းကို ပြန်လည် ပြောပြလိုက်သည်။

'သူဟာ အိပ်မက်ကို စွဲလန်းပြီး စာကိုတောင် ဖြောင့် ဖြောင့် မတ်မတ်မသင်နိုင်အောင် ဖြစ်ခဲ့လာတယ်'

ဝမ်ကျောင်းက သူသည် ရှောင်လန်းအား ချော့မော့ နှစ်သိမ့်ခဲ့ပုံများအကြောင်းကို ပြောပြလိုက်လေသည်။

အားလုံးပြီးမှ....

အခုသူ့ရဲ့ အိပ်မက်ထဲက အရာတွေဟာ အပြင်မှာလဲရှိနေ တယ်ဆိုတော့ ကျွန်တော်ဖြင့် အံ့အားသင့်လို့ မဆုံးဘူး'

ဟု စကားကို အဆုံးသတ်လိုက်၏။

မုယုံက....

'အေး....တစ်ခုတော့ရှိတယ်၊ သူဟာ ဒီရာဇဝင်ကိုဖတ်ဖူး သလားဆိုတာ မပြောနိုင်ဘူး'

ဝမ်ကျောင်းက....



'ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်လဲ ရှေးသိုင်းရာဇဝင် တွေနဲ့ ပတ်သက်ပြီး အတော်ကလေးကို လေ့လာလိုက်စား ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဒီအကြောင်းတော့ ကျွန်တော် မသိဘူး'

မုဟုံက....

'ကျင်းခန်တုရင်အကြောင်းက ရာဇဝင်ထဲမှာ ပြည့်ပြည့် စုံစုံမရှိဘူး၊ သူဟာ ဘယ်မှာအုပ်စိုးပြီး နန်းသက်ဘယ်လောက် ကြာခဲ့တယ်ဆိုတာလဲ မသိဘူး၊ ဒါပေမယ့် ကျုပ်ဖတ်ဖူးတဲ့ ရာဇဝင်ကျမ်းဟာစ်စောင်မှာတော့ ပါတယ်ထင်တယ်၊ ကျုပ်လဲ အသေအချာ မမှတ်မိဘူး၊ အင်း.... အိမ်ပြန်ရောက်ရင်တော့ စာကြည့်ခန်းကို မွှေဦးမှပဲ'

ဝမ်ကျောင်းက....

'ကျွန်တော် ဘဘကို ဒုက္ခပေးသလိုဖြစ်သွားပြီ'

မုယုံက လက်ကာပြလိုက်ပြီး –

'ထူးခြား ဆန်းကျယ်တဲ့ အကြောင်းအရာကို ကျုပ်က အလွန်စိတ်ဝင်စားပါတယ်၊ ဒါထက် မင်းရဲ့တပည့် ရှောင် လန်းကို ကျုပ်တွေ့ချင်တယ်၊ ဖြစ်နိုင်မလား'

'ရပါတယ်အဘ၊ သူကလဲ ဘဘနဲ့ တွေ့ဆုံခွင့် ရတာကို ဝမ်းသာ ဂုဏ်ယူနေမှာပါ'

'ကောင်းပြီ၊ ညစာစားပြီးချိန်လောက် ကျုပ်ဆီ လာခဲ့'

'ဟုတ်ကဲ့ ဘဘ'

'ကဲ ကဲ မင်းလုပ်စရာရှိတာ ပြန်လုပ်တော့၊ ကျုပ်လဲ စဉ်းစားခန်း ဝင်လိုက်ဦးမယ်'

ဝမ်ကျောင်းက မုယု အား ဦးညွတ်၍ ဧည့်ဆောင် အတွင်းမှ ပြန်ထွက်လာခဲ့လေတော့သည်။

* *

ည

လရောင်သည် အလင်းရောင်နှင့်အတူ အေးမြမှုကိုလည်း ပေးဝေငှနေ၏။



လရောင်သည် အဆောင်ငယ်ကလေးရှေ့ရှိ ပန်းဥယျာဉ် အတွင်း ထိုးကျနေ၏။

ပန်းဥယျာဉ်အတွင်း ရောင်စုံပန်းများက လရောင်ဖြင့် အားချင်းပြိုင်နေကြ၏။

ညလေ၏ တိုက်ခတ်မှုအောက်၌ ပန်းရနံ့များ သင်းပျံ့မွှေးကြိုင်စွာ ပါရှိလာသည်။

အေးချမ်းသာယာသော ညတစ်ည ဖြစ်သည်။

ပန်းဥယျာဉ်ကလေးအတွင်း ပြုလုပ်ထားသော ကျောက်ဖြူ ကုလားထိုင်တွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။

အဘိုးအိုသည် အသက် ခုနစ်ဆယ်ခန့် ရှိ၏။

သူ၏ ဝတ်စုံ အဖြူရောင်ကဲ့သို့ပင် သူ၏ဆံပင်များ၊ မုတ်ဆိတ်မွေးများပါ ဖြူဖွေး နေသည်၊

အဘိုးအို၏ ဥပဓိရုပ်က ခန့်ငြားလှ၏။

အဘိုးအိုအား မြင်သူတိုင်းက လေးစားကြည်ညိုလောက်အောင် ဥပဓိရုပ်က ကောင်းလှ၏။

ထိုအဘိုးအိုကား ပညာရှိ မုယုပင် ဖြစ်သည်၊

မုယုံရှေ့ မြက်ခင်းပေါ်တွင် လူနှစ်ယောက် ထိုင်နေ၏၊ ဝမ်ကျောင်းနှင့် ရှောင်လန်း ဖြစ်သည်။

မုယုံသည် ဝမ်ကျောင်း ပြောပြထားသဖြင့် ရှောင်လန်း၏ အိပ်မက်အကြောင်းကို သိထားပြီးဖြစ်၏။

သို့သော် ရှောင်လန်းကို အကဲခတ်လိုသည့်အတွက်ကြော ရှောင်လန်းကိုပင် ထိုအိပ်မက်အကြောင်းများကို ပြန်ပြော ခိုင်းခဲ့၏။

သူက ပြန်လည်ပြောပြနေစဉ် မုယုံက သူ့ကို အေးဆေ စွာ အကဲခတ်ကြည့်နေသည်။

သူ၏ နုနယ်ပျို့မြစ်သော မျက်နှာပေါ်တွင် ဟန်ဆောင် လိမ်ညာမှုများ ကင်းစင်နေသည်။

သူသည် အိပ်မက်ထဲ၌ ပါသော အရာများမှ အပ အခြ ဘာကိုမျှ မသိကြောင်း နားလည်မိသည်။

သူက....
'အခုလို ကျွန်တော့် အဖြစ်အပျက်ကို ဘဘက စိတ် တစား မေးမြန်းတာကို ကျေးဇူးတင်ပါတယ် ဘဘ'



မုယုံက ပြုံးပြီး—

'ကိစ္စမရှိပါဘူးကွာ၊ ဒါထက် မင်းက ဒီအဖြစ်အပျက်တွေ ဟာ တကယ်ပဲလို့ ထင်နေသလား'

သူက ငြိမ်သွားသည်။

မုယုံက—

'ပြောပါ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ'

သူက ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့—တကယ့် အဖြစ်အပျက်လို့ ထင်နေမိပါတယ်'

'ကောင်းပြီ၊ ဒါတွေဟာ အိပ်မက်ပဲ၊ အိပ်မက်တစ်ခုကို ဘာကြောင့် တကယ်ဖြစ်လာမယ်လို့ ထင်နေရတာလဲ'

'ကျွန်တော်ဟာ ဒီအိပ်မက်တစ်ခုထဲကို မက်နေခဲ့တာ တစ်နှစ်မကတော့ဘူး၊ ဒီနေရာ ဒီမြင်ကွင်း ဒီလူပဲ ထပ်ပြန်တလဲလဲ မက်နေပါတယ်၊ ဒါဟာ နိမိတ်ပြမှုတစ်ခုလို့ ထင်မြင်လာမိပါ တယ်'

မုယုံက ခေါင်းညိတ်ပြီး—

'ဟုတ်တာပေါ့လေ၊ ဘဘ မေးမယ်၊ အဲဒီထဲမှာ အလင်း ခ ပါတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီဓားက ဘယ်မှာရှိတာလဲ'

'ကျွန်တော် မသိဘူး၊ ဒါပေမယ့် အိပ်မက်ထဲက မို့ကလေးက သိတယ်၊ သူနဲ့ အတူတူ သွားရမယ်'

'ဟုတ်ပြီ–ဦးစန် ဟို ဆိုဘာကော'

'ဒါလဲ ကျွန်တော် မသိဘူး၊ မြို့တစ်မြို့အမည်လို့ ထင်တယ်'

'ကျင်းခန်းကကော'

'ကျွန်တော် မသိဘူး'

ရွှောင်လန်း စိတ်ကျဉ်းကျပ်လာ၏။

မုယို ထံမှ ဘာမှမသိရဘဲ မုယိုကသာ သူ့ကို တစ်ခုတစ်ခု ပြန်မေးနေသည် မဟုတ်လော။

မုယိုက ရယ်မောလိုက်သည်။

'ဘာလဲ၊ မင်းက ကျုပ်ကချည်းပဲ ပြန်မေးနေတာများ တွေးပြီး စိတ်ညစ်သွားသလား'

ရွှောင်လန်း ရင်ထိတ်သွား၏။



မုယိုသည် သူ၏စိတ်ထဲမှ ကြံစည်မှုအား ရိပ်စား သိရှိနေသည် မဟုတ်ပါလား။

မုယိုက...

'မင်းအိပ်မက်ထဲမှာ ပါတဲ့ အရာတွေ အမည်တွေ အားလုံးဟာ တစ်ချိန်က တကယ်ရှိခဲ့ပါတယ်'

ရွှောင်လန်းက—

'ဘာဘာ တကယ်ပြောတာလား'

မုယိုက ခေါင်းညိတ်လိုက်ပြီး

'တကယ်ပါ၊ ဒါပေမယ့် ဒီအကြောင်းတွေ ကျုပ်သေသေချာချာ မသိတော့ဘူး၊ ရေးတေ တေးပဲ မှတ်မိတယ်၊ ဘာဘာအိမ်ပြန်ရောက်တဲ့ အခါမှာ စာအုပ်တွေ ရှာဖွေဖတ်ကြည့်ပါမယ်၊ ဒါပေမယ့် မင်းကိုကျုပ် နည်းနည်းလောက် စမ်းသပ်ချင်တယ်၊ ဒါဟာ မင်းတို့ရှူသွပ်နေတယ် စိတ်မနှံ့ဘူးလို့ ထင်လို့မဟုတ်ဘူး၊ နိမိတ်ပြအိပ်မက်လား၊ သွေးလေကြောင့်လားဆိုတာ ခွဲခွဲခြားခြား သိချင်လို့ပါ'

ရွှောင်လန်းက မဆိုင်းမတွပင် သဘောတူလိုက်၏။

'ဘာဘကြိုက်သလိုသာ စစ်ဆေးပါ'

မုယုံက ရှောင်လန်း၏သွေးကြောများကို ကိုင်တွယ်ကာ စစ်ဆေးလိုက်၏။

မုယုံသည် ပညာရှိဟုဆိုရာတွင် စာပေဗဟုသုတသာ ပြည့်စုံသူမဟုတ်ဘဲ သမားတော်အတတ်ပညာတွင်လည်း အလွန်ပင်တော်သူ ဖြစ်သည်။

ထို့ကြောင့် ရှောင်လန်းအား တစ်ခဏမျှ စစ်ဆေးပြီးနောက် ရှောင်လန်းသည် စိတ်မနှံ့သူမဟုတ်သလို ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦး၊ ဇွဲကောင်းသော လူငယ်တစ်ဦးသာ ဖြစ်သည်ကိုလည်း နားလည်သွား၏။

မုယုံက....

'ကျုပ် မနက်ဖြန် အိမ်ပြန်မှာ၊ မင်းတို့သိချင်တာတွေကျုပ်ရှာဖွေပြီးပြီဆိုရင် အကြောင်းကြားလိုက်ပါ့မယ်'

ဝမ်ကျောင်းက—

'ကျေးဇူးတင်ပါတယ် ဘာဘ'

မုယုံက ...

'ဒီကြားထဲမှာ ထူးခြားမှုရှိရင်လဲ ကျုပ်ကိုပြောပြဖို့ မှတ်ထားဦး'



'ဟုတ်ကဲ့ ဘာဘ'

ကဲ ကဲ....သွားကြတော့'

ဝမ်ကျောင်းနှင့် ရှောင်လန်းတို့သည် မုယုံအား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဓိ ဓေ
ဘောင် ၄ ရှိ
ဖုန်း ၂၁၃၉၅

ရှောင်လန်းက....

'ဆရာ....ဘာမှလဲ ထူ ထူးခြားခြား မသိရပါလား၊ ကျွန်တော့ အိပ်မက်ထဲက အရာတွေ အပြင်မှာရှိတယ်ဆို'

ဝမ်ကျောင်းက....

'ဟုတ်တယ်၊ ဘာဘမုယုံက သူလဲ သေသေချာချာ မသိသေးလို့ ပြောပြမသွားတာပါ၊ ဒါပေမယ့် သူက မကြာ

ခင် အဲဒီအကြောင်းတွေ ပြောပြလာနိုင်တယ်လို့ ကျုပ်ထ
တယ်၊ အကောင်းဆုံးကတော့ သင်တန်းဆင်းဖို့ ရက်
ဆယ်လောက်ပဲ လိုတော့တယ်၊ မင်းကြိုးစားပါ'

'စိတ်ချပါဆရာ၊ သင်တန်းပြီးလို့အိမ်မှပြန်ခင် ဒီအကြော
တွေကို သိရရင် ကောင်းမှာပဲ'

ဝမ်းကျောင်းက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးလို
လေသည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ရက်နှစ်ဆယ်ဟူသော အချိန်သည် လျှင်မြန်စွာပင်
ဆုံးသွား၏။



ရှောင်ကန်းသည် သင်တန်းတွင် အထူးချွန်ဆုံး ကျောင်း
သားအဖြစ် ဆုချီ မြှင့်ခြင်း ခံရ၏။

မကြာမီ ကာလများအတွင်း မင်းမှုထမ်း စာမေးပွဲဝင်
ဖြေခွင့်လည်း ရရှိခဲ့ပေသည်။

သူသည် ထိုရက်များအတွင်း အိပ်မက်ကို မေ့ဖျောက်ကာ
စာကိုသာ ဖိကြိုးစားခဲ့သည်။

သို့သော် ထိုရက်နှစ်ဆယ်အတွင်း အိပ်မက်နှစ်ကြိမ် မက်
ခဲ့၏။

တစ်ကြိမ်ထက်မက တစ်ကြိမ် ပို၍ သိလာ၏။

သူ၏ အိပ်မက်မှ နေရာ အခေတ်များများ ထင်ရှားလာ
သည်။

သို့သော် ထိုနေရာများကို သူ တစ်ကြိမ်မှ မရောက်ဘူး
ပါချေ။

သူသည် အိပ်မက်ထဲတွင် မိန်းကလေးနှင့် စကားအနည်း
ငယ် ပြောခွင့်ရသည်။

မိန်းကလေးက အလင်းဓားသည် ပိုင်ဖျောင်ရှမ်၏ ဓား
ဖြစ်ပြီး မကောင်းဆိုးဝါးများအား နှိပ်ကွပ်နိုင်စွမ်း ရှိသည်
ဟု ပြောခဲ့၏။

ထိုစကားလုံးများကို သူ အခေါ်အချော မှတ်မိနေ၏။

သူသည် ဘာတစ်ခုမှ ပြည့်ပြည့်စုံစုံ မသိရခြင်းကို မလို အားမရ ဖြစ်နေသည်။

သင်တန်းဆင်းပွဲရှိ၍ ဆရာ ဝမ်ကျောင်းနှင့်လည်း အေးဆေးဆေး စကားပြောခွင့်မရ။

ယခု သင်တန်းဆင်းပွဲ ပြီးသွားပြီ။

တစ်ရက်နှစ်ရက်အတွင်း ရှောင်လန်းတို့ အိမ်ပြန်ရပေတော့မည်။

ယခုပင် အချို့က ပြန်ကြပြီဖြစ်၏။

ရှောလန်းကား ဝမ်ကျောင်းနှင့် တွေ့ပြီးမှ ပြန်ရန်ဆုံးဖြ ထားသည်။

ထို့ကြောင့် ကွမ်ကျုံကလည်း မပြန်သေးဘဲ သူကိုစော နေသည်။

သူက လုယန်တွင်နေပြီး ကွမ်ကျုံက ခိုင်ဖုံးတွင်နေ၏။

လမ်းက တစ်လမ်းထဲ ဖြစ်သည်။

ထို့ကြောင့် အတူပြန်ရန် စောင့်နေခြင်း ဖြစ်သည်။



သူက ဆရာဝမ်ကျောင်းနှင့် သင်တန်းဆင်းပွဲ ပြီးကတည်းက မတွေ့ရသဖြင့် နေမထိထိုင်မသာ ဖြစ်နေ၏။

မနက်ဖြန်မှ ဆရာဝမ်ကျောင်းကို မတွေ့ရလျှင် သူ့ဇာတိ လုယန်သို့ ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့ဆန္ဒ မပြည့်ဝခဲ့ပါ။

သူ ပြန်ရမည့်အချိန် ရောက်လာသသူအထိ ဝမ်ကျောင်းကို မတွေ့ရပါ။

ဝမ်ကျောင်းသည် သင်တန်းကျောင်းတွင် မရှိဟုသာ သိခဲ့ရပေသည်။

ထို့ကြောင့် သူသည် ကွမ်ကျုံနှင့်အတူ အထုပ်အပိုးများ ယူကာ မြင်းလှည်းတစ်စီးနှင့် ထွက်လာခဲ့ကြသည်။

* * *

မြင်းလှည်းက ပုံမှန်သွားနေသည်။

သူသည် မြင်းလှည်း ပြတင်းပေါက်မှတစ်ဆင့် မကြာခဏ နောက်သို့ လှည့်ကြည့်နေသည်။

အနောက်ဘက်တွင် ပီကင် နေပြည်တော်၏ အဝင်တံ
ကို ရေးရေး မြင်ရသည်။

ကွမ်ကျုံက...

'သူငယ်ချင်း...မင်း နောက်ပဲပြန်ကြည့်နေပါလား၊
တွေ့ သံယောဇဉ် မကုန်နိုင် ဖြစ်နေရတာလဲ'

ဟု မနေနိုင်ဘဲ ပြောမိလေသည်။

သူက ဆက်ပြင်းချပြီး—

'တခြား မဟုတ်ပါဘူး၊ ဆရာဝမ်ကျောင်းကို နှုတ်မ
ခဲ့ရလို့ပါ'

ကွမ်ကျုံးက ရယ်လိုက်ပြီး—

'ဩော်...ငါက ဘာများလဲလို့'

သူတို့သည် ထွေရာလေးပါး စကားများကို ပြော
မြင်းလှည်းခေါ်ဆောင်ရာ လိုက်ပါ လာကြသည်။

ထိုစဉ်...

'ခွပ် ခွပ် ခွပ်'
ဒုန်းစိုင်းနှင်လာသော မြင်းခွာသံကို ကြားရ၏။



ကွမ်ကျုံက မြတင်းပေါက်မှတဆင့် အနောက်ဘက်ဆီသို့
ကြည့်လိုက်သည်။

မြင်းတစ်စီး ဒုန်းစိုင်းနှင်လာသည်ကို တွေ့ရ၏။

'မြင်းစီး တကယ်ကျွမ်းကျင်တာပဲ'

ဟု မှတ်ချက်ပြုလိုက်သည်။

ကြည့်နေစဉ်မှာပင် သူလုံးကွဲလာသည်။

မြင်းစီးသမားကို တွေ့ရသောအခါ ကွမ်ကျုံ အံ့သြဘကြီး
ရေရိတ်မိသည်။

'ဆရာဝမ်းကျောင်း'

အတွေးနှင့် လိုက်ပါလာသော ရှောင်သန်းသည် ထိုအသံ
ကြားသောအခါ ဆတ်ခနဲ ဖြစ်သွား၏။

'ကွမ်ကျုံ...ဆရာဝမ်ကျောင်း ဟုတ်လား'

ကွမ်ကျုံက...

'ဟုတ်တယ်၊ နောက်က လာနေတဲ့ မြင်းစီးသမား ဟာ
ဆရာဝမ်ကျောင်းပဲ'

သူက မြင်းသည်းသို့ ရပ်တန့်စေ၏။

မကြာမီ ဝမ်ကျောင်းသည် သူတို့ မြင်းလှည်းအနီးဆီ ရောက်လာသည်။

သူတို့ကို တွေ့တွေ့ချင်းပင်....

'တော်သေးတာပေါ့၊ ကျုပ်က မင်းတို့ကို မီမှမီပါမလား လို့'

သူက....

'ဆရာ့ကို စောင့်နေသေးတယ်၊ ဆရာ ရောက်မလာလို့ ကျွန်တော် အိမ်ပြန်တာပါ၊ ဘာကိစ္စများ ရှိလို့လဲဆရာ'

'ဘာဘမုယုံက ကျုပ်တို့ကို ပြန်လာခဲ့ကြပါလို့ မှာလိုက်တယ်'

'ဟုတ်လား'

သူ ဝမ်းသာသွားသည်။

ဝမ်ကျောင်းက....

'မင်း လိုက်နိုင်ရဲ့လား၊ ပြီးမှ အိမ်ကိုပြန်ပေါ့၊ ကျုပ်ကိုယ်တိုင် မင်းကို အိမ်အရောက် ပို့ပေးမယ်'

သူက...

'ရပါတယ် ဆရာ၊ ကျွန်တော် လိုက်မှာပေါ့'



ကွမ်ကျုံက—

'ဘာဘမုယု ဆိုတာ ပညာရှိကြီး မုယုပဲလား'

'ဟုတ်တယ်'

'ဒါဆို ကျွန်တော်လဲ လိုက်မယ်၊ ဘာဘမုယုကို ကိုယ်တိုင် ကိုယ်ကျ ဂါရဝပြုချင်တာ၊ ပြီးမှ ကျွန်တော်တို့ အိမ်ကိုပြန်လဲ ဖြစ်ပါတယ်'

ဝမ်ကျောင်း စဉ်းစားနေ၏။

ရှောင်လန်း အိပ်မက်ကိစ္စကို သူ့ထက်အရင် ကွမ်ကျုံက သိထားသူ ဖြစ်၏၊ ယခုကိစ္စက လျှို့ဝှက်ကိစ္စတစ်ခု ဖြစ်နိုင်သည် မဟုတ်ပါ။

ထို့ကြောင့်....

'မင်းတို့ အဆင်ပြေသလိုပေါ့'

ဟုသာ ပြောလိုက်၏။

ရှောင်လန်းက....

'ဟုတ်တယ်၊ မင်းပါလိုက်ခဲ့၊ ဘာဘမုယုနဲ့ စကားပြောခွင့် ရင်းနှီးခွင့်ရဖို့ လွယ်တာမှတ်လို့ကွ'

ရှောင်ကျုံးက ရယ်မောလိုက်၏။

'အေး ... ဒါတော့ အဆင်သင့်သွားတာပေါ့၊ ဆရာ ဘာ မုယုဆို ဘယ်တော့သွားမှာလဲ၊ ကျွန်တော်တို့ နေပြည်တော် ပြန်လှည့်မှာလား'

ဝမ်ကျောင်းက...

'ဒီကာပဲ တစ်ခါတည်းသွားကြတာပေါ့'

သူတို့သည် မုယု နေထိုင်သော ခရေကျေးရွာသို့ ဦးတည် သွားလိုက်ကြလေတော့သည်။

ဤခရီးသည် ထူးခြားဆန်းကြယ်သော ခရီးအစဖြစ် ကြောင်းကို ထိုစဉ်က သူတို့လုံးဝ မသိခဲ့ကြပါချေ။

ခရေကျေးရွာ။

အမည်နှင့် လိုက်အောင်ပင် တစ်ရွာလုံးတွင် ခရေပင်များ ပြည့်နှက်နေ၏။



ခရေပန်းရနံ့သည် ရွာနှင့်တစ်မိုင်မျှအကွာအထိ သင်းပြန့် မွှေးကြိုင်နေ၏။

ခရေကျေးရွာသည် အိမ်ခြေ တစ်ရာခန့်သာရှိ၏။

ရွာစည်းရိုးကား ခရေပင်များဖြင့် ပြုလုပ်ထား၏၊

ရွာပတ်ပတ်လည်တွင်လည်း ခရေပင်များကား အစီအရီ ပေါက်ရောက်နေ၏။

ခရေ ကျေးရွာအမည်သာတင်းကား တစ်နိုင်ငံလုံးသို့ ပြန့် မွှေးပေသည်။

အကြောင်းမှာ ပညာရှိမုယု နေထိုင်သည့်အတွက်ကြောင့် ပင် ဖြစ်ပါသည်။

မုယု၏ ခြံဝင်းကလေးသည် ရွာလယ်သမ်းမတောင်တွင် တည်ရှိ၏။

သစ်သားစည်းရိုးခက်ထားပြီး အိမ်ရှေ့တွင် လှပသော ပန်းဥယျာဉ်ငယ်တစ်ခုရှိလေသည်။

အိမ်ကလေးက သစ်လုံး ဖြင့် ဆောက်လုပ်ထား၏။

အိမ်ဘေးကွက်လပ်တွင် ပရမ်းဆေးပင်များ စိုက်ပျိုးထား ပေသည်။

ယနေ့ မုယုံ၏ခြံဝင်းရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ရောက်လာ၏။

မြင်းလှည်းပေါ်မှ လူသုံးယောက်ဆင်းလာကြ၏။

မြင်းလှည်းသမားက မြင်းလှည်းကို ရွာထိပ်ရှိ တည်းခိုခန်းဘက်သို့ ဆက်၍ မောင်းနှင်သွားလေသည်။

ကျန်ရစ်ခဲ့သူ သုံးယောက်ကား ဝမ်ကျောင်း၊ ရှောင်လန်းနှင့် ကွမ်ကျုံးတို့ပင် ဖြစ်ပါသည်။

ဝမ်ကျောင်းက ဦးဆောင်ပြီး မုယုံ၏ သစ်လုံးအိမ်ကလေးဆီသို့ လျှောက်လာကြ၏။

နေ့လယ်ခင်းဖြစ်ပြီး တစ်ခြံဝင်းလုံး တိတ်ဆိတ်နေ၏။

သူတို့သုံး ယောက် သစ်လုံးအိမ်ကလေးရှေ့သို့ မရောက်မီ ကလေး မှာပင် အိမ်ထဲမှလှမ်း၍ နှုတ်ဆက်သံထွက်ပေါ်လာလေသည်။

'ဝမ်ကျောင်း...မင်းတို့ ရောက်လာပြီလား၊ မြန်သားပဲ ငါ့ဆီက အကြောင်းကြားစာ ရရချင်းပဲ ထွက်လာကြတယ်နဲ့ တူတယ်'

စကားသံနှင့်အတူ တံခါးဝတွင် ပြုံးရွှင်နေသော မျက်နှာထားနှင့် မုယုံ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။



'ဟုတ်ကဲ့—ဘဘ'

ဝမ်ကျောင်းက ပြောရင်း အရိုအသေပြုလိုက်၏။

ရှောင်လန်းနှင့် ကွမ်းကျုံးတို့ကလည်း မုယုံအား ဂါရဝ ပြုလိုက်ကြလေသည်။

မုယုံက...

'လာကြ....လာကြ'

ဟု အိမ်ထဲသို့ ဖိတ်ခေါ်လိုက်လေသည်။

* * *

ဝမ်ကျောင်းက ရှောင်လန်းတို့အိမ်အပြန် သူက အမိလိုက်၍ ခေါ်လာခဲ့ကြောင်းကို ဖွင့်ပြောလိုက်လေသည်။

မုယုံက....

'အတော်ဖြစ်သွားတာပေါ့၊ နေဦး၊၊ ရှောင်လန်းကို ကျုပ်မေးရဦးမယ်'

ရှောင်လန်းက....

'ဟုတ်ကဲ့ မေးပါ အဘ'

'မင်း ဒီရက်ပိုင်းအတွင်း ထူးခြားတဲ့အိပ်မက်ကို ဆက်ပြီး တော့ မက်သေးလား'

သူက....

'နှစ်ကြိမ်မက်ပါတယ်'

'ပြောစမ်းပါဦး'

'အိပ်မက်ကတော့ အရင်အိပ်မက်အတိုင်းပါ၊ ဒါပေမယ့် ဒီတစ်ခါတော့ မိန်းကလေးနဲ့ကျွန်တော် စကားပြောခွင့် ရ လိုက်တယ်'

စမ်ကျောင်းကပြုံး၍ စကားဝင်ထောက်ပေးလိုက်၏။

'ဆိုစမ်းပါဦး'

ရှောင်လန်းက....



'သူက ပြောပါတယ်၊ အလင်းဓားက ပိုင်ဖျောင်းယွင်ရဲ့ ဓားပဲတဲ့၊ မကောင်းဆိုးဝါးတွေ နှိမ်နင်းနိုင်စွမ်း ရှိတယ်၊ ဒီဓားနဲ့ မကောင်းဆိုးဝါးတွေကို နှိမ်နင်းရမယ်၊ သူနဲ့အတူ ဓားသွားယူကြမယ်တဲ့'

မုယု မျက်မှောင်ကုတ်သွားပြီး....

'ပိုင်ဖျောင်းယွမ်၊ သူဘယ်သူလဲ၊ မင်းသိသလား'

ရှောင်လန်းက ခေါင်းခါလိုက်ပြီး....

'မသိပါဘူး'

'ထူးခြားဆန်းကြယ်ပါလား၊ မင်းရဲ့ အိပ်မက်ဟာ တစ်စ ထက်တစ်စ ရှုပ်လုံးပေါ်လာနေပြီ'

ရှောင်လန်းက....

'ဒီကိစ္စကို အဘ ဘယ်လိုယူဆသလဲ'

မုယုက....

'လောကကြီးဟာ အလွန်လျှို့ဝှက်ဆန်းကြယ်ပါတယ်ဆို တဲ့အရာတွေ ပြည့်နှက်နေတာပဲ၊ ကျုပ်လဲ မင်းရဲ့အိပ်မက်ကို ဘယ်လို ထင်မြင်ယူဆရမယ်ဆိုတာမသိသေးဘူး၊ ဒါပေမယ့်

ကျောင်းခန်းဘုရင်အကြောင်းတော့ သိထားသလောက် ပြော ဖို့ ခေါ်လိုက်တာပဲ'

ရှောင်လန်းက ...

'ကျောင်းခန်းဆိုတာ ဘုရင်....ဟုတ်လား'

မုယုံက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အဘဖတ်ရတဲ့ ရှေးဟောင်းပုရပိုဒ်တစ်စောင် အဆိုအရ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာခန့်က ထိုက်ဟန်စန်း တောင်တန်းမှာ လူမျိုးစုဘုရင်တစ်ပါးဖြစ်တဲ့ ကျောင်းခန်းဟာ ဝူစန်းမြို့ကို တည်ထောင်အုပ်ချုပ်ခဲ့တယ်'

ရှောင်လန်းက စိတ်ဝင်စားစွာနားထောင်နေ၏။

သူသာမက ဝမ်ကျောင်းနှင့် ကွမ်ကျုံးတို့ကလည်း စိတ် ဝင်စားစွာဖြင့် နားထောင်နေကြလေ၏။

မုယုံက ဆက်ပြောလိုက်၏။

'ကျောင်းခန်းရဲ့မိဖုယားဟာ ပိုင်ဖျောင်းယွင်လို့ခေါ်တယ် သူဟာ ထူးဆန်းတဲ့ ဓားတစ်လက်ပိုင်ရှင်သခင်မလို့ ဆိုတယ် ကွယ့်'



'ဟင်'

ရှောင်လန်း အံ့အားသင့်သွား၏။

မုယုံက ဆက်ပြောနေ၏။

'သူတို့ဟာ လူလောကနဲ့ ဆက်ဆံမှုမရှိဘဲ သီးခြားနေထိုင် ကြတယ်၊ တစ်နေ့ သစ္စာဖောက်တစ်ယောက်ကြောင့် ဝူစန်း ဟိုမြို့ဟာ ပျက်စီးပျောက်ကွယ်သွားခဲ့တယ်၊ ယနေ့အထိ ဆို ပါတော့'

ဝမ်ကျောင်းက....

'ဒါပဲလား အဘ'

မုယုံက

'ကျုပ်ဖတ်ရတဲ့ကျမ်းမှာ ကျောင်းခန်းဘုရင်နဲ့ ဝူစန်းဟိုမြို့ အကြောင်း ဒါပဲပါတယ်၊ ဒါပေမယ့်—နောက်ကျမ်းတစ်ခု မှာတော့ အဲဒီမြို့လို့ ယူဆနိုင်တဲ့ မြို့တစ်မြို့အကြောင်းပါလာ တယ်၊ ဒီမြို့ဟာ ယန္တရားအတတ်ပညာရှင်တွေ နေထိုင်တယ်၊ ရွှေငွေဥစ္စာဆိုတာ သူတို့ဆီကလမ်းတိုင်းမှာ တောင်ပုံယာပုံ ရှိတယ်တဲ့၊ သစ္စာဖောက်တစ်ယောက်ကြောင့် ယန္တရားတွေ လုပ်ရှားကုန်ပြီး မြို့ဟာ မြေအောက်ထဲဝင်သွားတယ်တဲ့၊ ဒီ ကျမ်းနှစ်စောင်လုံးက ဘာကို ထပ်တူ ပြထားသလဲဆိုရင်

ထူးခြားတဲ့ ဓားတစ်လက်ကိုရည်ညွှန်းတယ် သစ္စာဖောက် ရှိလို့ မြို့ပျက်ခဲ့ရတယ်

ဝမ်ကျောင်းက—

'ဒါဟာ တကယ်ပဲဖြစ်နိုင်ပါ့မလား'

မုယုံက—

'နောက်ထပ် ကျမ်းတစ်စောင်မှာတော့ ပုံပြင်အဖြစ် ဖော်ပြထားတယ်'

ရှောင်လန်းက....

'ပြောပါဦး ဘာဘာ'

'ဒီမြို့ဟာ ထူးဆန်းတဲ့ အရာတွေနဲ့ ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေ အလွန်ပေါတယ်တဲ့၊ ဘုရင် မိဖုရားဟာ ထူးဆန်းတဲ့ ဓားတစ်လက်ကိုင်ဆောင်ပြီး တရားစီရင်လေ့ရှိတယ်တဲ့၊ သူတို့နဲ့ မျိုးရွယ်မတူတဲ့ တိုင်းပြည်နဲ့ မကြာခဏ စစ်ခင်းလေ့ရှိတယ်တဲ့၊ ဒီထူးဆန်းတဲ့ ဓားကြောင့် သူတို့ကို ဘယ်သူမှ တိုက်ခိုက်လို့မရဘူးတဲ့၊ ဒါကြောင့် သူလျှိုတစ်ဦး စေလွှတ်ပြီး ဓားကိုခိုးယူခဲ့တယ်၊ ပြီးတော့မှ တိုက်ခိုက်တာ အောင်မြင်တော့တယ်ဆိုပဲ၊ ဘုရင်မက သူ့ရဲ့မြို့ကို ပျက်စီးအောင် ပြုလုပ်လိုက်သာ ရန်သူရော သူတို့ပါ မြေအောက်ထဲ ရောက်သွားကြတယ်တဲ့'



ဝမ်ကျောင်းက....

'အခြေခံအချက်အလက်တွေ အတော့်ကိုတူတာပဲ၊ ဒါဟာ တကယ်ပဲ ဖြစ်ခဲ့သလား၊ ဒဏ္ဍာရီပဲလားဆိုတာ ခွဲခြားဖို့ အတော့်ကို ခက်ခဲတာပဲ'

ရှောင်လန်းက....

'ဟုတ်တယ်နော်'

ကွမ်းကျုံးက....

'ကျွန်တော်တို့က ပိုပြီးတောင်မှ ခွဲခြားလို့ရမှာ မဟုတ်ပါဘူး'

မုယုံက လက်ကာပြလိုက်၏။

'အေး—နောက်ထပ် စိတ်စင်စားဖို့အကြောင်း ရှိသေးတယ်'

အားလုံး ငြိမ်ကျသွား၏။

မုယုံက—

'မင်းတို့ ဓူမာရေဆိုတဲ့နာမည် ကြားဖူးသလား'

ရှောင်လန် နှင့် ကွမ်းကျုံးတို့က ခေါင်းခါယမ်းလိုက်၏။

ဝမ်ကျောင်းက....

'နိုင်ငံအနှံ့ ခြေလျင်ခရီးသွားပြီး ဒေသန္တရဗဟုသုတ
ဆေးပညာတွေ ဖြန့်ဝေပေးတဲ့ သမားတော်ကြီး စုမာစွေ
ဆိုတာလား ဘဘ'

မုယုံက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်'

'သူ ကွယ်လွန်ခဲ့တာ ဆယ်နှစ်နီးပါးရှိပြီလို့ ကျွန်တော်
မှတ်မိတယ်၊ အလွန်လေးစားစရာကောင်းတဲ့ သမားတော်
ကြီးပါ'

'မုယုံက....

'သိပ်မှန်တာပေါ့၊ စုမာစွေဟာ တစ်နိုင်ငံလုံးအနှံ့
လျှောက်သွားတယ်၊ ဆေးဘက်ဝင်တဲ့အရာတွေ စုဆောင်း
တယ်၊ လမ်းမှာတွေ့သမျှ လူနာတွေကို ကုသပေးတယ်၊ ဒါ့
အပြင် ဆေးနည်းတွေကို လျှို့ဝှက်မထားဘဲ ဖြန့်ဝေပေး
တယ်'

အားလုံးက နားထောင်နေ၏။

မုယုံက စကားဆက်လိုက်၏။



'သူဟာ တစ်နိုင်ငံလုံးမရောက်ဘူးတဲ့နေရာ မရှိရအောင်
ခြေဆန့်ခဲ့သူပဲ၊ ကျုပ်ဆီမှာ သူ့ရဲ့ ခရီးသွားမှတ်တမ်းတွေ
စုဆောင်းထားတာရှိတယ်၊ အဲဒီမှာ ဘာကိုတွေ့ရသလဲဆိုရင်
ထိုက်ဘန်စန်းတောင်တန်းရဲ့ တစ်နေရာမှာ ရတနာတွေပြည့်
နေတဲ့ မြို့ပျက်တစ်ခုရှိတယ်၊ ဒါပေမယ့် ဒီမြို့ပျက်ဟာ
အန္တရာယ်ကြီးတဲ့ နေရာတဲ့၊ လောကသားကောင်တွေ
ရောက်သွားနိုင်မယ့်နေရာမဟုတ်ဘူး၊ ထူးဆန်းတာက မြို့ပျက်
မရောက်ခင် လမ်းတစ်နေရာမှာ လမင်းနဲ့ မှားရလောက်
အောင် အလင်းရောင်ထွက်ပေါ်နေတဲ့ နေရာတစ်ခုရှိတယ်'

အားလုံး စိတ်ဝင်စားကြ၏။

မုယုံက....

'သူဟာ ဒီနေရာကို အတိအကျမရေးခဲ့ဘူး၊ ဘာကြောင့်လဲ
ဆိုရင် သူ့ရဲ့ မှတ်တမ်းကို မသမာသူတွေရရှိသွားခဲ့ရင် ဒီနေ
ရာကို အလွယ်တကူ သိအားနိုင်မှာမို့ပဲ၊ ဒါကြောင့် သူက
ပြောတယ်၊ စွန့်စားဝံ့တဲ့ ယောကျ်ားတွေ တိုင်းပြည်အတွက်
ဆိုတဲ့စိတ်နဲ့ လူတွေကိုတော့ အရောက်သွားစေချင်တယ်တဲ့၊
သူကတော့ အဲဒီနေရာကို နောက်တစ်ခေါက် ပြန်မသွားဘူး
ဆိုတဲ့ကတိနဲ့ ဘယ်သူ့ကိုမှ မပြောခဲ့သလို ဘယ်တော့မှလဲ
မသွားဘူးတဲ့'

ဝမ်းကျောင်းယ....

'ဟင်... သမ္မာ းတောင်ကြီး စုမာစေ့ရဲ့ မှတ်တမ်းအရဆိုရ
ဒီနေရာဟာ တကယ်ရှိနေတာပဲ'

မုယုံက သက်ပြင်းချလိုက်၏။

'ဒါကြောင့် ကျုပ်က မင်းတို့ကို ခေါ်လိုက်တာပဲ၊ အဲ
စကားကောင်းနေလိုက်ကြတာ၊ မင်းတို့လဲ ခရီးပန်းလာကြ
တော့ ဆာနေမှာပေါ့၊ ကျုပ် အစားအသောက်တွေအား
လုံး ပြင်ဆင်ပြီးသား၊ လာ-လာ၊ စားသောက်ခန်းထဲသွား
ပြီး ဆက်ပြောကြတာပေါ့'

သူတို့အားလုံးသည် စားသောက်ခန်း ဆီသို့ လိုက်သွား
ကြ၏။

စားပွဲပေါ်တွင် စားသောဖွယ်ရာများ အသင့်ပြင်ထား
သည်ကို တွေ့ရ၏။

မုယုံက—

'ကဲ အားလုံး လွတ်လွတ်လပ်လပ် စားသောက်ကြ
ကျုပ်တို့လဲ နေရာတကာမှာ အရိုအသေပေးစရာမလိုဘူး၊
တို့အိမ်လိုပဲ သဘောထားကြပေါ့'



အားလုံးက ပျော်ပျော်ရွှင်ရွှင်ဖြင့် ဝိုင်းဖွဲ့ စားသောက်
လိုက်ကြသည်။

မုယုံက ဆက်ပြောလိုက်၏။

'ဒီဟူးစန်းတို့မြို့ဟာ ထိုက်ဟန်စန်းတောင်မှာ တကယ်ရှိ
မယ်လို့ ကျုပ်ယုံကြည်တယ်'

ရှောင်ရှမ်းက...

'ဒါဆို ကျွန်တော်ရဲ့အိပ်မက်ဟာ နိမိတ်ပြအိပ်မက်တစ်ခု
ပဲပေါ့ ဟုတ်လား ဘဘ'
မုယုံက....

'ဖြစ်နိုင်တယ်၊ ကျုပ်စိတ်ကူးမိတာ တစ်ခုရှိတယ်၊ အား
လုံးရဲ့အဆိုအရ ဟူးစန်းဟိုမြို့ပျက်မှာ ရတနာတွေရှိတယ်ဆိုတာ
လဲ သေချာတယ်'

ဝမ်းကျောင်းက....

'အဘက ရတနာတွေကို စိတ်ဝင်စားနေပလား'

'ဟုတ်တယ်'

အားလုံး အံ့အားသင့်သွားကြ၏။

မုယုံက ပြုံး၍ပြောလိုက်၏။

'ကျုပ်သာ အလိုရှိရင် ကျုပ်ဘယ်လိုဘဝမျိုးနဲ့နေထိုင် တယ်ဆိုတာ မင်းတို့သိမှာပါ။ အခု ကျုပ်က ရတနာ အလိုရှိတယ်ဆိုတာလဲ ကျုပ်ရဲ့ ကိုယ်ကျိုးအတွက် မဟုတ် ဘူး၊ မြစ်ဝါမြစ်ဟာ ဒီနှစ် နှစ်ကြိမ်ရေလျှံခဲ့တယ်၊ ရေ ဒုက္ခသည်တွေ အမြောက် အမြားဟာ စားဝတ်နေရေး ဒု ရောက်နေကြတယ်၊ လယ်မြေတွေလဲ ပျက်ခဲ့ရတယ်၊ ဒီရတန တွေသာရရင် သူတို့ကိုကောင်းကောင်းအကူအညီပေးနိုင်မှ လို့ တွေးမိလို့ပါ'

အားလုံးက မုယုံအား ပို၍လေးစားသွားကြ၏။

မုယုံက ဆက်ပြောလိုက်ပြန်၏။

'ဒီတော့ ငုစန်းတို့မြို့ပျက်ကို ရှာဖွေဖို့ ကျုပ် ဆုံးဖြ လိုက်တယ်'

ရှောင်ရှမ်းက...

'တကယ်ပြောတာလား အဘ'

မုယုံက ခေါင်းညိတ်လိုက်ပြီး....



'ဟုတ်တယ်၊ ကျုပ်ကအသက်ကြီးပြီ၊ ခရီးကြမ်းကိုနှင်နိုင် စွမ်းရှိမှာမဟုတ်တာကိုတော့ ကျုပ်ကိုယ်ကျုပ် စိတ်ပျက်မိ တယ်၊ ဒီကိစ္စမှာ ဝမ်ကျောင်း မင်းကို ကျုပ် တာဝန်ပေး ချင်တယ် ဘယ်လိုလဲ'

ဝမ်ကျောင်းက....

'အဘပေးတဲ့တာဝန်ကို ထမ်းဆောင်ချင်ပါတယ်၊ ဒါပေ မယ့်—'

'ဒါပေမယ့် သင်္ချိုင်းကိစ္စရှိသေးတယ်လို့ ပြောချင်တာ မဟုတ်လား'

'ဟုတ်ပါတယ် အဘ'

'ဒီအတွက် မပူပါနဲ့ အိုဝမ်ကို ငါပြောပြပေးပါ့မယ်'

'ဒါဆိုရင်တော့ အဘပေးတဲ့တာဝန်ကို ကျွန်တော်ထမ်း ဆောင်ပါ့မယ်လို့ ကတိပေးပါတယ်'

ရှောင်ရှမ်းက ဝင်ပြောလိုက်၏။

'ဒီခရီးကို ကျွန်တော်လဲလိုက်မယ်'

ဝမ်ကျောင်းက—

'ဒီခရီးဟာ မင်းဆီက စခဲ့တာပဲ၊ မင်းလိုက်ရမှာပေ

မုယ်ုက....

'ဝမ်ကျောင်း ဒီခရီးသွားဖို့ ဆုံးဖြတ်ပြီးရင် ကျုပ်ကသ
တော်မယ့် လူ ၃–၄ဦးရှာဖွေပေးမယ်၊ အသေးစိတ်လဲ ထ
ပြောပြမယ်'

'စိတ်ချ အဘ၊ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ'

ရှောင်ရမ်းက ကွမ်းကျူးဘက်လှည့်လိုက်ပြီး....

'ကွမ်းကျူး မင်းကောလိုက်မလား'

ကွမ်းကျူးက တစ်ချက်စဉ်းစားပြီးမှ ခေါင်းခါယမ်း
လိုက်၏။

'ကျုပ်မလိုက်နိုင်တာ ခွင့်လွှတ်ပါ၊ ကျုပ်ကအိမ်ပြန်ရ
မယ်'

ရှောင်ရှမ်းက....

'ဒါဆို မင်းပဲကျုပ်အိမ်ကို အကျိုးအကြောင်း ပြေ
နိုင်မလား'



ကွမ်ကျူက ခေါင်းညိတ်လိုက်ပြီး....
'ပြောပေးပါမယ်'

...စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်...
တောင် ...
ရန်ကုန်

* *

နောက်တစ်နေ့ ...

ကွမ်ကျူသည် အားလုံးကိုနှုတ်ဆက်ကာ ခရေကျေးရွာမှ ထွက်ခွာသွားပြီဖြစ်သည်။

မုယုံသည် ဝမ်ကျောင်းနှင့် ရှောင်လန်းတို့အား သူ၏ စိတ်ကူးများကို ပြောပြနေ၏။

'ဂူစန်းတို့မြို့ပျက်ဟာ ထိုက်ဟန်စန် တောင်တန်းမှာ ရှိတယ်၊ ကျုပ် သေသေချာချာ လေ့လာ သုံးသပ်ချက်အရ မင်းတို့ ပထမဆုံး နဂါးပတ်တောင်ကို ရှာရမယ်၊ နဂါးပတ်တောင်ကိုတွေ့ရင် ဂူစန်းတို့မြို့ပျက်ကိုတွေ့ဖို့ မခဲယဉ်းတော့ဘူးလို့ ကျုပ်ယူဆတယ်'

ဝမ်ကျောင်းက ဖြတ်ပြောလိုက်၏။

'ထိုက်ဟန်စန်းတောင်တန်းမှာ တောင်အလုံး ခြော
ဆယ် ရှိပေမယ့် နဂါးပတ်တောင်ဟာ ပျောက်ကွယ်နေတယ်
ရှာဖွေ မတွေ့ကြဘူးဆိုတော့ ကျွန်တော်တို့ကော တွေ့နိုင်
မလား'

မုယုံက....

ဒါ မေးသင့်တဲ့မေးခွန်းပဲ၊ ကျုပ်လဲ နဂါးပတ်တော
ကို ရှာဖွေဖို့ သေသေချာချာ လေ့လာကြည့်ခဲ့ပြီးပြီ၊ သူမ
တွေ မတွေ့ကြပေမယ့် မင်းတို့သာ ဇွဲရှိကြမယ်၊ ကြိုးစား
ဆိုရင် တွေ့ကိုတွေ့ရမယ်လို့ ကျုပ်ယုံကြည်တယ်'

ရှောင်လန်းက....

'ကျွန်တော့်တို့ တွေ့အောင်ရှာပါ့မယ်'

မုယုံက ...

'နဂါးပတ်တောင် ဘယ်နေရာမှာ ရှိတယ်ဆိုတာ
အတိအကျ မသိပေမယ့် ရှိနိုင်တဲ့ နေရာ ဟဲလွန်စတော
ထားတယ်'



ဝမ်ကျောင်းက ဝင်မေးလိုက်၏။

'ဘယ်လို သဲလွန်စလဲ'

မုယုံက ...

'စုမာစေ့ရဲ့ လမ်းခရီးပဲ'

'ဗျာ'

'မင်းတို့ စုမာစေ့ရဲ့ လမ်းခရီးအတိုင်း သွားရမယ်၊ သူ့ရဲ့
ခရီးစဉ်ဟာ ထိုက်ဟန်စန်းတောင်ခြေရှာ မြောက်မြားစွာထဲ
က ကြူးမားဆိုတဲ့ ရှာကလေးကစပြီး တောင်ပေါ်တက်ခဲ့
တာပဲ'

ဝမ်ကျောင်းက....

'အင်း....သဲလွန်စက မဆိုးပါဘူး၊ ဒါဆို ကျွန် တော် တို့
ဘယ်ကစပြီး ရှာရမယ်ဆိုတာ သိရပြီ'

မုယုံက....

'အေး...မင်းတို့ပထမဆုံး နွားနီတောင်ထွတ်ကို ရှာပါ၊
အဲဒီကိုရောက်ရင် ငါးမုံ့ပတ်လည်အတွင်း နဂါးပတ်တောင်
ကို တွေ့ရမယ်'

ရှောင်လန်း ဝမ်းသာသွား၏။

'ဒီလောက်သိရရင် ရှာဖို့မခက်တော့ပါဘူး'

မုယုကပြုံး၍ ခေါင်းခါလိုက်၏။

'မထင်နဲ့၊ အရှေ့ အနောက်အရပ်ရှစ်မျက်နှာ ငါးဖို့ ပတ်လတ်ကို သေသေချာချာ ရှာဖွေရမယ့်ကိစ္စပဲ၊ ဒီလိုရှာဖွေ ခြင်းဟာ တစ်ရက်, နှစ်ရက်လဲဖြစ်နိုင်သလို တစ်လ,နှစ်လ ဖြစ်နိုင်တယ်'

ဝမ်ကျောင်းက....

'ကျွန်တော်တို့ ကြိုးစားပါမယ်'

မုယုက—

'အေး..မင်းတို့မြဲမြဲမှတ်ထားဖို့ကတော့ ဇွဲရှိရမယ်၊နောက် တစ်ခါ မလာဘမတက်ရဘူး'

'ဟုတ်ကဲ့'

'ရှာဖွေတွေ့ရှိတဲ့ ရတနာတွေကို ဒုက္ခသည်တွေကို ဝေငှရမယ်၊အဲ...မင်းတို့စွန့်စားမှုအတွက်ထိုက်သင့်သလော ယူကြပေါ့'



'ဟုတ်ကဲ့ဘာဘာ၊ ကျွန်တော်က စည်းစိမ်ဥစ္စာ မမက်မောပါဘူး'

ဝမ်ကျောင်းက ပြောလိုက်၏။

ရှောင်လန်းက....

'ကျွန်တော်ကလဲ အိပ်မက်ထဲက နေရာကိုရောက်ချင်တာ ပါ၊ ရွှေငွေရတနာတွေကို စိတ်ကူးထဲ မထည့်ပါဘူး'

မုယုက ကျေနပ်စွာ ပြုံးလိုက်၏။

'မင်းတို့ရဲ့ စိတ်ထားကို ကျုပ်လေးစားပါတယ်၊ လူငယ် တွေ ဖြစ်ပေမယ့် မင်းတို့ဟာ စိတ်ထား မြင့်မြတ်ကြပါပေ တယ်'

ဟု ချီးကျူးလိုက်၏။

ဝမ်ကျောင်းနှင့်ရှောင်လန်းတို့မှာ မုယု၏ ချီးကျူးစကား ကြောင့် မနေတတ်သလို ဖြစ်သွားကြလေသည်။
မုယုက....

'ဝမ်ကျောင်း၊ ဒီခရီးစဉ် အောင်မြင်ရင်ပဲ့ဖြစ်ဖြစ် မအောင် မြင်ရင်ပဲဖြစ်ဖြစ် မင်းပြန်လာတဲ့အခါမှာ မင်းကို ကျုပ်တပည့်

အဖြစ် လက်ခံမယ်၊ ပညာပြည့်ဝပြီဆိုဘာနဲ့ နန်းတွင်းမှာ ပညာရှင်တစ်ထောက်ဖြစ်လာဖို့ ကျုပ်အာမခံပါတယ်'

ဟု လေးနက်စွာ ပြောလိုက်၏။

ဝမ်ကျောင်း၏ မျက်နှာ ဝင်းလက်သွား၏။

သူသည် မုယု အား ဦးချကန်တော့လိုက်ပြီး....

'ဝမ်းသာလိုက်တာ အဘရယ်'

မုံယု က ရှောင်လန်းဘက်လှည့်ကာ....

'မင်းအတွက်တော့ မင်းမှုထမ်းခွင့်ရဖို့ ကျုပ် တာဝန်ယ ပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အတွက်ဘာ မလိုအပ်ပါဘူး၊ အိပ်မက်ကို လက်တွေ့ မြင်ခွင့်ရမယ်ဆိုရင် ကျွန်တော်ဟာ အတိုင်းမသိ ကျေနပ်မှုရပါပြီ'

မုယု က သက်ပြင်းချပြီး....

'ထိုက်ဟန်စန်းတောင်ဟာလျှို့ဝှက်တယ်၊ ဆန်းကျယ်တယ် သားရဲတိရစ္ဆာန်ပေါတယ်၊ ခရီးကြမ်းတယ်၊ ဘယ်လို ပြော မလဲဆိုတော့ အသက်အန္တရာယ်နီးလွန်းတဲ့ခရီးတစ်ခုပဲ၊ ဒီခ မှာ မင်းတို့အသက်တွေ ဆုံးရှုံးသွားနိုင်တယ်'



ဝမ်ကျောင်းက....

'ကိစ္စမရှိပါဘူး၊ လူဆိုတာ သေတစ်နေ့၊ မွေးတစ်နေ့ပါ' ဟု ပြတ်သားစွာ ပြောလိုက်၏။

မုယု က....

'ကောင်း သကွာ၊ ကျုပ်သာ အသက်နှစ်ဆယ်လောက်ပြန် ငယ်ပစ်လိုက်ချင်တယ်၊ မင်းတို့လို ရဲစိတ် စွန့်စားရဲတဲ့ လူငယ် တွေနဲ့ ဒီခရီးကြမ်းကို ကိုယ်တိုင် လျှောက်ချင်ပါသိတော့ တယ်....'

ဟု အားရ ကျေနပ်သံဖြင့် ပြောလိုက်၏။

မ်ကျောင်းက....

'ဒီခရီးကြမ်းကို ဘယ်တော့ စထင်မလဲ'

မုယု က....

'နေဦး၊ ခရီးက ကြမ်းတယ်၊ ရှည်တယ်၊ အန္တရာယ်များ တယ်၊ မင်းတို့နှစ်ဦးထဲသွားလို့ရမှာ မဟုတ်ဘူး၊ အရေးကြုံရင် အကာအကွယ်ပေးနိုင်တဲ့ သိုင်းပညာရှင်တစ်ဦး လိုမယ်၊ ပြီး တော့ ထိုက်ဟန်စန်းတောင်ကို ကျွမ်းကျင်တဲ့ လမ်းပြတစ်ဦး လိုတယ်၊ လမ်းပြကတော့ ကျုပ်အကြောင်းကြားထားပြီးပြီ'

ဝမ်ကျောင်းက...

'သိုင်းပညာရှင်ဆိုလို့ ကျွန်တော့် မိတ်ဆွေ တစ်ဦးတေ
ရှိတယ်'

'ဘယ်သူလဲ'

'ကျန်ဖုန်းရွှေပါ'

မုယုံက စဉ်းစားလိုက်ပြီး—

'မင်းတို့နဲ့ အတူသွားရမယ့်လူဟာ ရိုးသားရမယ်၊ သ
ရှိရမယ်၊ ရတနာမြင်တာနဲ့ လောဘတက်မယ့်လူမျိုး မ
ရဘူး'

ဝမ်ကျောင်းက—

'ကျန်ဖုန်းရွှေဟာ သိုင်းပညာရှင်တစ်ဦး ဖြစ်သလို ရ
သာ ကြွယ်ဝကဲ့ လူတစ်ယောက်ပါ'

ဝမ်ကျောင်းက ကျန်ဖုန်းရွှေ၏ အကြောင်းများကို
လည်း ပြောပြလိုက်၏။

မုယုံ ပြုံးသွား၏။

'မဆိုးဘူး'

'သူ့ကို ကျွန်တော်တို့ ခေါ်လိုက်မယ်'



'မင်တို့နဲ့အတူ ကူညီဖို့ လူသုံးလေးဦးလိုမယ်'

'ကျန်ဖုန်းရွှေရဲ့ တပည့်တွေပါ ခေါ်လိုက်ရင်ကော အဘ'

မုယုံက စဉ်းစားလိုက်ပြီး

'ကောင်းပါတယ်၊ ကဲ....သူ့ကို အကြောင်းကြား၊ သူ
ရောက်မလာခင်တော့ မင်းတို့ကို ထိုက်ဟန်စန်းတောင်ရဲ့မြေပုံ
နဲ့အတူ လမ်းခရီးကို မှတ်မိနေအောင် ကျုပ်ရှင်းပြမယ်'

ဝမ်ကျောင်းက....

'ဟုတ်ကဲ့ အဘ'

သူသည် ချက်ချင်းပင် ကျန်ဖုန်းရွှေအား ယော်သားများ
ခေါ်၍ လိုက်လာခဲ့ရန် အကြောင်းကြားလိုက်တော့သည်။

*

'ယား'

'ကျား'

'ဟေ....အားလုံး ရပ်လိုက်ကြစမ်း'

တောတန်းတစ်နေရာအတွင်းမှ ဟန့်တားသံနှင့်အတူ
သံပေးသံများ ထွက်ပေါ်လာ၏။

တရွေ့ရွေ့ သွားနေသော မြင်းလှည်းတန်းသည်
နက် ဝတ်ဆင်ထားသော လူတစ်စု၏ ဟန့်တား ပိတ်
ကြောင့် ရပ်တန့်သွားရ၏။

ထိုမြင်းလှည်းတန်း၏ ရှေ့ဆုံးမှ မြင်းလှည်းထဲတွင်
တစ်ဦး လိုက်ပါလာ၏။

ထိုလူမှာ ကွမ်ပေပင် ဖြစ်၏။
ကွမ်ပေမှာ အသက် ငါးဆယ်နီးပါးခန့် ရှိ၏။

သူသည် ခိုင်ဖုံးမြို့မှ မြို့မျက်နှာဖုံးတစ်ဦး ဖြစ်၏။

သူ၏ ပျံ့လွှားပွဲရုံသည် ကုန်သည်လောကတွင် အ
ပင် အောင်မြင်နေ၏။

ယခုလည်း သူက ပွဲရုံအတွက် ကုန်စည်များကို ကို
ကိုယ်ကျ ဆင်းဝယ်ရန် ခရီးထွက်လာခြင်း ဖြစ်သည်။

မမျှော်လင့်ဘဲ လူတစ်စု၏ ဟန့်တားမှုကို ခံလိုက်
အခါ ထိတ်လန့်သွား၏။



သူက မြင်းလှည်းပေါ်မှ ဆင်းပြီး
'ဘာကိစ္စများ ရှိလို့ပါလဲ ခင်ဗျာ'
ဝတ်စုံနက်ခေါင်းဆောင်က ရယ်ပြီး....

'ဓားပြတွေ တွေ့နေတာတောင် ဘာကိစ္စလဲမေးနေရသေး
ယ်၊ ကဲ—အသက်မသေချင်ရင် ပါလာတဲ့ငွေတွေ ထုတ်
ပေးစမ်း'

'ဗျာ'

ကွမ်ပေ၏မျက်နှာ ဖြူလျော်သွား၏။

ယခုတစ်ခေါက် ကုန်ဝယ်ရန် ထည့်လာသော ငွေက
နည်းပါ။

ဤလမ်းခရီးတွင် ဓားပြ မရှိခဲ့ဘူးပါ။

ထို့ကြောင့်လည်း သူက စိတ်ချလက်ချ သွားလာခြင်းပင်
ဖြစ်၏။

ယခု မိုးကျရွှေကိုယ် ဓားပြများနှင့် လာတွေ့နေရပြီ။
ထိတ်လန့်လွန်း၍ တုန်ယင်နေလေသည်။
ကွမ်ပေက....

'ချမ်း....ချမ်းသာပေးပါ ခင်ဗျာ'

ခေါင်းပြဲခေါင်းဆောင်က....

'ကွမ်းပေ အသားမနာချင်ရင် ငွေထုတ်ပေးစမ်း'

ကွမ်းပေက....

'ကျုပ်မှာ ငွေနည်းနည်းပဲ ပါလာပါတယ်'

သူက အိတ်အတွင်းမှ ငွေများ ထုတ်ပေးလိုက်၏။

'ပြောင်း'

ခေါင်းပြဲခေါင်းဆောင်က မယူဘဲ လက်ပြန် ရိုက်ချလိုက် ကွမ်းပေ နောက်သို့ ယိုင်ထွက်သွား၏။

'ကွမ်းပေ ကုန်ဝယ်ဖို့ ပါလာတဲ့ငွေ အားလုံး ထုတ်စမ်း'

ကွမ်းပေ မျက်နှာပျက်သွား၏။

ခေါင်းပြဲများသည် သူ့အကြောင်း ကြိုတင်သဘင်းရထ ဟန် တူပေသည်။

ကွမ်းပေ အံကြိတ်လိုက်၏။

ဤငွေများ ပါသွားလျှင် သူ့အတွက် အတော်ပင် ရှု ရောက်ရပေတော့မည်။



ငွေအပါမခံနိုင်ပါ။

ကွမ်းပေသည် သာမန်ကုန်သည် မဟုတ်ပါ။

သိုင်းပညာကို အသင့်အတင့် တတ်မြောက်ထားသူ ဖြစ်၏။ သူသည် ငယ်စဉ်က သိုင်းလောကအတွင်း သွားလာဘူး၏။ နောက်မှ ကုန်သည်လောကထဲ ဝင်လာသူဖြစ်၏။

ခေါင်းပြဲခေါင်းဆောင်က ...

'မြင်းလှည်းထဲ ရှာကြစမ်း'

ဟု သူ့လူများဘက် လှည့်ကာ အမိန့်ပေးသည်။

ခေါင်းပြဲနှစ်ဦးက မြင်းလှည်းထံသို့ လျှောက်သွား ကြလေ သည်။

'ရပ်စမ်း'

ကွမ်းပေက အောင်ဟစ်ကာ မြင်းလှည်းထံ လျှောက်လာ နေသော ခေါင်းပြဲနှစ်ဦးရှေ့တွင် ပိတ်ကာရပ်လိုက်၏။

ခေါင်းပြဲတစ်ယောက်က....

'ဖယ်စမ်း သေချင်သလား'

ဟု အော်ငေါက်ရင်း ကွမ်းပေအား လက်သီးနှင့် ထိုးချ လိုက်၏။

ကွမ်ပေက ခေါင်းကိုငဲ့စောင်းကာ ရှောင်တိမ်းလိုက်ပြ
နောက် ဓားပြ၏ဝမ်းဗိုက်ကို လက်သီးဖြင့် ပြန်လည် ထိုး
လိုက်၏။

'အ့ ... နီ'

ကွမ်ပေ၏ လက်သီးချက်ကြောင့် ဓားပြမှာ ဖင်ထိုင်လဲကျ
သွား၏။

ကျန်ဓားပြတစ်ဦးက...

'ခင်ဗျားက ခုံခံဘယ်ပေါ့'

သူသည် ကွမ်ပေထံ ခုန်ဝင်ကာ လက်ဝါးဖြင့် တိုက်ခို
လိုက်၏။

ထို ဓားပြ၏ သိုင်းပညာအဆင့်မှာ သာမန်မျှသာ ဖြ
သည်။

ထို့ကြောင့် ကွမ်ပေက သိုင်းကွက် "သုံးကွက်မျှ အတွ
ထိုဓားပြအား နောက်သို့ လွင့်စင်ထွက်သွားအောင် တို
ခိုက်နိုင်ခဲ့လေသည်။

'ဝုန်း'

ဓားပြခေါင်းဆောင်က...



'ကွမ်ပေ - ခင်ဗျားက ဘယ်ဆိုးလို့လဲ၊ ဒါပေမယ့် ခင်ဗျား
ခုခံမှုအတွယ် ကျုပ်က ခင်ဗျားကို အသက်ချမ်းသာပေးနိုင်
မှာ မဟုတ်တော့ဘူး၊ ဟေ့ ....သူ့ကိုဆုံးမလိုက်ကြစမ်း'

ဟု ငယ်သားများအား အမိန့်ပေးလိုက်သည်။

ကွမ်ပေကလည်း သူ၏ငယ်သားများ အော် ဟစ် လိုက်
သည်။

'ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ ပြန်ပြီးခုခံကြ
လေ'

ကွမ်ပေ၏ ငယ်သား အလုပ်သမားများသည် ဓား ပြ
များအား တိုက်ခိုက်လိုက်ကြသည်။

ကွမ်ပေကိုယ်တိုင်လည်း ဓားပြများအား ရှေ့ဆုံးမှနေ၍
ခုခံတိုက်ခိုက်လိုက်သည်။

'ကျား'

'ဟာ'

'ခွပ်'

'အမယ်လေး'

အသံမျိုးစုံ ထွက်ပေါ်နေသည်။

ကွမ်ပေ၏ ငယ်သားများသည် ကုန်ထမ်းသော အလုပ်သမားများသာ ဖြစ်ကြပေသည်။

သူတို့သည် သိုင်းပညာမတတ်ကြပါ။

တိုက်ခိုက်မှု အတွေ့အကြုံမရှိပါ။

ဓားပြများ၏ သိုင်းပညာသည် သာမန်သာ ဖြစ်သော်လည်း ဘာမျှမတတ်ကြသောကွမ်ပေ၏ လူများကိုမူ ကောင်းစွာ ဒုက္ခပေးနိုင်သည်။

ကွမ်ပေမှာမူ ဓားပြများအား တစ်ဦးပြီးတစ်ဦး ရင်ဆိုင် တိုက်ခိုက် အနိုင်ယူနေပေသည်။

တိုက်ပွဲကား ရှုပ်ထွေးနေသည်။

ဓားပြများ၏ လက်ချက်ကြောင့် ကွမ်ပေလူများ တစ်ဦးပြီးတစ်ဦး လဲကျနေသကဲ့သို့ ကွမ်ပေလက်ချက်ကြောင့်လည်း ဓားပြများ တစ်ဦးပြီးတစ်ဦး လဲကျနေပေသည်။

ဓားပြခေါင်းဆောင်သည် တိုက်ပွဲကို ရပ်ကြည့်နေလေသည်။

တိုက်ပွဲအတွင်း သူကိုယ်တိုင် မဝင်ဘဲ မရတော့ကြောင်း နားလည်လိုက်သည်။



'ကွမ်ပေ ခင်ဗျားက အလာချည်းပါလား၊ ကဲ....ကျုပ် လက်ဝါးတစ်ချက်လောက် ခံလိုက်စမ်း'

သူသည် ကြုံးဝါးရင်း ကွမ်ပေထံ ခုန်ဝင်ကာ လက်ဝါး တစ်ချက် ရိုက်ချလိုက်သည်။

သူသည် ကွမ်ပေအား အထင်သေးစွာဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ကွမ်ပေမှာမူ ယနေ့တိုက်ပွဲတွင် ဓားပြခေါင်းဆောင်အား အနိုင်ရမှ ဖြစ်မည်ကို လေးနက်စွာ နားလည်ထားသည်။

ထို့ကြောင့် သူက စွန်ကုပ်လက်ဝါးသိုင်းကွက်ကို အသုံးပြုကာ ချက်ချင်းတုန့်ပြန် တိုက်ခိုက်လိုက်သည်။

ကွမ်ပေ၏ လက်ဝါးချောင်းသည် ဓားပြ ခေါင်းဆောင်၏ နံကြားသို့ အယောင်ပြပြီး မျက်နှာသို့ တိုးဝင်သွားလေသည်။

လျင်မြန်လှသော တိုက်ကွက်ဖြစ်၏။

ဓားပြခေါင်းဆောင် ထိတ်လန့်သွား၏။

ကွမ်ပေက ဤမျှ လျင်မြန်စွာတုန့်ပြန်လာမည်ဟု မထင်ခဲ့ပါ။

သူသည် အလျင်အမြန်ပင် နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရ၏။

'ဗြဲ'

ကျွမ်ပေ၏ လက်ဝါးချောင်းက ဒမြခေါင်းဆောင်၏ မျက်နှာကို ကွယ်ထားသော ခေါင်းစွပ်ကို ကုပ်ဆွဲမိသွားပြီး ခေါင်းစွပ်မှာ ကျွမ်ပေ၏ လက်တွင်း စုတ်ပြဲကာ ပါသွားလေ၏။

'ဟာ'

ကျွမ်ပေ ထိတ်လန့်သွား၏။

ဒမြခေါင်းဆောင်၏မျက်နှာကို ကောင်းစွာ မြင်လိုက်ရပြီ မဟုတ်ပါလား။

ဒမြခေါင်းဆောင်က ခိုင်ဖုံးမြို့မှ သိုင်းဆရာတစ်ယောက်ဖြစ်သော သံလက်ဝါးဆိုသူဖြစ်၏။

ကျွမ်ပေက....

'ခင်....ခင်ဗျား က သံလက်ဝါး ကို'

တစ်မြို့ထဲနေသူဖြစ်သောကြောင့် သူ၏ ခရီစဉ်၌ ငွေများပါလာသည်ကို ကြိုသိထားသည်မှာ မဆန်းလှပါချေ။



သံလက်ဝါးမျက်နှာပျက်သွား၏။

သူ့ကို ကျွမ်ပေက သိသွားပြီ မဟုတ်ပါလော။

သူက ဒမြမဟုတ်ပါ။

ခိုင်ဖုံးမြို့၌ ကျော်ကြားသည့် သိုင်း ဆရာဖြစ်၏။

သူ၏ သိုင်းသင်တန်းကျောင်းသည် လွန်ခဲ့သည့် ၁၀ နှစ် နှစ်ခန့်က ခိုင်ဖုံးမြို့၌ အလွန်ပင် နာမည်ကျော်ခဲ့ပေ၏။

သင်တန်းသားများ အလွန်များပြားခဲ့၍ လက်ဖျား၌ ငွေသီးခဲ့၏။

သူက ငွေကြေး ချမ်းသာကြွယ်ဝလာသောအခါ ပျက်စီးလာသည်။

သင်တန်းကျောင်းတွင် လည်း သေချာကျနစွာ သင်ကြားခြင်း မပြုနိုင်တော့၍ သင်တန်းသားများ တစ်စထက်တစ်စ နည်းလာ၏။

ယခုအခါ သင်တန်းတက်မည့်သူမရှိတော့သဖြင့် သင်တန်းကျောင်းကိုပင် ပိတ်ထားခဲ့ရပြီဖြစ်ပေသည်။

သူ့မှာ ဝင်ငွေမရှိတော့ပါ။

သူ့တွင် လောင်းကစား ခြင်း ကြောင့် ကြွေးများ တင်နေသည်။

ထိုကြေးများကို ရက်ပိုင်းအတွင်း ပြန်မဆပ်နိုင်လျှင် သူ ကွဲရောက်တော့မည်ဖြစ်သည်။

ထို့ကြောင့်.. ကြံရာမရဘဲ ဖြစ်နေရာမှ ကွမ်းပေ ကုန်ဝယ် ထွက်မည့်သတင်းကို သိလိုက်ရသည့်အခါ ဒမြတိုက် လုယက်ရန် စိတ်ကူးမိ၏။

ဒုစရိုက်သမားအချို့ကိုခေါ်၍ သူက ဦးဆောင်နေရာမှ လာ စောင့်၍ လုယက်ခြင်းဖြစ်၏။

ကွမ်းပေလို ကုန်သည်တစ်ယောက်ကို သူက အလွယ်တကူ လုယက်၍ ရမည်ဟု ထင်မိသည်။

ယခု ကွမ်းပေက အစွမ်းကုန်ခုခံလာသောအခါ သူသည် ဒုက္ခတွေ့ရလေပြီ။

ကွမ်းပေက....

'သံလက်ဝါး၊ ခင်ဗျားမို့ လုပ်ရက်တယ်ဗျာ'

သံလက်ဝါးက မဲ့လိုက်သည်။

ကွမ်းပေ သူ့အကြောင်း သိသွားခဲ့ပြီ။

ငွေလုရုံနှင့် မပြီးတော့ပါ။

ကွမ်းပေကိုပါ နှုတ်ပိတ်ရတော့မည်။



ကွမ်းပေ၏သိုင်းပညာမဆိုးပါ။

သို့သော်....သူက ကွမ်းပေကို အလွယ်တကူ သတ်နိုင်စွမ်း ရှိ၏။

စောစောက သူ အထင်သေးခဲ့၍သာ ယခုလို ဖြစ်ရခြင်း ပင်။

သူတွေ့ ကွမ်းပေကို စိုက်ကြည့်လိုက်ပြီး....

'ကွမ်းပေ၊ ခင်ဗျားက ကျုပ်ကိုသိသွားပြီ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်က အသက်ရှင်ခွင့် မပေးနိုင်တော့ဘူး'

ဟု အေးစက်သည့်လေသံဖြင့်ပြောလိုက်၏

ကွမ်းပေ ထိတ်လန့်သွား၏။

'သံလက်ဝါး၊ ဒီကိစ္စ ကျုပ်ဘယ်သူ့ကိုမှမပြောပါဘူး၊ ခင်ဗျား မဟုတ်တာ မလုပ်ပါနဲ့ဗျာ'

သံလက်ဝါးက ခြောက်ကပ်ကပ်ရယ်လိုက်သည်။

'ဟား....ဟား....ဟား....ကွမ်းပေ၊ အခုမှ သေရမှာကို ကြောက်နေရသလား'

ကွမ်းပေ တကယ်ပင်ကြောက်နေ၏။

သူသည် သံလက်ဝါးအား မည်သို့မျှ ယှဉ်ပြိုင်နိုင်စွမ်းမရှိ ကြောင်း သူ့ကိုယ်သူနားလည်ထားသည် မဟုတ်ပါလော။

ကွမ်းပေက....

'သံလက်ဝါး၊ ခင်ဗျားငွေလိုရင် ဟူသွားပါ၊ ကျုပ် အကြောင်းကို မေ့ပစ်လိုက်ပါမယ်၊ ကျုပ် အသက်ကိုတော့ ချမ်းသာပေးပါနော်'

ဟု တောင်းပန်လိုက်၏။

သံလက်ဝါးက ခေါင်းခါယမ်းလိုက်၏။

'ခုမှတော့ မဖြစ်နိုင်တော့ဘူး၊ ကဲ...သေပေတော့'

သူသည် ကွမ်းပေအား လက်ဝါးဖြင့် ပြင်းထန်စွာတ တိုက်ခိုက်လေသည်။

* * *

'အား'

'အမလေး'

ကွမ်းပေ၏ ငယ်သားများသည် ဒမြများ၏ လက်ချက် တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရနေကြ၏။



ထို့အတူ ကွမ်းပေမှာလည်း သံလက်ဝါး၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရသည်။

ကွမ်းပေက ကြိုးစား ခုခံသော်လည်း သိုင်းပညာ အဆင့်ခြင်းက ကွာခြားလှ၏။

သံလက်ဝါးသည် သိုင်းပညာအဆင့်မြင့်သူ တစ်ယောက် ဖြစ်သည်။

အရက်နှင့်လောင်းကစားကြောင့်သာ ပျက်စီးနေသူ ဖြစ်ပြီး၊ သူ၏သိုင်းပညာကမူ ပျက်စီးသွားခြင်းမရှိပါချေ။

'ဝုန်း'

ကွမ်းပေမှာ သံလက်ဝါး၏ လက်ဝါးချက်ကြောင့်နောက်သို့လွင့်စင်သွား၏။

ကွမ်းဧမျက်နှာ ဖြူလျော်သွား၏။

'သံလက်ဝါး ကျုပ်အသက်ကိုချမ်းသာပေးပါဗျာ'

သံလက်ဝါးက အေးစက်စွာ ရယ်မောလိုက်၏။

'အခုမှတော့ မရတော့ဘူး ကွမ်းပေ၊ ဘုရားတရားသာ တပေတော့'

သူသည် ကွမ်းပေအား လက်ဝါးနှင့်ရိုက်ချလိုက်၏။

'ဝုန်း'

ရုတ်တရက် လူရိပ်တစ်ရိပ်ရောက်ရှိလာပြီး၊ သံလက်ဝါး လက်ဝါးချက်ကို ခုခံပေးလိုက်သည်၊

သံလက်ဝါးမှာ နောက်သို့သုံးလှမ်းခန့်ဆုတ်သွား၏။

သံလက်ဝါးက ဝင်လာသူအား ဒေါသတကြီး ကြ လိုက်၏။

ဝင်ရောက်ဟန့်တားသူမှာ အသက် ၄၀ ဝန်းကျင် ရှိသည်။

အညိုရောင်ဝတ်စုံဝတ်ဆင်ထားပြီး ကျောတွင် ဓားတ လက်လွယ်ပိုးထား၏။

သံလက်ဝါးက....

'မင်း ဘယ်သူလဲ၊ ဘာကိစ္စဝင်ရှုပ်တာလဲ'

ထိုလူက....

'ဘာစကားမှမရှည်နဲ့ မင်းသာဒီက မြန်မြန်ထွက်သွာ

သံလက်ဝါးက မဲ့လိုက်ပြီး....

'ဟွန့်... ကျုပ် အလုပ်ဝင်ရှုပ်ရင် ဘယ်သူ့ကိုမှ ကျုပ် အရှင်ထားမှာမဟုတ်ဘူးဗျ'



သူသည် ကြုံးဝါးပြီးနောက် ချက်ချင်းပင် ထိုလူအားခုန်ဝင်ကာ လက်ဝါးဖြင့် ၇ ချက်တိတိရိုက်ချလိုက်သည်။

ထိုလူက ရှောင်တိမ်းခြင်းမပြုပါ။

လက်တစ်ဘက်ဆန့်ထုတ်ကာ သံလက်ဝါး၏လက်ဝါးကို ဖမ်း၍ဆွဲလိုက်၏။

'အွန့်'

အလွန်ပင် လျင်မြန်လှ၏။

သံလက်ဝါးကား သွေးကြောပိတ်ခံလိုက်ရပြီး မြေပေါ် ဘိုင်းခနဲလဲကျသွားတော့သည်။

သံလက်ဝါးသည် သိုင်းတစ်ကွက်နှင့်ပင် ရှုံးနိမ့်သွားရလေသည်။

သံလက်ဝါးရှုံးနိမ့်သွားသည်ကို တွေ့ရသောအခါ ဒမြများသည် ထိတ်လန့်ကာ ထွက်ပြေးသွားကြလေတော့သည်။

* * *

အဖြစ်အပျက်များက လျင်မြန်လှ၏။

ဒမြများ ထွက်ပြေးသွားကြပြီး သံလက်ဝါးမှာမူ မြေပေါ်လဲကျနေ၏။

ကွမ်းပေသည် ချက်ချင်းပင် ဝတ်စုံညိုနှင့်လူအား
ကောက်ကရိုးခေါ်ပြုလိုက်ပြီ—

'မိတ်ဆွေကြီးကို ကျေးဇူးတင်ပါတယ်ဗျာ'

ဟု လှိုက်လှိုက်လှဲလှဲပြောလိုက်၏။

ထိုလူက ကွမ်းပေအား ဖေးမကာထူလိုက်ပြီး....

'မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားကကျုပ်ထက် အသက်ကြီးပါ
တယ်၊ ဒီလောက်မလိုပါဘူး'

'အသက်ကြီးတာ ဘယ်တာနဲ့ မဆိုင်ပါဘူး။ ခင်ဗျားဟာ
ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ အသက်နဲ့ စည်းစိမ်ကို
ထောက်မခဲ့တဲ့ မိတ်ဆွေရဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ'

ထိုလူက ပြုံးလိုက်ပြီး....

'ဒါ လမ်းကြုံလို့ပါဗျာ၊ ကဲ....ထပါ၊ ထပါ'

ဟု ကွမ်းပေအား ဆွဲထူလိုက်၏။

ကွမ်းပေက....

'ကျုပ်က ခိုင်ဖုံးကပျံလွှားပွဲရုံပိုင်ရှင် ကွမ်းပေပါ၊ ကျေး
ဇူးရှင်ရဲ့ အမည်နာမကို သိပါရစေသား'

ထိုသူက....

'ကျုပ်က နန်းဟူလို့ခေါ်ပါတယ်၊ ကဲ...ဒီလူ ကို ခင်ဗျား
ဘယ်လိုလုပ်ချင်သလဲ'



ကွမ်းပေက....

'သူ့ကို သက်ဆိုင်ရာပဲ အပ်လိုက်တာ ကောင်းပါတယ်'

နန်းဟူက...

'ကောင်းပြီလေ ခင်ဗျားသဘောပါပဲ'

'ဒါထက်စကားမစပ် မိတ်ဆွေကြီး နန်းဟူက ဘယ်သွား
မလို့လဲ'

'ကျုပ်က ခိုင်ဖုံးကို မရောက်ဖူးလို့ လာလည်တာပါ'

'ဟာ အဆင်သင့်လိုက်တာ၊ ကျုပ်လဲခရီးဆက်စရာဘူး
ခိုင်ဖုံးကိုပဲပြန်မယ်၊ မိတ်ဆွေက ကျုပ်အိမ်မှာ တည်းခိုပါ၊
ကျုပ်က တလှည့်ကျေးဇူးဆပ်ပါရစေ'

နန်းဟူက သက်ပြင်းချလိုက်ပြီး....

'နေပါစေဗျာ'

ကွမ်းပေက....

'ဘယ်ဟုတ်ပါ့မလဲ၊ ကျုပ်က ခိုင်ဖုံးမြို့ခံပဲ၊ ကျုပ်အိမ်ကို
လာ လိုက်ခဲ့ပါဗျာ၊ ကျုပ်အိမ်မှာနေထိုင်ပြီး ခိုင်ဖုံးမြို့ကို
လှည့်ပတ်ပြပါရစေ'

ဟု အတင်းပင် ဖိတ်ခေါ်လိုက်၏။

နန်းဟူက....

'ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်ပြီး တခမ်းတ
လုပ်နေမယ်ဆိုရင်တော့ ကျုပ်မလိုက်နိုင်ဘူး၊ ကျုပ်ကို သ
ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးလိုပဲ သဘောထားပြုစုရင် တေ
ဘယ်လိုလဲ'

ကမ်းပေက—

'စိတ်ချပါဗျာ'

နန်းဟူက...

'ဒါဆို သွားကြစို့'

သူသည် မြေပေါ်ကဲနေသော သံလက်ဝါးအား
မြင်းလှည်းပေါ်တင်လိုက်၏။

ထို့နောက် ကမ်းပေသည် သူ၏ မြင်းလှည်းတန်း
နောက်ကြောင်းပြန်လှည့်ကာ ခိုင်ဖုံးမြို့သို့သာ ပြန်လာ
တော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာ၏။



မြင်းစီးသမားရှစ်ဦးသည် ခရေ ကျေးရွာလမ်းမအတိုင်း
ဝင်လာကြ၏။

ရှေ့ဆုံးမှ မြင်းစီးသမားသည် အပြာရောင်ဝတ်စုံကို ဝတ်
ဆင်ထား၏။

သူ၏ခါးတွင် တစ်တောင်ခန့်သာရှိသော ငွေဓားနှစ်လက်
ကို ထိုးစိုက်ထား၏။

ထိုလူသည် မြင်းစီးသမားတို့၏ ခေါင်းဆောင်ဖြစ်ဟန်
တူ၏။

သူတို့သည် ရွာလမ်းမအတိုင်း မြင်းကို ခပ်မှန်မှန်စီးနင်း
လာကြပြီး သစ်သားစည်းရိုးခတ်ထားသော ခြံဝင်းရှေ့သို့
ရောက်သောအခါမှ ရပ်တန့်လိုက်ကြ၏။

ငွေဓားနှင့် လူက မြင်းပေါ်မှ ဆင်းလိုက်ပြီး—

'ဆရာကြီး မုယု ရဲ့ အိမ်ပါလား ခင်ဗျာ'

ဟု မေးလိုက်သည်။

သူ၏ အသံက တိုးသည်။

သို့သော် အတွင်းအားနှင့် အဝေးအထိ ပို့လွှတ် မေး
မြန်းခြင်း ဖြစ်သောကြောင့် သစ်လုံးအိမ်အစလးထဲမှ ဝမ်
ကျောင်းတော်လူစု ကောင်းစွာကြားလိုက်ရသည်။

ဝမ်ကျောင်းက အိမ်ထဲမှပြေးထွက်လာ၍ ကြိုဆိုလိုက်သည်။
'မိတ်ဆွေကြီး ကျန်ဖုန်းရှေ့ ရောက်လာပြီကိုး၊ လာ
လာ'

*

ကျန်ဖုန်းရှေ့သည် မုယုံ၏ စကားများကို သေချာစွာ
နားထောင်နေသည်။

မုယုံက....

'ကျုပ်ပြောတာ ဘယ်လိုလဲ၊ သဘောတူနိုင်ရဲ့လား'

ဟု မေးလိုက်သည်။

ကျန်ဖုန်းရှေ့က....



'ကျွန်တော် တစ်သက်စားမကုန်တဲ့ ငွေကြေးအပြည့်အစုံ ရှိပါတယ်၊ ကျွန်တော့်အတွက် ရွှေငွေရတနာဆိုတာ မက်မောစရာကောင်းတဲ့အရာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်းရှင်းလင်းလင်းဖြစ်အောင် အချက်နှစ်ချက်ကို တောင်းဆိုချင်ပါတယ်၊ ဒီအချက်နှစ်ချက်ကို သဘောတူမယ်ဆိုရင် ဒီခရီးစဉ်မှာ ကျွန်တော် လိုက်ပါမယ်၊ အားလုံးအတွက်လဲ အကာအကွယ်ပေးဖို့ ကတိပေးပါတယ်'

ဟု ပြောလိုက်သည်။

မုယုံက ရယ်မောလိုက်သည်။

'ကောင်းတယ်၊ သိုင်းသမားဆိုတာ ဒီလို ပွင့်လင်းပြတ်သားတဲ့ စိတ်ဓာတ်ရှိရမယ်၊ မင်းက ဘာအချက်များတောင်းဆိုချင်သလဲ ပြောပါ'

ကျန်ဖုန်းရှေ့က...

'ဝူစန်းကိုမြို့မှာ ရတနာသိုက်ရှိတယ်ပဲ ဆိုပါတော့၊ ရတနာတွေဟာ အဘယ်တော်များသလဲ'

မုယုံက....

'အတိအကျ အသေအချာ ကျုပ်မပြောနိုင်ဘူး၊ ဒါပေမယ့် ကျုပ် ဖတ်ရှုရတဲ့ ကျမ်းတွေအလိုအရ ရတနာမြောက်မြားစွာ ရှိတယ်'

'ဟုတ်ကဲ့၊ တူ ဆန်းတဲ့ခေါး ဆိုထားကော'

'ဒါလဲ ကျမ်းတွေမှာပါတယ်'

ကျန်ဖုန်းရွှေက....

'ဟုတ်ကဲ့၊ ရတနာတွေရပြီဆိုရင် ကျွန်တော့်အတွက် မလိုအပ်ပေမယ့် ကျွန်တော့်ရဲ့ တပည့်တွေအတွက်တော့ ထိုက်သင့်သလောက် ခွဲဝေပေးပါလို့ တောင်းဆိုချင်ပါတယ်'

မုယုံက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ရရှိလာတဲ့ ရတနာတွေရဲ့ သုံးပုံနှစ်ပုံတို့ ... ဘေး ဒုက္ခသည်တွေအတွက် အသုံးပြုပြီး ကျန်တဲ့ တစ်ပုံကို ခရီးစဉ်မှာပါတဲ့ လူတွေအတွက် ခွဲဝေပေးဖို့ ကျုပ် ဆုံးဖြတ်ထားပါတယ်၊ နောက်တစ်ချက်က ဘာများလဲ'

ကျန်ဖုန်းရွှေ၏မျက်နှာ လေးနက်တည်ကြည်သွားသည်။

'ကျွန်တော် ဒီခရီးစဉ်ကိုလိုက်ဖို့ ဆုံးဖြတ်တာဟာ ... ဆန်းတယ်ဆိုတဲ့ ခေါးကြောင့်ပါပဲ၊ ကျွန်တော်ဟာ ထူးဆန်းတဲ့ ခေါးတွေ ရှေးဟောင်းခေါးတွေကို စုဆောင်းထားတဲ့ ဝါသနာထုံလှပါတယ်'



'ဒါကို ဝမ်ကျောင်း ပြောပြလို့ ကျုပ် သိထားပါတယ်'

'ဟုတ်ကဲ့၊ ဒါကြောင့် ဒီဆန်းပြားတဲ့ခေါးကိုတော့ ကျွန်တော်ကပဲ ပိုင်ဆိုင်ခွင့်ပြုပါလို့ တောင်းဆိုချင်တာပါ'

မုယုံက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'မင်းရဲ့ တောင်းဆိုချက်က သဘာဝကျပါတယ်၊ ကျုပ် လိုက်လျောနိုင်ပါတယ်ဗျာ'

ကျန်ဖုန်းရွှေ၏မျက်နှာ ဝင်းလက်သွားသည်။

'ဒါဆို ကျွန်တော် ဒီခရီးစဉ်မှာ ပါဝင်လိုက်ပါပြီ'

မုယုံက....

'ဒီခရီးစဉ်ရဲ့အဓိကကျသူက မင်းပဲ၊ ခရီးကြမ်းတစ်လျှောက် တွေ့ကြုံလာရမယ့် ပြဿနာတွေကို မင်းက ရှေ့ဆုံးက ရင်ဆိုင်ရမှာ သေချာတယ်၊ ဒီတော့ အားလုံးထဲမှာ မင်းဟာ အသက် အန္တရာယ် အကြီးဆုံးဆိုတာကို သတိပေးပါရစေ'

ဟု ပြောသည်။

ကျန်ဖုန်းရွှေက ထီမထင်ဟန်ဖြင့် ပြုံး၍...

'ကျွန်တော်က သိုင်းလောကသား တစ်ယောက်ပါ၊ အသက်အန္တရာယ်နဲ့ မကြာခဏ ကြုံဖူးပါတယ်၊ အခု ခရီးစဉ်က အလွန်ကျောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ စွန့်စားလာကြ

မှာပဲ ကျန်တော် ဘယ်လိုအခက်အခဲ အတားအဆီး အန္တရာယ်ကိုမှ မမှုပါဘူး'

'မုယုံက—

'ကျုပ် ငမ်းသာလိုက်တာ၊ လောကကြီးမှာ မင်းတို့လို ကိုယ်ကျိုးဖက်တဲ့ စွန့်စားဝံ့သူတွေ အများကြီးပေါ်ပေါက်လာပါစေကွာ'

ကျန်ဖုန့်ရွှေက ...

'ခရီးကို ဘယ်တော့စမလဲ'

မုယုံက—

'မနက်ဖြန်မနက်ပဲ ခရီးထွက်ကြ၊ မင်းတို့ လမ်းမှာသုံးစွဲဖို့ ငွေကြေးကအစ ဆေးဝါးနဲ့ စားနပ်ရိက္ခာတွေ ကျုပ်အသင့်လုပ်ထားတယ်'

'ဟုတ်ကဲ့'

မုယုံက ဝမ်ကျောင်းဘက် လှည့်ပြီး ...

'ဝမ်ကျောင်း၊ ထိုက်ကြူးမြို့အောက်ရှင် လက်နှစ်ဘက်ကိုရှာပါ၊ သူ့ကို ကျုပ်မှာထားတယ်၊ ထိုက်ဟန်စန်းတောင်ကို ကျမ်းကျင်တဲ့လမ်းပြ သူရှာပေးလိမ့်မယ်'



'ဟုတ်ကဲ့ အဘ'

'လက်နှစ်ဖက်ဟာ နေရာအတိအကျ မရှိဘူး၊ ဒါပေမယ့် သူဟာ ထိုက်ကြူးမြို့မှာပဲ နေနေမျာတာ၊ တစ်လမှာ ရက်နှစ်ဆယ်လောက် ရှိပါတယ်၊ မင်းတို့ သူနဲ့တွေ့ဖို့ မှာလိုက်ပါတယ်၊ တကယ်လို့ သူ ခရီးထွက်သွားရင်လဲ ဆယ်ရက်အထိ စောင့်ပါ၊ သူဟာ ကျုပ်ရဲ့အမှာစကား ရခဲ့ရင်တော့ ဘယ်မှ မသွားပဲ မင်းတို့ကို စောင့်နေပါလိမ့်မယ်'

'ဟုတ်ကဲ့...အဘ'

'ကဲ...စောစောစီးစီး အနားယူထားကြပေတော့၊ မနက်ကျရင် ခရီးထွက်ရမယ်'

အားလုံး ဂါရဝပြုကြသည်။

ထို့နောက် သူတို့သည် အသီးသီး အခန်းထဲဝင်ကြကာ အနားယူလေတော့သည်။

ညဉ့်နက်နေပြီ ဖြစ်သည်။

ရှောင်လန်းသည် တောလမ်းကလေးအတိုင်း လျှောက်လာသည်။

အရှေ့ဘက်တွင် ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။

’အင်း—မောလိုက်တာ၊ ခဏနားဦးမှပဲ’

သူက ထိုသစ်ပင်အောက်တွင် ခေတ္တထိုင်ကာ အနားယူလိုက်သည်။

သစ်ပင်က ကြီးမားလှ၏။

ထိုသစ်ပင်၏ ပင်စည်သည် လူလေးယောက် လက်ဆန့်ထုတ်ပြီး ဖက်လျှင်ပင် ရပါမည်လောဟု ထင်မိ၏။

သူက သစ်ပင်ကြီးကို ကြည့်လိုက်သည်။

ထိုအခါ သစ်ပင်ကြီး၏ ပင်စည်တစ်နေရာတွင် ရှစ်ကွက်အင်းတစ်ခု ရေးဆွဲထားသည်ကို တွေ့ရသည်။

‘ရှစ်ကွက်အင်းပါလား’

သူက ထို အင်းပုံကို ကိုင်ကြည့်လိုက်သည်။



ထိုအခါ ရှေပြားပေါ်တွင် ရေးထိုးကာ သစ်ပင်အတွင်း မြုပ်နှံထားခြင်း ဖြစ်သည်ကို တွေ့ရသည်။

‘အံ့ဩစရာပါလား’

ထိုစဉ် စကားသံ ထွက်ပေါ်လာ၏။

‘ရှေ့ကိုဆက်လာခဲ့၊ ဒီထက် အံ့ဩစေရမယ်’

ရှောင်လန်း ထိတ်လန့်သွား၏။

စကားပြောသံ ထွက်ပေါ်လာရာကို လှည့်ပတ် ကြည့်ရှုရှာဖွေလိုက်၏။

ဘာဆိုဘာမှ မတွေ့ရပါ။

သက်ရှိလူသားတစ်ယောက်ကိုမှ မတွေ့ရပါ။

သူက ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

မကြာမီ လှပသောပန်းခင်းတစ်ခုကို တွေ့ရ၏။

ပန်းပွင့်များ ကား လင်ပန်းကြီး တမျှ ကြီးမား၏။

နီစွေးသော အဆင်းရှိ၏။

ပင်စည်မှာ ပေါင်လုံးခန့်ရှိပြီး လူတစ်ရပ်သာမြင့်၏။

အရွက်မရှိပါ။

အပင်၏ ထိပ်မှ ပန်းပွင့်နေ၏။

‘ထူးဆန်းလိုက်တာ’

ထိုပန်းပွင့်မျိုး ပန်းပင်မျိုး မမြင်ဘူးပါ။

ထိုပန်းပင်များသည် လမ်း၏ဘယ်ညာတွင် တခြားပန်းပင်များကြားတွင် ပေါက်နေပေသည်။

ပန်းပွင့်သောအပင်ပါ အနီရောင် တောက်ပလှ၏။

ထိုအနီရောင်သည် ပန်းခင်းအတွင်း ထင်ရှားပေါ်လွင်နေသည်။

ထိုအခိုက် တောအုပ်ချုံနွယ်များကြားမှ သမင်ကလေးတစ်ကောင်သည် ပြေးထွက်လာ၏။

ရှောင်လန်းအား မြင်သောအခါ တုန့်ခနဲ ရပ်တန့်သွားသည်။

ထို့နောက် ပန်းခင်းကြားသို့ လမ်းအတိုင်း ပြေးဝင်သွား၏။

ထိုစဉ် ထင်မှတ်မထားသောအဖြစ်အပျက်က ပေါ်ပေါက်လာ၏။

အနီရောင် အဆင်းရှိသော ပန်းပင်သည် ရုတ်ခြည်းပင် ကွေးညွတ်ကျလာပြီး ပြေးဝင်လာသောသမင်ငယ်ကို ရစ်ပတ်ဆွဲယူလိုက်၏။

သမင်ငယ်သည် ယက်ကန်ယက်ကန်နှင့်ပါသွားသည်။



ထိုစဉ် ပန်းပွင့်သည် ပွင့်အာလာပြီး သမင်ငယ်အား စုပ်ယူလိုက်၏။

သမင်ငယ်မှာ ပန်းပွင့်အတွင်းသို့ ရှန်းကန်ရင်း မှ တဖြည်းဖြည်း ဝင်သွားသည်ကို တွေ့လိုက်ရ၏။

'အား'

သူသည် ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်၏။

* *

'အား....'

ရှောင်လန်း၏ အော်သံကြောင့် ဝမ်ကျောင်းလန့်နိုးလာသည်။

'ရှောင်လန်း....ရှောင်လန်း'

သူက ရှောင်လန်းအား လှုပ်နှိုးလိုက်၏။

'ဘာဖြစ်တာလဲ'

ရှောင်လန်းက အိပ်ရာမှ ဝဲယာကို ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းချရင်း...,

'ကြော်—ကျွန်တော်က အိပ်မက် မက်နေတာကိုး'

ဟု စိတ်သက်သာရာရသွားဟန်ဖြင့် ပြောသည်။

ဝမ်ကျောင်းက—

'ဘာများ မက်နေပြန်ပြီလဲ၊ မင်းရဲ့ မူလ အိပ်မက်ပဲလား'

သူက....

'မဟုတ်ဘူး၊ ကျွန်တော့် တောထဲရောက်နေတယ်'

ဝမ်ကျောင်းက ပြုံးလိုက်၏။

'မနက် ခရီးထွက်ရမယ်ဆိုလို့ မင်းစိတ်စွဲပြီး မက်တာပါကွဲ—ပြန်အိပ် .. ပြန်အိပ်၊ စောသေးတယ်'

သူက....

'ကျွန်တော်ကြောင့် ဆရာအိပ်ရေးပျက်သွားပြီ၊ ကျွန်တော် တောင်းပန်ပါတယ်'



'ကိစ္စမရှိပါဘူး၊ ပြန်အိပ်၊ ကျုပ်လဲ ပြန်အိပ်ဦးမယ်'

ဝမ်ကျောင်းက သူ့နေရာတွင် သူပြန်လှဲလိုက်သည်။

တစ်ခဏအတွင်း ဝမ်ကျောင်းထံမှ ဟောက်သံထွက်ပေါ်လာ၏။

ရှောင်လန်းမှာမူ အိပ်မပျော်နိုင်ပါ။

သူ၏မျက်စိထဲတွင် အိုပ်မက်ထဲမှ အဲသားစား ဝန်ပင်နီကိုသာ မြင်ယောင်နေမိလေတော့သည်။

* * *

နောက်တစ်နေ့ နံနက်....

ဝမ်ကျောင်းတို့လူစုသည် မုယုံကို ဂါရဝပြု နှုတ်ဆက်လိုက်သည်။

ထို့နောက်...မှယူ စီစဉ်ထားသော မြင်းလှည်းနှင့် ခရီး စတင် ထွက်လာကြသည်။

လှည်းပေါ်တွင် ရိက္ခာခြောက်များနှင့် ဆေးဝါးများ အပြည့် ပါရှိ၏။

ဝမ်ကျောင်းနှင့်ရှောင်လန်းတို့က လှည်းစီး၍ ကျန်ဖုန်း ရွှေတို့လူစုက မြင်းကိုယ်စီဖြင့် လိုက်ပါလာကြသည်။

သူတို့၏ ဦးတည်ရာသည် ထိုက်ကြူးမြို့ပင်ဖြစ်သည်။

ထိုက်ကြူးမြို့တွင် လမ်းပြဝင်ခေါ်ရမည် မဟုတ်ပါလား ကျန်ဖုန်းရွှေသည် သိုင်းလောကတွင် ကျင်လည်ကျက်စား ခဲ့သူတစ်ယောက်ဖြစ်ပြီး လမ်းခရီးများကို ကောင်းစွာသိ၏ ထို့ကြောင့်—ထိုက်ကြူးမြို့အထိ ခရီးကို သူကပင် ဦး ဆောင်လိုက်သည်။

ခရေကျေးရွာမှ ထိုက်ကြူးမြို့အထိ ဆယ်ရက်ခန့် ခရီး နှင်ရမည်ဖြစ်သည်။

ထိုခရီးသည် ပျင်းရိဖွယ်ရာကောင်းတော့သည်။

သူတို့အတွက် ထိုက်ဟန်စန်းတောင်ခြေရောက်တော့မှသာ စတင် လှုပ်ရှားရမည်ဖြစ်၏၊

ထို့ကြောင့်လည်း ကျန်ဖုန်းရွှေက ခရီးပြင်းမနှင်းပါ။



နောက်ကိစ္စများအတွက် ယခုထဲက အင်အား ပြည့်ဝနေ စေရန် ခရီးကို ပုံမှန်သာဆက်လာသည်။

အစားအသောက်အတွက်လည်း ထိုက်ဟန်စန်းတောင် မရောက်မချင်း လမ်းခရီးတွင် ရပ်နား စားသောက်သွားရန် ဆုံးဖြတ်ထားသည်။

ထို့ကြောင့်—သူတို့၏ ခရီးစဉ်ပထမပိုင်းသည် စွန့်စားခန်း မရှိဘဲ ပျော်ပွဲစားထွက်သည်နှင့်သာ တူနေပေသည်။

သို့သော်—အားလုံး၏ ရင်ထဲ၌မူ ရှေ့ခရီးကို တွေးတော ၍ စိတ်လှုပ်ရှားနေကြသည်ကတော့ မငြင်းနိုင်သောအရာပင် ဖြစ်ပါသည်။

မင်းလမ်းမ....

မင်းလမ်းမက စည်ကားလှ၏။

လမ်းဘေးတစ်ဘက်တစ်ချက်တွင် ဈေးသည်များ အစီအရီ ရှိသည်။

လမ်းပေါ်တွင် လူသွားလူလာများမပြတ်ရှိနေသည်။

ဤမြင်ကွင်းသည် ခိုင်ဖုံးမြို့၏ နေ့စဉ် နံနက်နှင့် ညနေဆိုလျှင် တွေ့မည့် မြင်ကွင်းတစ်ခုပင် ဖြစ်ပါသည်။

ယနေ့ ညနေ—

နေဝင်တော့မည် ဖြစ်သည်။

ထိုအချိန်တွင် မြို့တံခါးမှတဆင့် မြို့ထဲသို့ မင်းလမ်းမအတိုင်း မြင်းလှည်းတစ်စီးဝင်ရောက်လာသည်။

လမ်းမပေါ်တွင် လူများ သွားလာနေသောကြောင့် မြင်းလှည်းသမားက မြင်းကို ခပ်ဖြည်းဖြည်းပင် မောင်းလာခဲ့၏။

ထို့နောက် မင်းလမ်းမမှတစ်ဆင့် ညာဘက်လမ်းကျယ်တစ်ခုထဲသို့ ချိုးကွေ့လိုက်လေသည်။

ထိုအခါ 'ပျံလွှားပွဲရုံ'ဟူသော ဆိုင်းဘုတ်ကို ထင်ရှားစွာပင် မြင်လိုက်ရသည်။



လှည်းသည် ပွဲရုံရှေ့တွင် ရပ်သွားသည်။
ပွဲရုံအဆောက်အအုံသည် ခြံဝင်းထိပ်တွင်ရှိသည်။
အိမ်ဂေဟာမှာ ပွဲရုံ၏ အနောက်ဘက် ခြံဝင်းထဲတွင် ရှိသည်။

မြင်းလှည်း ပြတင်းတံခါးပွင့်သွားပြီး....

'ဖေဖေ ရှိလားဟေ့'.

ကွမ်းကျုံက ခေါင်းပြူထွက်လာပြီး ပွဲရုံထဲသို့ လှမ်းအော်မေးလိုက်သည်။

ပွဲရုံထဲမှ အလုပ်သမားများသည် သူ့ကိုတွေ့သောအခါ ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

'သခင်လေး ပြန်လာပြီဟေ့'

'သခင်လေး၊ အခုမှ ရောက်တာလား'

ကွမ်းကျုံက—

'အေး—ဖေဖေကော'

အလုပ်သမားတစ်ဦးက—

'အိမ်ထဲမှာ'

သူ မျက်မှောင်ကုတ်သွား၏။

သူ၏ဖခင်သည် နံနက် နေမထွက်မီကစ၍ ပွဲရုံတွင်နေထိုင်ရာ ညဦးချုပ်တော့မှသာ အိမ်ဘက်ကူးတတ်သည်။

ဤကား သူငယ်စဉ်ကပင် တွေ့ကြုံခဲ့ရသော သူဖခင်၏ စရိုက် ဖြစ်သည်။

တော်ရုံနှင့် အိမ်ထဲမနေပါ။

လမ်ကျုံ ရင်ထိတ်သွားပြီး

'ဖေဖေ ...ဘာဖြစ်လို့လဲ၊ နေမှကောင်းရဲ့လား'

ဟု စိုးရိမ်စွာ မေးလိုက်သည်။

အလုပ်သမားက....

'သခင်ကြီး နေကောင်း ပါတယ်၊ ဘာမှမဖြစ်ပါဘူး'

'ဒါဆို ဘာလို့ အိမ်ကို အစောကြီး ပြန်သွားရတာလဲ'

'သခင်ကြီးဆီ ဧည့်သည်ရောက်နေလို့ပါ'

ကွမ်ကျုံမှာ ယခုမှ စိတ်အေးသွားသည်။

သူသည် မြင်းလှည်းသမားကို ခြံဝင်းထဲ မောင်းဝင်ရန် အမိန့်ပေးလိုက်လေသည်။

* *



'ဖေဖေ'

ကွမ်ကျုံက အိမ်တွင်းပြေးဝင်ကာ ဖခင်ကို ပွေ့ဖက်လိုက်သည်။

ကွမ်ပေကလည်း အားရဝမ်းသာ ဖက်လိုက်သည်။

'သား ပြန်လာပြီလား၊ ဖေဖေက သားမနေ့ကတည်းက ပြန်ရောက်မယ်လို့ ထင်နေတာ'

ကွမ်ကျုံက....

'အမှန်က စောစောပြန်ရောက်ဖို့၊ ရှောင်လန်းကြောင့် ကြာသွားတာ'

'ဟုတ်လား၊ ဒါနဲ့ သား ဘယ်အဆင့်နဲ့အောင်လဲ'

ကွမ်ကျုံက ရင်ကော့ပြီး....

'ဖေဖေ့ သားပဲ၊ အဆင့်တစ်ဆယ်နဲ့ အောင်မြင်ခဲ့တယ်'

'ဒါမှ ငါ့သားကွ'

ကွမ်ပေက ဝမ်းသာအားရ ချီးကျူးလိုက်သည်။

ကွမ်ပေသည် စာပေကို အနည်းငယ်သာ တတ်၏။

သူ့သားကိုမူ စာတတ်ပေတတ် ဖြစ်စေချင်သည်။

သူကဲ့သို့ ကုန်သည်တဝထက် မင်းမှုထမ်း အရာရှိတဝနှင့် နေစေချင်သည်။ ထို့ကြောင့်လည်း သူက ငွေကုန်ကြေးကျခံ၍ တာ တန်ရှုတ် စာပေ သင်တန်းကျောင်းသို့ ပို့ပေးခဲ့ခြင်းပင် ဖြစ်သည်။

ကွမ်ကျုံက ယာခုမှ ညှိခန်းတွင်း၌ လူစိမ်းတစ်ယောက် ရှိနေသည်ကို သတိပြုမိသွားသည်။

လူစိမ်းက သူ့ကို ပြုံး၍ ကြည့်နေသဖြင့် သူထံသည်း ပြန်လည်၍ ပြုံးပြလိုက်သည်။

ကွမ်ပေက....

'ကဲ...လာ၊ သားနဲ့ မိတ်ဆက်ပေးရဦးမယ်'

သူက နန်းဟူတာ ကို လှည့်ကာ...

'ဒါက ကျုပ်ရဲ့ တစ်ဦးတည်းသောသား ကွမ်ကျုံပါ၊ အခုပဲ တန်ရှုတ်သင်တန်းကျောင်းက ပြန်လာတာ၊ သင်တန်း အဆင့်တစ်ဆယ်တောင် ရခဲ့တယ်ဗျ'

ဟု ဂုဏ်ယူဝင့်ကြွားစွာ မိတ်ဆက်ပေးသည်။

နန်းဟူက....



'ဟာ...တကယ်တော်တာပဲ၊ တန်ရှုတ် သင်တန်းကျောင်းမှာ ဒီအဆင့်အထိ ရခဲ့တယ်ဆိုတာ တကယ်ကို ထူးချွန်မှုကွ၊ မင်းကို ကျုပ် ချီးကျူးပါတယ်'

ဟု ဝမ်းသာအားရ ပြောသည်။

ကွမ်ပေက...

'သား—သူကတော့ ဖေဖေ့ရဲ့ မိတ်ဆွေ၊ ကျေးဇူးရှင်ဆိုလဲ ဟုတ်တဲ့ နန်းဟူတဲ့'

သူက အရိုအသေပြု၍...

'သိကျွမ်းတော့ ဝမ်းသာပါတယ် ခင်ဗျာ'

'ကျုပ်ကလဲ ဝမ်းသာပါတယ်၊ ကဲ...ငါတူလဲ ခရီးပန်းလာတယ်၊ အနားယူချင် ယူပါ'

ကွမ်ပေက....

'ဟုတ်သားပဲ၊ ကဲ—သား၊ ခဏ အနားယူဦး၊ ပြီးမှ ညစာ အတူစားကြတာပေါ့'

'ဟုတ်ကဲ့ ဖေဖေ'

ကွမ်ပေသည် သားဖြစ်သူအတွက် ဂုဏ်ပြုညစာ စိတ်ညို
သည်။

ထိုစားပွဲတွင် အခြားသူမပါပါ။

ကွမ်ပေ၊ ကွမ်ကျုံနှင့် နန်းဟူတို့သာ ဖြစ်ကြသည်။

ထိုထမင်းစားပွဲတွင် ကွမ်ကျုံ၏ အသံကသာ လှမ်း
နေသည်။

သူသည် သင်တန်းကျောင်းမှ အတွေ့အကြုံများကိုမမေ
နိုင် မမေးနိုင်တဲ ပြောပြနေလေသည်။

ထိုသို့ပြောရင်းမှ သတိရလာပြီ....

'ဖြော်....ဒါထက်သား၊ မနက်ဖြန် လုယာန်မြို့ကို ခေါ်သွား
မယ်'

ဟု ခွင့်တောင်းလိုက်၏။

ကွမ်ပေက မျက်မှောင်ကုပ်သွားပြီး....

'သား အမှုမှရောက်တက်၊ ခဏတော့ နားပါဦးလာ
နောက်မှ လုယာန်းကိုသွားပေါ့'

ကွမ်ကျုံက—



'ကိစ္စရှိလို့ပါဖေဖေ'

'ဘာကိစ္စလဲ'

'ရှောင်လန်းက အိမ်မပြင်ဖြစ်တဲ ခရီး ထွက်ဘားတဲ့
အကြောင်း၊ သူ့အိမ်ကို သွားပြောပေးရမှာမို့ပါ'

ကွမ်ပေက....

'ရှောင်လန်းက အိမ်မပြန်တဲ ဘယ်သွားသလဲ၊ တယ်
ဆိုးတဲ့ ကလေးပါလား'

ကွမ်ကျုံက....

'ရှောင်လန်းက မဆိုးပါဘူး၊ တကယ့်ကိုထက်တဲ့ လူပါ၊
သူက အခု ခရီးထွက်သွားတာက ရတနာတွေ သွားရှာကြ
တာပါ'

အဖေက....

'ရတနာ သွားရှာတာဟုတ်လား'

ကွမ်ကျုံက....

'ဟုတ်ပါတယ် ဖေဖေ၊ သူတို့ဟာ ထိုက်ဟန်စန်း တောင်
တန်းပေါ်က ရှေးဟောင်းမြို့ပျက်ကို သွားရှာကြတယ်၊ အဲဒီ

မြို့ပျက်ကိုတွေ့ရင် ရတနာသာမက အမြောက်အမြား ရမယ်တဲ့၊ သားကိုတော့ဝင် ရှောင်ယန်းကခေါ်သေးတယ်၊ သားက ဖေဖေတို့ကို အာမပြောပြ ခွင့်တောင်းခြင်း မရှိဘဲ လိုက်သွားချင်တာနဲ့ အိမ်ပဲပြန်လာတာပါ'

နန်းဟူက....

'မြို့ပျက်ရတနာ ဟုတ်လား'

ကွမ်ကျုံက—

'ဟုတ်တယ်၊ ဝူစန်းဟိုမြို့ပျက်ဟာ ရတနာသိုက်တစ်ခုပဲ'

ကွမ်ပေက...

'နေပါဦး၊ ဖေဖေမေးပါရစေဦး'

'မေးပါဖေဖေ'

'အဲဒီဝူစန်းဟို မြို့ပျက်မှာ ရတနာတွေရှိတယ်လို့ ဘယ်သူပြောသလဲ၊ သူတို့ဘယ်လိုသိသလဲ'

ကွမ်ကျုံက....

ဒီအကြောင်း ပြောရရင် အရှည်ကြီးပဲ၊ လိုရင်း ပြောရရင်တော့ ဒီကိစ္စဟာ ဘဘမုလု စီစဉ်တဲ့ကိစ္စ၊ ဘဘမုယုက ဒီရတနာသိုက်ကို ရှာဖွေဖို့ လမ်းညွှန်ပေးတာပဲ'



သူသည် အစားအသောက်ကို လက်စသတ်လိုက်ပြီး—

'ကဲ—ကျွန်တော်သွားရမှာလား ဖေဖေ'

ဖေဖေက....

'အေး သွားပြောပေးလိုက်ပါကွယ်၊ ဒါပေမယ့် သား ဘယ်မှ လျှောက်မသွားတဲ့ ချက်ချင်းပြန်လာခဲ့နော်'

ကွမ်ကျုံက....

'ဟုတ်ကဲ့ဖေဖေ၊ မနက်စောစောပဲ ထသွားမယ်၊ တစ်ရက်ပဲ ကြာမယ်'

'ကောင်းပြီ၊ ကောင်းပြီ'

ကွမ်းကျုံက....

'ကဲ....ဖေဖေနဲ့ဦး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

သူသည် ဖခင်နှင့် နန်းဟူတို့အား နှုတ်ဆက်ကာ ထမင်းစားပွဲမှ ထလာခဲ့လေတော့သည်။

* * *

ကုမ်းပေက စန်းဟူ၏အရက်ခွက်အတွင်း အရက်ထည့်ပေးလိုက်၏။

နှစ်ချို့ဝါးရွက်စိမ်းအရက်နံ့က သင်းပျံ့နေ၏။

ထိုနှစ်ချို့ဝါးရွက်စိမ်း အရက်အိုးမှာ ကုမ်းပေက သေသေချာချာ မြေတိုက်ခန်းတွင် သိမ်းဆည်းထားခြင်း ဖြစ်သည်။

နှစ်ချို့ဝါးရွက်စိမ်းအရက်ကိုဝယ်ကာ သူ့ထံတွင်ပင်ထပ်၍ စိမ်ထားခြင်းဖြစ်သည်။

နန်းဟူအား အထူးဧည့်သည်အဖြစ် သတ်မှတ်ပြီး သိမ်းဆည်းထားသော အရက်ကို ထုတ်ကာ ဧည့်ခံခြင်းဖြစ်၏။

နန်းဟူက....

'တယ်ကောင်းတဲ့ အရက်ပဲ၊ ပီကင်း နေပြည်တော်မှာတောင် ဒီလောက်ကောင်းတဲ့အရက်မျိုး ကျုပ်မသောက်ခဲ့ရဘူး'

ဟု ချီးကျူးလိုက်၏။

သူက....



'ဒါက ကျုပ်က သီးသန့်ထပ်ပြီး စိမ်ထားလို့ပါ'

'ဪ...ဒါကြောင့် ဒီလောက်ကောင်းတာကိုး'

သူက....

'အင်း....ကလေးတွေများခက်တယ်၊ ရတနာသိုက်ဆိုတာနဲ့ စိတ်ဝင်စားလိုက်ကြတာပဲ'

နန်းဟူက ပြုံး၏။

'သူတို့မပြောနဲ့လေ၊ ဒီအကြောင်း ကြားတော့ ကျုပ်တောင်မှ စိတ်ဝင်စားမိသေးတာပဲ'

ကုမ်းပေက....

'ခင်ဗျားက စိတ်ဝင်စားတယ် ဟုတ်လား'

'စိတ်ဝင်စားတာပေါ့ဗျာ၊ ဘယ်သူမဆို၊ ချမ်းချမ်းသာသာ နေချင်ကြတာပဲ'

'ဟုတ်တယ်ဗျ၊ ကျုပ်လဲ ခြေသလုံးအိမ်ဘိုင်လျှောက်သွားနေရတဲ့ သိုင်းသမားဘဝကို စိတ်ကုန်လာပြီ၊ အေးအေးဆေးဆေး ဇိမ်ကျကျ နေထိုင်ချင်တာဗျ'

ကုမ်းပေက ရယ်မောလိုက်ပြီး....

'ဒီလို ရတနာသိုက်ဆိုတာက ယုံတမ်းစကားတွေပါဗျာ'

နန် ဟူက....

'ကျုပ်လဲ သိုင်းလောကထဲ သွားလာရင်း ရတနာသိုက် အကြောင်းတွေလေ့လာခဲ့ဖူးပါတယ်၊ တစ်ခုမှ အခြေအမြစ် မရှိပါဘူး'

'ဒါဆို ခင်ဗျားက အခုမှ ဘာကြောင့် စိတ်ဝင်စားရတာ တာလဲ'

'မုယု' က ပြောပြ စိတ်စဉ်တယ်ဆိုတဲ့စကားကြောင့်ပါ'

သူက မျက်မှောင်ကုပ်သွား၏။

'မုယု'....မုယုံဆိုတာ ဘယ်သူလဲ'

နန်းဟူက—

'မုယု' ဆိုတာ ကျုပ်တို့ နေပြည်တော်တလွှားမှာ ဟိုးဟိုး ကျော်နေတဲ့ ပညာရှိကြီးတစ်ဦးဗျ'

သူက တွေဝေသွား၏။

နန်းဟူက ဆက်ပြော၏။

'မုယု' ဟာ စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည့်ဝတယ်၊ သူဟာ စကားကို လွယ်လွယ်နဲ့ ပြောတတ်တဲ့ လူတစ်ယောက် မဟုတ်



'ဟုတ်ကို ဟုတ်တယ်ဗျ၊ ခင်ဗျား စိတ်မပါရင်နေပါ၊ ခရီးစဉ်ကို ကျုပ်အတွက် မေးပေး၊ ကျုပ် ဖြစ်အောင်သွားမယ်'

ထိုသို့ဆိုလာသောအခါ ကျွမ်းပေမှာ အင်တင်တင်မလုပ် တော့ပါ။

ရတနာသိုက်ဟူသည်ကို မြင်ယောင်မိ၏။

လောဘက ဖက်တွယ်လာပြီ မဟုတ်ပါလား။

'ဘာကြောင့် လောနေတာလဲ၊ ကျုပ်လဲ ဒီလိုအခွင့်အရေး ကို ဘယ်လက်လွှတ်ခံနိုင်မှာလဲဗျာ'

'ဟုတ်ား ဟား ဟား'

နန်းဟူက သဘောကျစွာ ရယ်မောလိုက်၏။

ကျွမ်းပေက....

'ကျုပ်တား ပြန်လာတော့ ဒီအကြောင်းကို သေသေ ချာချာ မေးကြည့်ပါဦးမယ်၊ သေချာရင် ကျုပ်တို့ စိစဉ် လိုက်ကြတာပေါ့၊ ဘယ်လိုလဲ'

နန် ဟူက—

'ခင်ဗျားက ဝရိတ်သာထုတ်၊ ကျုပ်က အားလုံး လုပ်ကိုမယ်၊ ရလာသမျှ တစ်ယောက်တစ်ဝက်ပေါ့'

ကွမ်းပေ မျက်လုံးပြူးသွားသည်။

'ကောင်းတယ်'

နန်းဟူက....

'ကွမ်ကျုံး ပြန်လာရင် သေသေချာချာမေးကြည့်ရမယ် ကျုပ်တို့ သိပ်နောက်ကျလို့တော့ မဖြစ်ဘူး'

'ကောင်းပါပြီဗျာ၊ ကျုပ်ကတော့ ဘာမှ သိပ်မသိဘူး ဒီခရီးသွားကြမယ်ဆိုရင်လဲ ခင်ဗျားပဲ ဦးဆောင်ရလိမ့်မယ်'

'စိတ်ချ၊ ကျုပ်နဲ့ ပူးပေါင်းရင် ခင်ဗျားရော ကျုပ်ရော လူချမ်းသာတွေ ဖြစ်ရမှာပေါ့ဗျာ'

'ဟား ဟား ဟား'

နှစ်ယောက်စလုံး၏ အာရုံထဲတွင် ရွှေငွေရတနာများ များစွာကို မြင်ယောင်နေကြလေတော့သည်။



ကွမ်ကျုံးက—

'ဒီကိစ္စကို ဖေဖေ စိတ်ဝင်စားတယ်၊ ဟုတ်လား'

သူ၏ အသံက အံ့သြသံဖုံးလွှမ်းနေသည်။

ကွမ်းပေက ခေါင်းညိတ်လိုက်ပြီး—

'ဟုတ်တယ်၊ လူတိုင်းဟာ ငွေကြေး ချမ်းသာကြွယ်ဝချင်ကြတာပဲ'

ကွမ်ကျုံးက....

'မဟုတ်သေးပါဘူး ဖေဖေ'

'ဟုတ်ပါတယ်ကွာ၊ ဒါကြောင့်လဲ မင်းဆရာဝမ်ကျောင်းနှင့် ရှောင်လန်းတို့က စွန့်စားသွားကြတာပေါ့'

ကွမ်ကျုံးက....

'သူတို့ ရတနာသိုက်ကိုသွားရှာတာဟာ သူတို့ကိုယ်ကျိုးအတွက် မဟုတ်ကြပါဘူး'

'ဟေ ဒါဆို ဘယ်သူ့အကျိုးအတွက်လဲ၊ မုယုံ အတွက်လား'

ကွမ်းပေက ငေါ်ကာ မေးလိုက်သည်။

ကွမ်ကျုံးက
'ဘာဘာ ယူ အတွက်လဲ မဟုတ်ဖူး၊ ဒီရတနာတွေရလာ ရင် ဖြစ်ဝါမြစ် ရေဘေးဒုက္ခသည်တွေအတွက်သုံးမှာပါ'

'ဟား ဟား ဟား'

ကွမ်းပေက ရယ်မောလိုက်၏။

ကွမ်ကျုံးက....

'ဖေဖေ ဘာရယ်တာလဲ'

'ဩော်...သူတို့ကို သဘောကျလို့ပါ၊ ထားပါတော့ ဒီရတနာသိုက်မှာ ရွှေငွေတွေအများကြီးပဲဆို'

'ဟုတ်ပါတယ်'

'အေးလေ၊ ဖေဖေတို့ နည်းနည်းဝင်ယူလဲ ဘယ်ကျ မှာလဲကွ'

ကွမ်ကျုံး တွေဝေသွားသည်။

ကွမ်းပေက....

'အခုတစ်လော ဖေဖေရဲ့ ပွဲရုံကလဲ သိပ်မအောင်မြင် ဖေဖေ့ အတွက် ကိစ္စမရှိပါဘူး၊ ဟောဒီက ဖေဖေ့ သ လေးကို တောကကြီးမှာ မျက်နှာမငယ်ရဘဲ ချမ်းချမ်းသ သာနဲ့ လိုလေသေးမရှိ သွားနိုင်အောင် ဖေဖေ စေတနာ



ဟု လေသံပျော့နှင့် ပြောလိုက်၏။
ကွမ်ကျုံက....

'ခရီးက အလွန်ကြမ်းတယ်၊ အန္တရာယ်များတယ်တဲ့'

တစ်ချိန်လုံး ငြိမ်နေသော နန်းဟူက ဝင်ပြောသည်။

'ကျုပ်တစ်ယောက်လုံး ရှိပါတယ်ကွာ'

ကွမ်ပေက—

'ဟုတ်တယ်၊ မင်းရဲ့ဦးလေး နန်းဟူလဲ လိုက်မယ်၊ ဖေဖေ တို့ ဘာပူစရာ လိုသေးလဲ၊ ပြီးတော့ ဖေဖေတို့က ဝမ်ကျောင်း တို့နောက်က လိုက်သွားမှာ'

နန်းဟူက....

'ရတနာသိုက် တွေ့ရင် သူတို့ လိုချင်သလောက် ယူပါစေ၊ ကျန်မှ ကျုပ်တို့ ယူကြတာပေါ့၊ ဒါဆို သူတို့ကို အနှောင့် အယှက် ပေးရာလဲ မရောက်တော့ဘူးပေါ့'

ကွမ်ကျုံ တွေဝေသွား၏။

ကွမ်ပေက....

'အရေးအကြောင်း ရှိရင်လဲ သားသူငယ်ချင်း ရှောင်လန်း တို့ကို ဖေဖေတို့က အကူအညီပေးလို့ ရတာပေါ့'

* သူက....

'ကျွန်တော်က သူတို့ကို အနှောင့်အယှက်ပေးရာ ကျမှာ စိုးတာ'

နန်းဟူက...

'မဖြစ်ပါဘူးကွာ၊ ကျုပ်တို့ လိုက်သွားတော့ သူတို့ကို ပိုတောင်ကူညီနိုင်ပါသေးတယ်'

သူက—

'ရတနာတွေရှိရင် ရှောင်လန်းတို့ အလိုရှိသလောက် ယူပြီးမှသာ ဖေဖေတို့ ယူပါမယ်ဆို ကတိပေးပါ'

နန်းဟူ ကတိပေးလိုက်၏။

'ပေးပါတယ်ကွာ၊ တောတောင်ထဲမှာ ဘယ်သူမှ မယူနိုင်တဲ့ အလကားဖြစ်ကုန်မယ့် ပစ္စည်းတွေမို့ ယူတာပါ၊ ကျုပ်ကလဲ ထူးထူးဆန်းဆန်း ခရီးဆိုရင် စိတ်ဝင်စားလို့ပါ'

သူ ကျေနပ်သွားသည်။

'ဒါဆိုရင် ကျွန်တော်ပြောပြမယ်၊ ပြီးတော့ ဒီခရီးစဉ်မှာ ကျွန်တော့်ကိုလဲ လိုက်ခွင့်ပြုရမယ်'

ဟု တောင်းဆိုလိုက်သည်။



နန်းဟူနှင့် ကွမ်ပေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ကွမ်ပေက....

'သား ပင်ပန်းနေပါ့မယ်'

'ဖေဖေတော်ာင် အပင်ပန်းခံနိုင်သေးတာပဲ၊ သားက လူငယ်၊ ပြီးတော့ ရှောင်လန်းတို့လူစုကို သားပဲသိတာ မဟုတ်တား'

နန်း ဟူက ခေါင်းအသာညိတ်သည်။

ကွမ်ပေက....

'ကဲ....သား၊ ဒီလောက်လိုက်ချင်နေရင်လဲ လိုက်ခဲ့၊ ဒါပေမယ့် လမ်းမှာ မင်းဦးလေးရဲ့စကားကို နားထောင်ရမယ်နော်'

'စိတ်ချပါ ဖေဖေ'

နန်းဟူက....

'သူတို့ ဘယ်ကိုသွားကြသလဲ'

သူက....

'ထိုက်ဟန်စန်းတောင်ဟာ အလုံးပေါင်း ခြောက်ဆယ် တိတိ ရှိတယ်၊ မြေပုံမှာတော့ တောင် ငါးဆယ့်ကိုးလုံးပဲ ဖော်ပြထားတယ်၊ ပျောက်နေတဲ့တောင်က နဂါးပတ်တောင် တဲ့၊ နဂါးကောင် ပတ်ထားတဲ့ ပုံသဏ္ဌာန်ရှိတယ်'

နန်းဟူက မှတ်ထားလိုက်၏။

သူက ...

'နဂါးပတ်တောင်ကို တွေ့မှ ဂူးစန်းမြို့ပျက်ကို တွေ့မှာ'

နန်းဟူက ...

'ဒါဆို သူတို့ ထိုက်ဟန်စန်းကိုပဲ ဦးတည်သွားမှာပေါ့'

'ဟုတ်ပါတယ်'

'ထိုက်ဟန်စန်းက အလွန်ရှည်လျားတဲ့ တောင်တန်းပဲ၊ သူတို့ ဘယ်တောင်ခြေ ဘယ်အပိုင်းက စသွားကြသလဲ'

သူက စဉ်းစားပြီ ....

'သူတို့ လမ်းပြခေါ်ဖို့ ထိုက်ကြူးကို အရင်သုံး သွားကြ လိမ့်မယ်'

နန်းဟူ မျက်နှာပြုံးသွား၏။

'ဒါဆို သူတို့ ထိုက်ကြူးနယ်ထဲကပဲ ထိုက်ဟန်စန်းတောင် ကို ခရီး ဆက်မယ့် ပုံပဲ'



ကုမ်ဒေဝက....

'ဒါထက်...ရှောင်လန်းတို့ ဘယ်နှစ်ယောက် သွားကြသလဲ'

သူက ခေါင်းခါယမ်းလိုက်ပြီး—

'မသိဘူး၊ သူတို့နှစ်ယောက်ရဲ့ လမ်းပြ တစ်ယောက် ရယ်ထဲနဲ့တော့ သွားမှာမဟုတ်ဘူး၊ သူတို့ကိုကာကွယ်စောင့် ရှောက်ဖို့ သိုင်းသမားတွေလဲ ခေါ်သွားကြဖို့ တိုင်ပင်နေတာ တော့ ကျွန်တော်ကြားခဲ့တယ် ခဗဓဗ'

အဖေက ခေါင်းတဆက်ဆက် ညိတ်လိုက်သည်။

သူက နန်းဟူဘက်လှည့်ကာ....

'ကျွန်တော်တို့ဘယ်တော့ သွားကြမလဲ'

နန်းဟူက—

'အမြန်ဆုံးပေါ့၊ ဒီနေ့ကစပြီး ခရီးထွက်ဖို့ စီစဉ်မယ်၊ အားလုံးပြည့်စုံတာနဲ့ ခရီးထွက်မယ်'

ကွမ်ပေသည် ကုန်ဝယ်ရန်ငွေများကို ကုန်မဝယ်ခဲတော့ဘဲ ခရီးစားရိတ်အဖြစ် အသုံးပြုလိုက်လေသည်။

သူသည် နန်းဟူ၏ အစီအစဉ်အတိုင်းစားနပ်ရိက္ခာခြောက်များ ဆေးဝါးများ ဝယ်ယူလိုက်၏။

နန်းဟူလည်း သွက်လက်စွာပင် လှုပ်ရှားလိုက်၏။

သူသည် နှစ်ရက်အတွင်း ထိုက်ဟန်စန်းမြို့ကို အကြိမ်ကြိမ် ကြည့်ရှုလေ့လာ၏။

လမ်းခရီးတစ်လျှောက် အသေးစိတ် အစီအစဉ် ရေးဆွဲသည်။

အဖော်သိုင်းသမားများ လိုအပ်သဖြင့် ကြေးစားသိုင်းသမား ဆယ်ဦးခန့်ကို ငှားရမ်းခဲ့၏။

ထို ကြေးစားသိုင်းသမားများကို ငှားရမ်းမှုအတွက် နန်းဟူနှင့် ကွမ်ပေတို့စကား အခြေအတင်ဖြစ်ခဲ့ကြ၏။

ကွမ်ပေက....

'ကြေးစား သိုင်းသမားတွေ ငှားတာဟာခရီးစဉ်အတွက် အန္တရာယ်ကြီးတယ်ဗျ၊ မငှားရမ်းတာကောင်းမယ်'

နန်းဟူက....



'ခရီးကရှည်တယ်၊ ကြမ်းတယ်၊ ဘယ်လိုအန္တရာယ်နဲ့တွေ့မယ်လို့ မပြောနိုင်ဘူး၊ ဒါကြောင့် ကြေးစား သိုင်းသမားတွေ ခေါ်ရတာပဲ'

'သူတို့ကိုခေါ်ရင် တစ်ဦး၊ နှစ်ဦးပဲ ခေါ်ပါ'

'မဖြစ်ဘူး....အင်အားလိုတယ်၊ တိုက်ပွဲဆိုတာလဲ မျှော်မှန်းလို့ မရတဲ့ကိစ္စပဲ၊ ကျုပ်တို့မှာ အင်အားရှိရမယ်၊ အနည်းဆုံး ဆယ်ငါးယောက်လောက် ခေါ်ရမယ်'

ကွမ်ပေက....

'ဒီမှာနန်းဟူ၊ လူဆိုတာ လောဘရှိတယ်၊ ကြေးစားသိုင်းသမားတွေက ပိုပြီးတော့ လောဘရှိကြမယ်ဗျ'

နန်းဟူက ရယ်မောလိုက်ပြီး....

'လက်စသတ်တော့ ခင်ဗျားက ဒီလူတွေခေါ်လို့ ပြန်ပြီး သစ္စာဖောက်မှာ စိုးရိမ်နေတာကိုး'

ကွမ်ပေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီလူတွေသစ္စာဖောက်ရင် ခင်ဗျားနဲ့ ကျုပ်က နှစ်ယောက်ထဲ ဒုက္ခမရောက်ပေဘူးလား'

နန်းဟူက အေးစက်စွာ ပြုံးလိုက်ပြီး....

'ဒီမှာ ကွမ်ပေ....ကျုပ်ကို သစ္စာဖောက်တဲ့လူဟာ မြေကြီးထဲ ရှင်အုံး ဝင်သွား ရလိမ့်မယ်ဗျ'

ဟု အေးစက်သော လေသံဖြင့် ပြောသည်။

နန်းဟူ၏ အပြုံးနှင့် လေသံကြောင့် ကွမ်ပေပင်ကြောက်ရွံ့တုန်လှုပ်စွာ ခံစားလိုက်ရသည်။

နန်းဟူက—

'ကျုပ်အပေါ် သစ္စာမဲ့တဲ့လူကို ကျုပ်က ဆုံးမနိုင်ပါတယ်၊ ဒီမှာကွမ်ပေ...အားမှမပူနဲ့ ကျုပ်ကတိပေးတယ်၊ သေစရာရှိရင် ခင်ဗျားထက်အရင် ကျုပ်အသေခံမယ်'

ဟု ပြတ်သားစွာ ပြောလိုက်၏။

ကွမ်းပေ ဦးညွှတ်လိုက်၏။

'ကျုပ်အပေါ် စေတနာထားတာ ကျေးဇူး တင်ပါတယ်ဗျာ'

နန်းဟူက—

'ဒီမှာကွမ်းပေ၊ ခင်ဗျားနဲ့ကျုပ်ဟာ ဒီကနေ့ကစပြီး သွေးသောက်ညီအစ်ကိုလို့ မှတ်ထားပေတော့၊ ကဲ—ဒီညကျုပ်ခေါ်ထားတဲ့လူတွေ လာလိမ့်မယ်၊ ဆယ်ဦးပဲခေါ်မယ်'



ကွမ်းပေက....

'ခင်ဗျားခေါ်ချင်သလောက်သာ ခေါ်ပါဗျာ'

'ကောင်းပြီ၊ ကျုပ်တို့က သုံးယောက်ဆိုတော့ နောက်ထပ် ၁၂ ဦးခေါ်သွားတာပေါ့'

* * *

ည—

ဧည့်ခန်းတွင်း လူတစ်ဆယ့် နှစ်ယောက်တိတိ တန်းစီရပ်နေကြ၏။

အားလုံးသည် လက်နက်ကိုယ်စီပါရှိကြ၏။

ထိုအထဲ၌ အချို့က သိုင်းပညာမြင့်မားဟန်ရှိ၏။

အားလုံးသည် အသက် ၃၀ ထက် မကျော်သေးသူများသာဖြစ်၏။

နန်းဟူသည် အစစအရာရာတွက်ချက်ပြီးမှ လူရွေးခဲ့ခြင်းဖြစ်၏။

သူ၏လူများသည် ငယ်ရွယ်ရပေမည်။

သို့မှသာ အတွေ့အကြုံနုနယ်ကြပြီး သူ့အား ကျော်လွှား နိုင်မည်မဟုတ်ပါ။

ထို့အပြင် သိုင်းပညာတွင်လည်း သူ့ထက် နိမ့်ကျပြီး သာမန်ထက်ပို၍ ကျွမ်းကျင်ရပေမည်။

ရန်သူကို ရင်ဆိုင်နိုင်သလို သူ့ကိုလဲ မယှဉ်နိုင်လောက် သော သိုင်းသမားအဆင့်မျိုးကို ရွေးချယ်ခဲ့၏။

ကွမ်းပေသည် ထိုလူငယ်များကို ကြည့်ကာ နန်းဟူ၏ အကွက်စေ့မှုကိုကြိုက်၍ ချီးကျူးမိလေသည်။

နန်းဟူက လူငယ်ကြေးစား သိုင်းသမားများအား စေ့စေ့ကြည့်လိုက်ပြီး....

'မင့်းတို့ကို စောစောထဲကပဲ ရှင်းအောင်ပြောထားမယ်၊ ဒီခရီးစဉ်အောင်မြင်ရင် မင်းတို့အတွက် တစ်ဘဝစာ ဖူလုံ အောင် အခကြေးငွေရမယ်၊ မအောင်မြင်ရင်လဲ တစ်ထောင် စီရမယ်'

လူငယ်တစ်ဦးက....

'ဒါဆို ဘာလိုသေးသလဲ'

နန်းဟူက—

'လိုတယ်၊ မင်းတို့သစ္စာရှိရမယ်၊ ကျုပ်အပေါ် သစ္စာရှိရ မယ်'

လူငယ်က ...

'ကျုပ်တို့က ခင်ဗျားရဲ့ အခကြေးငွေ ယူထားပြီးပြီပဲ၊ ဒီအတွက်စိတ်ချပါ'



နန်းဟူက ပြုံးလိုက်၏။

'ကောင်းပြီ၊ မင်းတို့နာမည်တွေ မှတ်သွားမနေနိုင်ဘူး၊ ဒါကြောင့် မင်းကစပြီး နံပါတ် တစ်ကနေ ဆယ်နှစ် အထိ ပဲ...'

လူငယ်များက ရယ်မောလိုက်ပြီး....

'သိပ်ကောင်းပါတယ်'

နန်းဟူက....

'ဒီခရီးစဉ်သာအောင်မြင်ရင်တော့ မင်းတို့ဟာ တစ်သက် လုံး ကောင်းကောင်း သုံးဖြုန်းကြပေတော့ပဲ၊ ဒီလောက် အထိကြွယ်ဝချမ်းသာလာစေရမယ်လို့ ကျုပ်အာမခံတယ်'

အမှတ်တစ် လူငယ်က....

'ဒါဆိုရင် ကျွန်တော်က မိုးကိုတက်ပြီး မီးရှို့ရဲပါတယ်'

နန်းဟူက....

'နောက်ပြီးတော့၊ မင်းတို့အပြောနဲ့ အလုပ်သာညီပါစေ၊ ဟဲ...ငွေတစ်ထောင်စီ လာယူကြ၊ တစ်ညလုံး သုံးဖြုန်းပေ တော့၊ ဒီခရီးစဉ်ကို မနက်ဖြန်ညစမယ်၊ မင်းတို့ အားလုံး နေဝင်တာနဲ့ မြို့ပြင်က အသင့်စောင့်နေကြပါ'

'ကောင်းပါပြီ'

ကြေးစားသိုင်းသမားလူငယ် ဆယ့်နှစ်ဦးတို့သည် နှိုင်...
တို့အား အရိုအသေပြုပြီးနောက် ထွက်ခွာသွားကြလေတော့
သည်။

* * *

နေခြစ်ခြစ်တောက်ပူနေ၏။

နေရောင်အောက်ဝယ် မြင်းစီးသမားတစ်စုသည် မြင်းလှည်း
တစ်စီးကို ဦးဆောင်ကာ အလော့နှင်လာနေကြသည်။

ထိုလူစုသည် ဝမ်ကျောင်းတို့လူစုပင်ဖြစ်ပါသည်။

ဝမ်ကျောင်းနှင့်ရှောင်လန်းတို့သည် မြင်းလှည်းပြတင်း
နေ၍ အပြင်ဘက်သို့ ငေးမောရင်း လိုက်ပါလာကြသည်။

ယနေ့ ခရီးဆက်လာခဲ့သည်မှာ (၇)ရက်မြောက်နေ့
သည်။

ကျန်ဖုန်းရွှေသည် ရှေ့ဆုံးမှ ဦးဆောင်ကာ ခရီးဆက်
ခြင်းဖြစ်၏။



လွင်ပြင်ကိုဖြတ်သန်းပြီးနောက် တောအုပ်အစပ်သို့ ရောက်
ရှိလာ၏။

'ရပ်မယ်'

ကျန်ဖုန်းရွှေ၏အသံ ထွက်ပေါ်လာ၏။

အားလုံးက ရပ်တန့်လိုက်ကြလေသည်။

ဝမ်ကျောင်းက...

'ကျန်ဖုန်းရွှေ၊ နားမလို့လား'

ဟု လှမ်းမေးလိုက်၏။

ကျန်ဖုန်းရွှေက ခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ ခဏနားမယ်'

'အစောကြီးရှိသေးတယ်'

'သိတယ်၊ ဒါပေမယ့်...ကျုပ်တို့ ဒီမှာ နားကိုနားရမယ်၊
ရှေ့ခရီးအတွက် ပြင်ဆင်စရာရှိသေးတယ်ဗျ'

ဝမ်ကျောင်း စောဒကမတက်တော့။

လှည်းပေါ်မှ အောက်ကိုဆင်းလိုက်သည်။

ရှောင်လန်းလည်း လှည်းပေါ်မှဆင်း၍ အညောင်းဆန့်
လိုက်၏။

ကျန်ဖုန်းရွှေက သူ၏ ငယ်သားနှစ်ယောက်ကို ရှေ့သို့
ဆက်သွားရန် စေလွှတ်လိုက်သည်။

ပြီးမှ...ဝမ်ကျောင်းတို့ဘက်လျှောက်လာပြီး...

'ဒီတောအုပ်မှာ လမ်းခွဲမြောင်နှ ရှိတယ်ဗျ၊ ဒါကြောင့်
စနည်းနာခိုင်းလိုက်တာ'

'ဪ'

ကျန်ဖုန်းရွှေက ရှောင်လန်းကိုပြုံးလိုက်ပြီး....

'တစ်ချိန်က မင်းကို ကျုပ်လှောင်ပြောင်မိဘာ ခွင့်လွှတ်ပါ'

သူက အိပ်မက်ထဲမှ ဓားကိုစွန့်ပစ်သက်၍ ပြောလိုက်ခြင်း ဖြစ်၏။

ရှောင်လန်းက....

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော့်ရဲ့အိပ်မက်ကလဲ မယုံနိုင်စရာကိုးဗျ၊ ကျွန်တော်ကိုယ်တိုင်လဲ အခုလောက်အထိ တိုက်ဆိုင်မှု ရှိလိမ့်မယ်လို့ မထင်မိဘူး'

ကျန်ဖုန်းရွှေက....

'အခု ဝူစန်းဟိုမြို့ပျက်မှာ ရှိနိုင်တယ်ဆိုတဲ့ ထူးဆန်းတဲ့ ဓားဟာ မင်းအိပ်မက်ထဲက အလင်းဓားဖြစ်မယ်လို့ မင်း ထင်သလား'

ရှောင်လန်းက မဆိုင်းမတွပင် ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့'

ဝမ်ကျောင်းက....

'ဒါဆို အိပ်မက်ထဲက မိန်းကလေးနဲ့ကော ဒီခရီးမှာ တွေ့လိမ့်မယ်လို့ မင်း ထင်နေသလား'

ဟု ရုတ်တရက် ဝင်မေးလိုက်၏။

ရှောင်လန်း၏မျက်နှာ ရှတ်သွေးဖြန်းသွား၏။ ကျန်ဖုန်းရွှေ သဘောကျစွာ ရယ်မောလိုက်၏။



'ကျုပ်နားလည်ပြီ၊ ဒီခရီးမှာ ဘာကိုမှ မမက်မောတဲ့ မင်းလိုက်လာတာဟာ ဒီမိန်းကလေးနဲ့ တွေ့မလားဆိုတဲ့ မျှော်လင့်ချက်ကြောင့်ပဲ ဖြစ်ရမယ်'

ရှောင်လန်း မတတ်သာတော ပဲ ဝန်ခံလိုက်ရသည်။

'ဟုတ်ကဲ့'

'ဟား... ဟား ...ဟား'

ဝမ်ကျောင်းနှင့် ကျင်ဖုန်းရွှေတို့နှစ်ဦးက သဘောကျစွာ ရယ်မောလိုက်၏။

ကျင်းဖုန်းရွှေက....

'အေး....အိပ်မက်ထဲကဓားဟာ အပြင်မှာ ရှိလာမယ်လို့ ကျုပ်ဘယ်တုန်းကမှ မယုံကြည်ခဲ့ဘူး၊ အခုတော့ ကျုပ်ကိုယ်တိုင် ဒီဓားအတွက် ဒီခရီးစဉ်မှာ လိုက်ပါဖြစ်ခဲ့ပြီ၊ သူများတွေသာကြားရင် ရယ်စရာပဲကွ၊ အေးလေ၊ လူတွေဟာ ရူးတတ်ကြတာပဲ'

ဝမ်ကျောင်းက—

'ဘာလဲ၊ ခင်ဗျားက ဒီခရီးစဉ်ကို သံသယရှိနေသလား'

ကျင်ဖုန်းရွှေက ခေါင်းခါယမ်းလိုက်သည်။

'သံသယမရှိပါဘူး၊ တွေ့ချင်တွေ့မယ်၊ မတွေ့ချင်မတွေ့ဘူးပေါ့၊ ဘာဘဲဖြစ်ဖြစ် ဟာ ဖြစ်နိုင်ချေမရှိတဲ့နေ့တော့ ကျုပ်တို့ကို စေခိုင်းမှာ မဟုတ်ဖူး'

ဝမ်ကျောင်းက—

'ကျုပ်လဲ ဒီလိုပဲယုံကြည်လို့ ဒီခရီးစဉ်ကို သွားမယ်လို့ ဆုံးဖြတ်ခဲ့တာပါ'

ကျင်ဖုန်းရွှေက

'ကျုပ်ကို ကြိုးစားရမှာပေါ့၊ ဘာဘမုယု ပြောသလို သတ္တိရှိဖို့တော့ အထူးလိုအပ်မှာ သေချာတယ်၊ ကျုပ်က သိုင်းသမား၊ မြစ်သလိုနေနိုင်တယ်၊ စားနိုင်တယ်၊ ခင်ဗျားတို့အတွက်ပဲ ပူပင်တာ'

ဝမ်ကျောင်းက....

'ကျုပ်လဲ သိုင်းပညာအနည်းအကျဉ်းတတ်ပါတယ်'

သူက ပြုံးသည်။

ရှောင်လန်းက—

'ကျွန်တော်က ဘာမှမတတ်ပေမယ့် ခင်ဗျားတို့လိုပဲ ခံနိုင်ရည်ရှိအောင် ကြိုးစားသွားမှာပါဗျာ'

သူတို့ စကားကောင်းနေစဉ်မှာပင် သူ၏တပည့်နှစ်ယောက် ပြန်လည်ရောက်ရှိလာသည်။

သူက ဆီးကြိုမေးသည်။

'ဘယ်လိုအခြေအနေရှိသလဲ'

ငယ်သားက—

'ရွှေနှစ်မိုင်လောက်မှာတော့ လမ်းကကျဉ်းတယ်၊ ရန်သူကို တွေ့မယ်ဆိုရင် ဒီနေရာပဲရှိတယ်၊ ကျွန်တော့် နေရာတွေကတော့ ရန်သူကို အလွယ်တကူရှာတွေ့နိုင်ပါတယ်'

သူက....



'လမ်းစားပြမောင်နှံ ဆိုပြီး အထင်တော့ မသေးကြနဲ့၊ အားလုံးခရီးဆက်ကြမယ်၊ ကျုပ်အမိန့်ပေးတဲ့အတိုင်း တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ကြပါ'

'ဟုတ်ကဲ့'

သူက ရှေ့ဆုံးမှ မြင်းကိုစီးနှင်းကာ ခရီးဆက်လာခဲ့လေတော့သည်။

လှိုင်ဓာတ
အမှတ် ၁၉/၁၃၈၊ ဗိုလ်ချုပ်
ဆောင် ၄ ခြံ
နံ၊ ၂၁၇၉၉

သူသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုရင်း ခရီးဆက်လာသည်။

သူ၏ နား၊ မျက်လုံးများအား အစွမ်းကုန်အသုံးပြုရင်း ခရီးဆက်လာခဲ့ခြင်းဖြစ်သည်။

မကြာမီ သူ၏ ငယ်သားပြောသော လမ်းကျဉ်းကလေးအနီးသို့ ရောက်လာလေသည်။

လမ်းသည် မြင်းလှည်းကလေးတစ်စီးသွားသာရုံမျှ ကျဉ်းမြောင်းသည်။

ဘေးတစ်ဖက်တစ်ချက်တွင် ချုံနွယ်ပိတ်ပေါင်းက ထူထပ်စွာ ရှိနေပေသည်။

သူက လမ်းကြားလေးအတွင်း အကဲခတ်ကြည့်သည်။

သူ၏ စူးရှသောမျက်လုံးအစုံက ချုံပုတ် တစ်နေရာတွင် သံသယဖြစ်ဖွယ်ရာလှုပ်ရှားမှုကို တွေ့မြင်သွားသည်။

သူက ပြုံးလိုက်သည်။

'မိတ်ဆွေတို့ ပုန်းကွယ်မနေပါနဲ့၊ ထွက်လာခဲ့ပါ'

တည်ငြိမ်သောလေသံဖြင့် ပြောသည်။

သူ၏ စကားအဆုံးတွင်—

'ဟဲ ဟဲ ဟဲ—မျက်စိအတော်လျင်သားပဲ'

အသံနှင့်အတူ လမ်းကြားထဲမှ လူတစ်ယောက်ထွက်ပေါ်လာသည်။

သူက ထိုလူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် အသက်လေးဆယ်ခန့်ရှိ၏။

ခန္ဓာကိုယ်က ထွားကြိုင်းသည်။

ကျားသစ်ရေအား ကိုယ်ကြပ်အင်္ကျီအဖြစ်ချုပ်ကာ ဝတ်ဆင်ထားသည်။



သူ၏လက်ထဲတွင် ဓားလွတ်တစ်ချောင်း ကိုင်ဆောင်ထားသည်။

ထိုလူ၏ ဆံပင်နှင့် မုတ်ဆိတ်များက ရှုပ်ထွေးနေသလို ရှိသည်။

သူက မြင်းပေါ်မှ ဆင်းလိုက်ပြီး—

'မိတ်ဆွေက ဘာကိစ္စများရှိပါသလဲ၊ ကျုပ်တို့က ထိုက်ကြူးကိုသွားမယ့် ခရီးသည်တွေပါ'

ထိုလူက သွားဖြီးပြလိုက်ပြီး....

'ဒီလမ်းက ဖြတ်သန်းခလေး မ,စပြီးရင်တော့ လိုရာဆက်သွားနိုင်ပါတယ်'

'ကောင်းပါပြီ၊ ဘယ်လောက်များလဲ၊ သိပ်များရင်တော့ ကျုပ်တို့ တတ်နိုင်မှာ မဟုတ်ပါဘူး'

ထိုလူက လူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'သိပ်မများပါဘူး၊ ယွမ်သုံးရာပဲ ပေးခဲ့ပါ'

သူက—

'ဒီလောက်ဆိုရင် မဆိုးပါဘူး'

သူသည် ငွေတုံးကလေးများထုတ်ကာ ရေတွက်ပြီး ထိုလူထွားကြီးအား ပေးလိုက်သည်။

ထိုလူက သဘောကျစွာ ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား—ခင်ဗျားတို့ ဖြတ်သန်းနိုင်ပါပြီ'

သူက ဘာမျှမပြောဘဲ မြင်းပေါ်တက်လိုက်ပြီး—

'ကဲ—သွားကြစို့'

အားလုံးကို အမိန့်ပေးကာ လမ်းကြားကလေးအတိုင်း လျှင်မြန်စွာ ဖြတ်သန်းလာခဲ့လေတော့သည်။

*

ညမိုးချုပ်စချိန်တွင် သူတို့လူစုသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြလေသည်။

ကျန်ဖုန်ရွှေက အားလုံးကို ရပ်နား၍ အမိန့်ပေးလိုက်သည်။

ထို့နောက် စားသောက်ဆိုင်တစ်ခုသို့ဝင်ကာစားသောက် တည်းခိုရန် စီစဉ်လိုက်လေသည်။

ယခုနေ့ည ထမင်းစားဝိုင်းသည် တိတ်ဆိတ်နေ၏။

ကျန်ဖုန်းရွှေက ပြုံးလိုက်၏။

'ဝမ်ကျောင်း၊ မင်း ကျုပ်ကို စိတ်ခုနေသလား'

ဝမ်ကျောင်းက ပြုံး၍ ခေါင်းခါလိုက်သည်။



ကျန်ဖုန်းရွှေက ရှောင်လန်းဘက် လှည့်ကာ ...

'မင်းကရော....'

ရှောင်လန်းက ပါးစပ်ပိတ်ထား၏။

ကျန်ဖုန်းရွှေက...

'မင်းက ကျုပ်ဟာလမ်းစားပြကို အလွယ်တကူပဲ ငွေထုတ်ပေးလို့အတွက် မကျေမနပ်ဖြစ်နေပုံရတယ်'

ရှောင်လန်းက ငြိမ်နေ၏။

သူက စကားဆက်လိုက်၏။

'ဒါဖြင့် မင်းမေးကြည့်ပါ' — no

ပြီးတော့ ဒီခရီးစဉ်မှာ အားလုံးရဲ့ လုံခြုံရေးကိုယူထားတဲ့ လူတစ်ယောက်က ဒီလောက် သူရဲဘောကြောင်နေတော့ အရေးဆို ဘယ်လို အားကိုးရမှာလဲလို့တော့ တွေးဖနေတယ် မဟုတ်လား'

ရှောင်လန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက်တုန်ခါသွားပြီး သူ့အားမော့ကြည့်လိုက်သည်။

ကျန်ဖုန်းရွှေက သူ့အား ပြုံးကြည့်နေပြီး....

'ဘယ်လိုလဲ၊ ကျုပ်ပြောတာ မှန်ရဲ့လား'

ရှောင်လန်းက သက်ပြင်းအသာချလိုက်၏။

သူက ဆက်ပြောလိုက်၏။

'ကျုပ်က ဒီလမ်းစားပြကို သိုင်းကွက် သုံးဆယ်အတွင်း အနိုင်ယူနိုင်တယ်၊ ဒါပေမယ့် သူ့အဖော် အမျိုးသမီးတစ်ယောက်က လက်နက်ပုန်းနဲ့ ချောင်းမြောင်းပစ်ခတ်လာမယ်၊ ဒါကိုလဲ ကျုပ်က ကာကွယ်နိုင်မယ်'

ရှောင်လန်းက...

'ဒါဆို ဘာလို့ မတိုက်ခိုက်တာလဲ'

သူက....

'ဒီလမ်းခေါ်ပြုနှစ်ဦးက ပါးနပ်တယ်၊ သူတို့ အနိုင်မရနိုင်ရင် ရှောင်တိမ်းတတ်တယ်၊ အခုလဲ ကျုပ်နဲ့ယှဉ်လို့ နိုင်ပုံမပေါ်တာနဲ့ သူ့အမျိုးသမီး ပစ်ခတ်မယ့် လက်နက်ပုန်းကို အတာအကွယ်ယူပြီး ထွက်ပြေးသွားလိမ့်မယ်၊ ကျုပ်တို့ အခု အလာမှာ ပြဿနာမရှိဘူး၊ အပြန်မှာဆိုရင် သူတို့ရှုံးထားတဲ့ အတွက် ကျုပ်တို့ကို နည်းမျိုးစုံနဲ့ အကြောက်ကြံပြီး ဒုက္ခပေး အပြန်မှာ ရတနာတွေ ပါလာခဲ့ရင် အန္တရာယ် ပိုကြီးတယ်၊ အခုအလာခရီးမှာ သူတို့ တောင်းတဲ့ငွေကို ပေးလိုက်တော့ သူတို့က ကျုပ်ကိုအထင်သေးသွားပြီ အပြန်ခရီးမှာကျုပ်တို့ ကို ဂရုမစိုက်တော့ဘူး၊ ငွေညှစ်ဖို့ ကြိုးစားလာမှာ ယ်၊ ဒီအခါ ကျုပ်က အလွယ်တကူ ရှင်းပစ်နိုင်ပြီ၊ ယွမ်သုံးရာဟာ ဘာမှ မဖြစ်လောက်ပါဘူးကွာ'

ဟု ရှည်လျားစွာ ရှင်းပြလေသည်။

ရှောင်လန်းမှာ ငြိမ်ကျသွား၏။

သူ သိပ်ကျေနပ်မှုမရှိသေးကြောင်း ကျန်ဖုန်းရွှေနားလည် လိုက်၏။

ထို့ကြောင့် တီးတိုးပြောလိုက်သည်။



ထိုက်ဟာန်စန်းတောင်ပေါ် ရောက်ပြီဆိုရင်တော့ ကျုပ်က မင်းတို့ရွှေကို အစွမ်းကုန် ရပ်တည်သွားမှာပါ'

တန်ယွတ်စာပေသင်တန်းကျောင်း....

သင်တန်းကျောင်း၏ အနောက်ဘက် အဆောင်အတွင်း....

အမတ်ကြီး အိုဝမ်သည် ညှော်သည်တစ်ယောက်နှင့် စကားပြောနေ၏။

ထိုဧည့်သည်ကား ပညာရှိမုယုံပင် ဖြစ်ပါသည်။

အမတ်ကြီး အိုဝမ်က....

'ဝမ်ကျောင်းကို ခင်ဗျားကာဝန်ပေးလိုက်တဲ့ကိစ္စ ကျုပ်က ခွင့်မပြုနိုင်စရာ မရှိပါဘူး၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒီခရီးစဉ်ဟာ စိတ်ကူးယဉ်ဆန်နေသလားလို့ပါ'

မုယုံက ပြုံးလိုက်ပြီး....

'အိုဝမ်၊ ကျုပ်က စိတ်ကူးယဉ်တတ်တဲ့လူစားလားကွ'

အိုဝမ်က....

'ဒါဆို ဒီခရီးစဉ်ဟာတကယ်ဖြစ်နိုင်တာပေါ့'

မုယုံက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် ရှေးဟောင်းကျမ်းတွေကိုလေ့လာခဲ့ပြီးပြီ၊ ထင်ရှားတဲ့ ကျမ်း(၃)ခုအကြောင်းပဲ သူတို့ပြောကြတယ်၊ တခြားကျမ်းအတော်များများမှာလဲ ဝူစန်းဟိုမြို့ပျက်အကြောင်း ရေးထားတယ်၊ ပြီးတော့....ပိုသေချာတာကတော့ သမားတော်ကြီး စုမာချွေရဲ့မှတ်တမ်းပဲ'

အိုဝမ်က....

'ဘာပဲဖြစ်ဖြစ်၊ ခရီးအတွက် လမ်းပြမြေပုံနဲ့တော့ တိတိကျကျ မရှိဘူး မဟုတ်လား'

မုယုံက—

'မရှိဘူး၊ ဘယ်နေရာမှာရှိတယ်လို့ အတိအကျ မသိဘူး၊ ဒါပေမယ့်...ရှိကိုရှိနေခဲ့တယ်၊ ဒီမှာ ငါပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်(၃၀)နီးပါးက အဲ့ဒီ မြို့ပျက်စန်းကျင်ကို ရောက်ခဲ့ဖူးတဲ့ လူတစ်ယောက်ရှိခဲ့တယ်'

အိုဝမ်က စိတ်ဝင်စားသွားပြီး....

'ဟုတ်လား'

'ဟုတ်တယ်၊ ဒီလူဟာ ထူးဆန်းတဲ့ အလင်းရောင် ထွက်ပေါ်ရာနေရာအထိ ရောက်ခဲ့တယ်၊ သူက ကြောက်လန့်ပြီး ပြန်ပြေးလာတဲ့အတွက် အဲ့ဒီမြို့ပျက်ကို မရောက်ခဲ့ဘူး'

'အဲဒီလူ ဘယ်သူလဲ'



မုယုံက....

'စိတ်မကောင်းစရာက အဲဒီလူဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပဲ ဆုံးသွားခဲ့ဘယ်ကွ'

အိုဝမ်က...

'ဒီလူနဲ့သာ တွေ့ခွင့်ရရင် အတော်ကောင်းမှာ'

'ဟုတ်တယ်၊ ဒါလဲ ကျုပ်က အဲဒီ မြို့ပျက်အကြောင်းကို လေ့လာတော့မှ သိလာရတာကိုး၊ ဘာပဲဖြစ်ဖြစ် အဲဒီမြို့ပျက်ဟာ ထိုက်ဟန်စန်းတောင်တန်းမှာ ရှိကိုရှိနေတယ်လို့ ကျုပ်ယုံကြည်တယ်'

'အေ လေ၊ ဝမ်ကျောင်းတို့ရှာတွေ့ပါစေလို့ ဆုတောင်းရမှာပေါ့'

မုယုံက ခေါင်းညိတ်လိုက်၏။

'သူတို့က လူတော်တွေပါ၊ အဲဒီမြို့ပျက်ကိုရောက်အောင် သွားကြမယ်လို့ ကျုပ် ယုံကြည်တယ်'

အိုဝမ်က ပြုံးလိုက်ပြီး....

'အင်း....စိတ်တထင့်ထင့်နဲ့ပဲ သူတို့ရဲ့ သတင်းကို စောင့်ရတော့မှာပေါ့ဗျာ'

မုယုံက....

'သိပ်လဲ စိတ်မပူပါနဲ့ဗျာ'

သူသည် အိုဝမ်ကို စိတ်မပူပါနဲ့ဟု ပြောလိုက်သော်လည်း သူကိုယ်တိုင် စိတ်ပူနေမိသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

သူကိုယ်တိုင် လိုက်နိုင်သော ခွန်အား မရှိသည့်အတွက် ကိုယ့်ကိုကိုယ်သာ အပြစ်တင်နေမိလေတော့သည်။

* *

ထိုက်ကြူးမြို့။

ထိုက်ကြူးမြို့သည် တောင်ခြေမြို့ကလေးတစ်မြို့ဖြစ်၏။

ထိုက်ကြူးမြို့သည် ထိုက်ဟန်စန်းတောင်တန်းရှိ တောင်တစ်လုံး၏ တောင်ခြေနှင့် ငါးမိုင်မျှသာ ကွာဝေးသော မြေပြန့်လွင်ပြင်အတွင်း တည်ရှိ၏။



ထိုက်ကြူးမြို့သည် အိမ်ခြေငါးထောင်ကျော်မျှရှိ၏။

ထိုကြောင့် မြို့ကြီးတစ်မြို့ဟုခေါ်၍ပင် ရပေသည်။

သို့သော်.... ထိုက်ကြူးမြို့သည် လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းလှသဖြင့် တိုးတက်မှု သိပ်မရှိပါ။

မြို့တွင်း၌ အိမ်ကြီးအိမ်ကောင်းဟူ၍ သိပ်မရှိဘဲ အိမ်ငယ် အိမ်စုတ်သာများသည်ဟု ဆိုရပေမည်။

အိမ်ခြေ ငါးထောင်ကျော်ရှိသော်လည်း တည်းခိုခန်းမှာ တစ်ခုသာ ရှိပေ၏။

ထို့အတူ စားသောက်ဆိုင်ကြီးဟူ၍လည်း တစ်ဆိုင်သာ ရှိသည်။

စားသောက်ဆိုင်နှင့် တည်းခိုခန်းအား ကပ်လျက်တည်ရှိပြီး မြို့လယ်လမ်းမတွင် ရှိပေသည်၊

သို့သော် အရက်ဆိုင်ငယ်ကလေးများကမူ အလွန်ပင်များပြားလှသည်ဟု ဆိုရမည် ဖြစ်ပါသည်။

ကျန်ဖုန်ရှွေတို့လူစုသည် နေ့လည်ခင်းအချိန်မှာပင် ထိုက်ကြူးမြို့ကို ရောက်လာကြသည်။

သူတို့သည် တစ်ခုတည်းသော တည်းခိုခန်းတွင်ပင် တည်းခိုလိုက်သည်။

ခဏမျှ အနားယူပြီးနောက် ဝမ်ကျောင်းက....

'ကျန်ဖုန်းရွှေ၊ ကျုပ်တို့ လက်နှစ်ဖက်နဲ့လူကို ရှာရဦးမယ်'

ကျန်ဖုန်းရွှေက မခုံးတွန့်၍....

'အမြဲတမ်း သေချာတဲ့ အဘမုယို က လက်နှစ်ဖက်နဲ့ ပတ်သက်တော့ မသေချာဘူး ဗျ'

ဝမ်ကျောင်းက...

'ဒီလူက လေလို ဖမ်းရခက်တဲ့ လူစားမျိုး ထင်ပါရဲ့ဗျာ'

ရှောင်လန်းက...

'သေချာပြောပြော သူ့ကို ဒီမှာဆယ်ရက်အတွင်းတွေ့အောင် ရှာပါလို့ အဘက မှာလိုက်တယ်'

ကျန်ဖုန်းရွှေက....

'ဆယ်ရက်ပြည့်လို့ မတွေ့ရင်တော့ ကျုပ်တို့ဘာသာ ခရီးဆက်ကြတာပေါ့'

ဝမ်ကျောင်းက....

'ကဲ... သွားကြစို့'

ကျန်ဖုန်းရွှေက သူ၏ ငယ်သားများကို အနားယူစေပြီး ဝမ်ကျောင်း၊ ရှောင်လန်းတို့နှင့် အတူ ထွက်လာသည်။

*



ထိုက်ကြူးမြို့တွင် မင်းလမ်းမကြီးတစ်ခုသာ ရှိ၏။ ကျန်အထက်ကား လမ်းသွယ်များသာ ဖြစ်၏။ လမ်းမကြီးမှာ လူသွားလူလာ သိပ်မရှိလှပါ။

ခြောက်ကပ်ကပ် နိုင်လှသည်။

ပီကင်းမြို့တော်တွင် နေထိုင်ခဲ့သော သူတို့အဖို့တော့ ရွာကလေးတစ်ခုသို့ ရောက်နေရသလိုပင်။

ဝမ်ကျောင်းက...

'ဟေ့...ကျုပ်တို့ ဒီအတိုင်းလျှောက်နေတာ အတော်ကြာပြီ၊ မေးမြန်းစုံစမ်းကြည့်မှ ဖြစ်မယ်၊ သိတဲ့လူတစ်ယောက်ကို ကျုပ်တို့က မျက်နှာချင်းဆိုင် တွေ့ရင်တောင်မှ သိမှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ကျန်ဖုန်းရွှေက ရယ်၍....

'မျက်နှာချင်းဆိုင် တိုးရောင်မှ ခုထက်ထိ ဆယ်ဦး မပြည့်သေးဘူးဗျ'

ရှောင်လန်းက...

'ကဲပါ....ကျုပ်တို့ တစ်နေရာရာ ဝင်မေးကြတာပေါ့'

ကျန်ဖုန်းရွှေက....

'နေဦး ကွ၊ ညနေစောင်း စောင်းလာပြီ၊ ဒီအချိန်ဆိုရင် အရက်ဆိုင်တွေမှာ လူရှိမယ်၊ ကဲ....လာ၊ အရက်ဆိုင်တွေရှာပြီး မေးကြစို့'

သူတို့သည် အရက်ဆိုင်ကလေးများကို ဝင်ကာ လက်နှစ်ဖက် ဆိုသူအကြောင်း စုံစမ်းကြ၏။

သို့သော် မည်သူမျှ မသိပါ။

ထိုအမည်ကို မကြားဘူးကြဟု ဆိုကြ၏။

ဝမ်းကျောင်းတို့ စိတ်ပျက်ပျက်ဖြင့် တည်းခိုခန်းသို့ ပြန်လာခဲ့ကြလေတော့သည်။

တစ်ညတာ အချိန်ကုန်ဆုံးသွားပြီ ဖြစ်သည်။

ဝမ်ကျောင်းတို့လူစုသည် လက်နှစ်ဖက်ဆိုသူကို မည်သို့ရှာဖွေရမည်ကို စဉ်းစားမရပါ။



သူတို့ မနေ့က အရက်ဆိုင်ပေါင်း သုံးဆယ်ခန့်မျှ အထိ ရှာဖွေခဲ့သည်။

လက်နှစ်ဖက်သတင်း မရပါ။

လက်နှစ်ဖက်သည် အရက်သမား မဟုတ်နိုင်ပါ။

ထို့ကြောင့်သာ အရက်ဆိုင်တွင် လက်နှစ်ဖက်အကြောင်း စုံစမ်းမရခြင်းဟု ယူဆ၏။

ယနေ့ သူတို့သည် မြို့ကို သုံးပိုင်းပိုင်းစေပြီး တစ်ဦးစီဦးဆောင်ကာ လက်နှစ်ဖက်ကို ရှာဖွေရန် စိတ်ကူးထားကြလေသည်။

ထို့ကြောင့် အိပ်ရာမှနိုးသည်နှင့် စားသောက်ဆိုင်ဘက်ကူးကာ နံနက်စာကို အဝ စားကြသည်။

ထိုစဉ် စားသောက်ဆိုင်တွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူသည် အဝတ်အစား နွမ်းနွမ်း ဝတ်စားထား၏။

သူ့ခန္ဓာကိုယ်မှာ ပိန်လှီလှသဖြင့် သူ့အင်္ကျီမှာအလွန်ပင် ပွနေသယောင် ရှိ၏။

ထိုလူသည် စားသောက်ဆိုင်တွင်း ဝေ့ဝိုက်၍ အကဲခတ်ကြည့်သည်။

ထို့နောက် သူသည် ဝမ်ကျောင်းတို့ စားပွဲသို့ ဦးတည် လျှောက်လာသည်။

ကျန်ဖုန်းရွှေက အကဲခတ်လိုက်၏။

ထိုလူက ဝမ်ကျောင်းအား အရိုအသေပြုပြီး....

'ခင်ဗျားတို့ဟာ အဘမုယု လွှတ်လိုက်တဲ့ လူတွေပဲ မဟုတ်လား'

ဟု မေးလိုက်သည်။

ဝမ်ကျောင်း ခေါင်းညိတ်ပြီး....

'ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ'

ထိုလူက ပြုံးပြုံးပြီး—

'ကျုပ်နာမည်က အသုံးမပြုတာကြာလို့ မေ့နေပါပြီ၊ ကျုပ်ကို လူတွေကတော့ လက်နှစ်ဘက်လို့ ခေါ်ကြပါတယ်'

'ဗျာ'

ဝမ်ကျောင်း အံ့အားသင့်သွား၏။

ရှောင်လန်းက အံ့အားသင့်သွားပြီး—

'ခင်ဗျားက လက်နှစ်ဖက် ဟုတ်လား—

ဟု ဝင်မေး၏။



သူသည် 'လက်နှစ်ဖက်ဟူသည့် ထူးဆန်းသောအမည် ပိုင်ရှင်သည် လူတကာထက် အနည်းငယ် ထူးခြားဆန်းကြယ်လိမ့်မည်ဟု ထင်ခဲ့မိ၏။

ယခု ထိုလူကား အများနှင့် ကွဲကွာ ထူးခြားမနေပါ။

သူလိုကိုယ်လိုသာ ဖြစ်၏။

လက်နှစ်ဘက်က....

'ဟုတ်ပါတယ်ဗျ၊ ခင်ဗျားတို့ ဒီကို ရောက်တာ ကြာပြီလား၊ ကျုပ်ကို မနေ့က လိုက်ရှာကြတယ်ဆို'

မ်ကျောင်းက....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ လိုက်မေးကြည့်ပါသေးတယ်'

လက်နှစ်ဘက်က

'ထိုင်ပါရစေနော်'

ဟု ခွင့်တောင်းလိုက်၏။

ကျန်ဖုန်းရွှေက....

'ဟာ....ဟုတ်သားပဲ၊ ခွင့်လွှတ်ပါဗျာ၊ ကျုပ်တို့သဲခင်ဗျားနဲ့ မမျှော်လင့်ဘဲ တွေ့ရတော့ ဖိတ်ခေါ်ဖို့မေ့နေတယ်၊ ကဲ... ဘာစားမလဲ'

လက်နှစ်ဘက်က....

'နေပါစေဗျာ၊ အဘမုယ ဆီက အကြောင်းကြားစာ ရထားပါတယ်၊ ခင်ဗျားတို့အတွက် လမ်းပြတစ်ယောက် ရှာပေးဖို့ပဲ'

ကျန်ဖုန်းရွှေက....

'နေပါဦးဗျ၊ ကျုပ်တို့က အဘမုယ ရဲ့လူဆိုတာနဲ့ ခင်ဗျားက ယုံကြည်ရရောလား'

လက်နှစ်ဘက်က ရယ်မောလိုက်၏။

'ကျုပ်လူကဲခက် မညံ့ပါဘူးဗျာ၊ ဒီအုပ်စုထဲမှာ စာပေပညာရှင်ပါနေကတည်းက အဘမုယ နဲ့ပဲ ပက်သက်ရမှာပေါ့ ပြီးတော့ ခင်ဗျားတို့ရဲ့ ဟန်ပန်ကလဲ လိမ်ညာတဲ့ဟန်မျိုးမရှိဘူး၊ ကျုပ်ကိုတွေ့ရလို့ အလွန် အံ့အားသင့်ဟန်တောင်ပေါ် နေတာပဲဗျာ'

ကျန်ဖုန်ရွှေ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ဝမ်ကျောင်းက ...

'ထားပါတော့ဗျာ၊ လမ်းပြတစ်ဦးကို ခင်ဗျားက စီစဉ်ပေးလိမ့်မယ်လို့ အဘမုယ က မှာလိုက်ပါတယ်'

လက်နှစ်ဘက်က ခေါင်းညိတ်ပြီး....



'ဟုတ်ကဲ့၊ မိတ်ဆွေတို့ ဘယ်တော့လောက် ခရီးဆက်ဖို့ စိတ်ကူးထားပါလဲ'

ဟု ပြန်မေးလိုက်၏။

ဝမ်ကျောင်းက....

'ကျုပ်တို့အနေနဲ့ လမ်းပြ ရတာနဲ့ ခရီးဆက်ဖို့ စိတ်ကူးထားပါတယ်'

လက်နှစ်ဘက်က တစ်ချက်စဉ်းစားပြီး....

'ဒီတစ်ရက်တော့ ကျုပ်တို့ ထိုက်ကျူးမြို့မှာ နားနားနေနေ နေကြပါဦး၊ မနက်ကျရင် ထွက်လာခဲ့ကြပါ၊ မြို့ပြင်မှာ ကျုပ်က လမ်းပြနဲ့အတူ စောင့်နေပါမယ်'

ဝမ်ကျောင်းက....

'ကောင်းပါပြီဗျာ၊ မနက် အခုလိုပဲ စားသောက်ပြီးတာနဲ့ ထွက်လာခဲ့ပါမယ်'

လက်နှစ်ဘက်က....

'ဒါဆို ကျုပ်ကို ခွင့်ပြုပါဦး'

သူသည် နေရာမှထကာ အားလုံးကို ဦးညွှတ်၍ထွက်သွားသည်။

စားသောက်ဆိုင်အဝင်ရောက်မှ....

'ကြော်...မေ့နေလို့၊ ကျုပ်ပစ္စည်းတစ်ခုပါလာတယ်' ဟု လှည့်ကာပြောလိုက်၏။
လက်နှစ်ဘက်၏ လက်တွင်းမှအရာကား သူ၏ ခါးကြားမှ ငွေခါးတိုပဓိမဟုတ်ပါလား။

ဝမ်ကျောင်း အံ့အားသင့်သွား၏။

လက်နှစ်ဘက်က စားပွဲအထိပြန်လာပြီး ငွေခါးတိုအား လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ ပြန်ပေးလိုက်ပြီး--

'အဟဲ... ကျုပ်က လက်ဆောင်ခြေဆောင်နိုင်တယ်ဗျ၊ စိတ်ကို ထိန်းပေးမယ့် လက်က အကျင့်ပါနေလို့ ခွင့်လွှတ်ပါဗျာ၊ ကဲ—ကျုပ်သွားလိုက်ပါဦးမယ်'

သူသည် စကားပြန်ပင် မစောင့်တော့ဘဲ ဆိုင်ထဲမှ ဖြေ[illegible]လွှား ထွက်ခွာသွားလေသည်။

ရှောင်လန်းက...

'ဒီလူ့ လက်ထဲကို ဓားကဘယ်လိုရောက်သွားတာလဲ'

ကျန်ဖိုန်းရှေက သက်ပြင်းချလိုက်၏။

'ဒီလူဟာ ရန်သူသာဆိုရင် ကြောက်စရာကောင်းမယ်'
ဝမ်ကျောင်းက....



'ခင်ဗျား မသိလိုက်ဘူး ဟုတ်လား'
ကျန်ဖုန်ရှေက ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်၊ ကျုပ်က သူ့ကို သတိမထားတာလဲပါတာပေါ့လေ၊ နောင်ကိုတော့ အထူးသတိထားရတော့မယ်၊ သူ့ရဲ့ ကိုယ်ဖော့ပညာနဲ့ လက်က သွက်လှပါပေတယ်'

ဝမ်ကျောင်းက....

'အင်း....ဒါကြောင့် သူ့ကို လက်နှစ်ဘက်လို့ ခေါ်တာ ဖြစ်မယ်'

ရှောင်လန်းက....

'ကျွန်တော် နားလည်ပါပြီ၊ သူဟာလက်နှစ်ဖက်လောက် ရှိတဲ့ လူလိုပဲလို့ တင်စားပြီး ခေါ်ကြတာကိုး'

ကျန်ဖုန်ရှေကား ဘာမှမပြောတော့ပါ။
သူ့အား လက်နှစ်ဖက်က ပညာပြသွားခြင်းအတွက် မခံချိမခံသာ ဖြစ်နေရသည် မဟုတ်ပါလား။

နောက်တစ်နေ့နံနက်...

ဝမ်ကျောင်းတို့ လူစုသည် စားသောက်ပြီးနောက် ထိုက် ကြူ မြို့ထဲမှ ထွက်လာခဲ့ကြလေသ ။

သူတို့ မြို့ပြင်သို့ ရောက်သောအခါ လက်နှစ်ဖက်သည် လူ တစ်ယောက်နှင့်အတူ ထိုင်စောင့်နေသည်ကို တွေ့ရ၏။

လက်နှစ်ဖက်နှင့် ရှိနေသူသည် အသက် ခြောက်ဆယ်ခန့် ရှိ၏။

ဖျင်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားပြီး ကျောတွင်လေးနှ မြားကျည်တောက်ကို လွယ်ပိုးထားပေသည်။

ထိုလူကြီး၏ ခန္ဓာကိုယ်အား အရွယ်နှင့် မလိုက်အောင်ပင် ကျစ်လစ်နေသည်ကို တွေ့လိုက်ရပေသည်။

ထိုလူကြီး၏ မျက်နှာမှာ လေးထောင့်ဆန်ပြီး ပြုံးရွှင်သော မျက်နှာထား ရှိ၏။

လက်နှစ်ဖက်က—

'ကဲ...နီစွမ်၊ ခင်ဗျားကသူတို့ကို တာဝန်ယူပြီး ခေါ်သွား ရလိမ့်မယ်၊ မိတ်ဆွေတို့....ဒါ မိတ်ဆွေတို့အတွက် ထိုက်ဖူ စန်းတောင်ကို ကျွမ်းကျင်တဲ့သူပါပဲ'



ဝမ်ကျောင်းက ဦးညွတ်လိုက်၏။
'ဟုတ်ကဲ့၊ ကျွန်တော်တို့အခကြေးငွေ'
နီစွမ်က လက်ကာပြလိုက်ပြီး....
'ဟော့....လက်ရှစ်ဖက် မင်းဘာမှ မပြောထားဘူးလား'
'မပြောရသေးဘူး၊ ဒီလိုဗျာ...သူကထုံးစံအတိုင်းပဲ ပေးရ တယ်၊ ဘယ်တော့မှ ပိုမယူသလို လျော့လဲမယူတတ်ဘူးဗျ'

ဝမ်ကျောင်းက....

'ကောင်းပါပြီ၊ ဈေးနှုန်းသာပြောပါ'

လက်ရှစ်ဖက်က ...

'ယွမ်နှစ်ရာပါ'

ဝမ်ကျောင်းက ငွေကိုထုတ်လိုက်၏။

နီစွမ်က....
'သူ့ကိုပေးလိုက်ပါ'

ဝမ်ကျောင်းက ငွေကို လက်ရှစ်ဖက်အား ပေးလိုက်လေသည်။

လက်ရှစ်ဖက်က ငွေများရေတွက်ယူပြီးနောက်...

'ကဲ .. သွားကြပေတော့၊ ကျုပ်လဲသွားမယ်'

ဟု နွတ်ဆက်ကာ ထိုက်ကြူးမြို့တွင်း ပြန်ဝင်သွားလေတော့သည်။

နိစ္စမ်က အားလုံးကိုတစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ထိုက်ဟန်စန်းတောင်ပေါ် သွားကြမယ် ဟုတ်လား'

'ဟုတ်ကဲ့'

'မင်းတို့ သွားချင်တဲ့နေရာတော့ ရှိမှာပေါ့၊ ကဲ... သွားကြမယ်၊ တောင်ခြေရောက်မှပဲ ခရီးစဉ်ကို ညှိကြတာပေါ့'

ဂမ်ကျောင်းက...

'ကောင်းပါပြီ၊ ဦးက မြင်းလှည်းပေါ်တက်ပါ'



နိစ္စမ်က တစ်ချက်စဉ်းစားလိုက်ပြီး....

'အင်း... မြင်းလှည်းက သိပ်အသုံးဝင်မှာ မဟုတ်ဘူး၊ မြင်းတွေလဲ ဒီအတိုင်းပါပဲ၊ တောင်ခြေရွာရောက်မှပဲ အပ်ထားခဲ့တာပေါ့'

သူသည် မြင်းလှည်းပေါ်တက်လိုက်၏။

နိစ္စမ်း မြင်းလှည်းပေါ်တက်ပြီးသည်နှင့် သူက ခရီးဆက်ရန် အမိန့်ပေးလိုက်လေသည်။

နိစ္စမ်းက မြင်လှည်းပေါ်မှ ဆေးဝါးနှင့် ရိက္ခာခြောက်များကို တွေ့သောအခါ မျက်မှောင် ကုတ်သွားလေသည်။

ဝမ်ကျောင်းအား ကြည့်လိုက်ပြီး....

'မင်းတို့ ခရီးက ရှည်မယ်ထင်တယ်'

ဝမ်ကျောင်းက....

'ဟုတ်ကဲ့၊ ကံမကောင်းရင်တော့ ထိုက်ဟန်စန်းတောင်မှာ ကြာလိမ့်မယ်'

နိစ္စမ်းက....

'ဟေး....ဟေး....မင်းကိုကြည့်ရတာ ထိုက်ဟန်စန်းတောင်ပေါ် ခြေဦးတည့်ရာလျှောက်မယ့်ပုံတွေပဲ'

ဝမ်ကျောင်းက....

'ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိပါတယ်'

'တော်သေးတာပေါ့ကွာ၊ ကဲ..ပြောစမ်း၊ ထိုက်ဟန်စန်းရဲ့ ဘယ်နေရာကို အရင်သွားချင်သလဲ၊ ဒါမှ ကျုပ်က လမ်းခရီးစဉ်ကို စဉ်းစားလို့ရမယ်'

ဝမ်ကျောင်းက....

'ကျွန်တော်တို့ ပထမဆုံးဦးတည်ချက်က နွားနီတောင်ထွတ်ပါပဲ'

'နွားနီတောင်ထွတ်'

'ဟုတ်ပါတယ်'

နိစ္စမ်းက သက်ပြင်းချလိုက်၏။

'ခရီးကြမ်းပဲ'

ဝမ်ကျောင်းက....

'ဘယ်လောက်ကြမ်းတဲ့ ခရီးဖြစ်ပါစေ၊ ကျွန်တော်တို့ ရောက်သွားဖို့ ဆုံးဖြတ်ထားပါတယ်၊ ဦးအတွက်လဲ ထမ်း ပေးဆိုရင် ပေးဖို့အသင့်ပါပဲ'



နိစ္စမ်းက သွားပေါ်အောင် ပြုံးလိုက်ပြီး....

'မလိုပါဘူးကွာ၊ ကျုပ်က ထိုက်ဟန်စန်းတောင်ပေါ် တစ်လကိုးသီတင်းကြာအောင် သွားလာနေတတ်တဲ့ လူပါ'

ဝမ်ကျောင်းက....

'ကျေးဇူးတင်ပါတယ် ဦး'

* * *

ထိုက်ဟန်စန်းတောင်တန်း။

မြောက်ပိုင်းတွင် အရှည်လျားဆုံးသော တောင်တန်းကြီးတစ်ခု ဖြစ်သည်။

ထိုက်ဟန်စန်းတောင်တန်းကြီးတွင် တောင်အလုံးပေါင်း မြောက်ဆယ်ကိုးကိုပါဝင်နေခြင်းက ထိုတောင်တန်း မည်မျှရှည်လျားသည်ကို ပြနေ၏။

တောင်တန်းကြီးကား မှိုင်းညို့နေ၏၊

အဝေးမှကြည့်လျှင် အချို့ အစိတ်အပိုင်းသည် တိမ်ယံ အထိ တိုးဝင်နေသည်ဟုပင် ထင်ရမည်ဖြစ်ပါသည်။

တိုက်ဟန့်စန်းတောင်တန်း၏ တစ်ခုသော တောင်တက်လမ်းအတိုင်း လူတစ်စုအား တစ်ရွေ့ရွေ့နှင့် တက်လာကြနေသည်။

လူအားလုံးသည် ရိက္ခာခြောက်နှင့် ဆေးဝါးများကို ခွဲဝေသယ်ဆောင်လာကြ၏။

မုဆိုးကြီး နိစ္စမ်းသည် ထိုလူအားလုံး၏ ရှေ့မှဦးဆောင်ကာ တောင်ပေါ်သို့ တက်နေလေသည်။

ရှောင်လန်းသည် နိစ္စမ်းကို အားကျစွာ ကြည့်မိ၏။

နိစ္စမ်းသည် အားလုံးထဲတွင် အသက်အကြီးဆုံးဖြစ်သည်၊

သို့သော် သူ့ထက်ပင် ကြံ့ခိုင်သွက်လက်နေသည်ကို တွေ့ရသည် မဟုတ်ပါလော။

အားလုံးထဲတွင် ပေါ့ပါးသွက်လက်စွာ လှုပ်ရှားနိုင်သူကား ကျန်းဖုန်းရွှေ့ပင်ဖြစ်သည်။



သူသည် အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်သည့် အတွက်ကြောင့်လည်း သူ၏လှုပ်ရှားမှုက အလွန်ပေါ့ပါး သွက်လက်နေခြင်းပင်ဖြစ်ပါသည်။

နိစ္စမ်းနှင့် ကျန်းဖုန် ရွှေက ယှဉ်၍သွားနေကြ၏။

သူ၏နောက်မှ ဝမ်ကျော်နှင့်ရှောင်လန် တို့က လိုက်ပါလာကြသည်။

နိစ္စမ်းက

'နားနီတောင်ထွတ်ရောက်အောင်သွားမယ်ဆိုရင် တောင်လေးလုံးကို ကျော်ဖြတ်ရမယ်၊ လျှိုနှစ်ခုကို ဖြတ်ကျော်ရမယ်'

ဟု ရှင်းပြ၏။

ကျန်းဖုန်းရွှေက—

'ခရီးဘယ်လောက်ဝေးသလဲ'

နိစ္စမ်းက စဉ်းစားပြီး....

'ကျုပ်တို့ ဒီနှုန်းအတိုင်းသာ သွားမယ်ဆိုရင်တော့ ၁၀ ရက်လောက်ပဲ ကြာမယ်၊ အင်း....ဒါပေမယ့် နောက်ဆုံးတောင်က သိပ်ပြီး မတ်စောက်တယ်ဆိုတော့ ဆယ်ရက်ထက် ကျော်မှာသေချာတယ်'

ဝမ်ကျောင်းက…

'အတော်ဝေးတာပဲ'

နီစွမ်းက….

'ဟုတ်တယ် လမ်းမှာအန္တရာယ် နယ်မြေ နှစ်ခုလောက်ရှိမယ်'

ဝမ်ကျောင်းက….

'ဒါထက် နဂါးပတ်တောင်ဆိုတာကော ဦးသိသလား'

နီစွမ်း မျက်မှောင်ကုပ်ကာ စဉ်းစား၏။

'နဂါးပတ်တောင် ဟုတ်လား'

'ဟုတ်ပါတယ်'

'ကျုပ်မသိပါလား၊ နေပါဦး၊ မင်းတို့က နဂါးပတ်တောင်ကို ဘာကြောင့်မေးတာလဲ'

ဝမ်ကျောင်းက….

'ကျွန်တော်တို့က နဂါးပတ်တောင်ကို ရှာဖွေမလို့ပါ'

'ဩော်….ငါမသိဘူး၊ အေးလေ….ငါဟာ ဟိုက်ဟန်ဝါတောင်ပေါ် ခြေရာအနှံ့ ကျက်စားတယ်ဆိုပေမယ့် ဒီတောတန်းအပေါ် တက်တုန်းကျတော့ ဘယ်နှံ့မှာလဲ၊ နွားနီတော



ယတ်ကိုလဲ လှမ်းသာမြင်တူးဘယ်၊ ခရီးကြမ်းလို့ မသွားခဲ့ဘူးကွ၊ အဲဒီနေ့ခက်ဆိုး တောင်က မတ်လွန်းတော့ ဒီတောင်ကျော်ပြီး ဆက်သွားဖို့စိတ်မကူးခဲ့တာ၊ အဲဒီဘက်မှာ တောနက်တယ်၊ သားကောင်လဲ သိပ်မတွေ့တော့ မရောက်ဖြစ်ဘူးလို့ဆိုရမှာပေါ့'

သူတို့သည် စကားတပြောပြောနှင့် ဆက်၍တက်လာကြလေသည်။

တောင်တက်လမ်းကား တစ်စထက်တစ်စ ကျဉ်းမြောင်းလာ၏။

ထို့ကြောင့် နှစ်ယောက်ယှဉ်မသွားနိုင်တော့ဘဲ ရှေ့ဆင့်နောက်ဆင့် တစ်ယောက်ချင်း တက်လာခဲ့ကြရလေသည်။

ထိုနေ့ညနေမှာပင် ပထမဆုံး တောင်ကို အောင်မြင်စွာ တက်လာနိုင်၏။

နီစွမ်းက….

'ကဲ…အားလုံး ဒီတောင်ပေါ်မှာပဲ စခန်းချမယ်၊ မနက်မှ ခရီးဆက်ကြစို့'

မည်သူမျှ နီစွမ်းစကားလို မကန့်ကွက်ကြပါ။

အထုပ်အပိုးများ ပစ်ချကာ အနားယူလိုက်၏။

နီစွမ်းက...

'မင်းသူရိကွာခြေစက်တွေ မသုံးနဲ့ဦး၊ ကျုပ်အမဲသွားရှာလိုက်ဦးမယ်'

သူသည် တောင်၏ တစ်ဘက်သို့ ပြေးဆင်းသွားသည်။

ညနေခင်းစပျို ချိန်တွင် နီစွမ်းသည် သမင်တစ်ကောင်ကို ကို ထမ်းကာ ပြန်လည်ရောက်ရှိလာသည်။

ထိုညအဖို့ သူတို့အားလုံး နီစွမ်းပစ်လာသော သမင်သား ဖြင့် ညစာကို မြိန်ယှက်စွာ စားသောက်ရတော့သည်။

* * *

ခရီးကား ကြမ်းတမ်းလွန်းလှ၏။

အချို့နေရာများတွင် လမ်းပင်မရှိပါ။



သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ ခရီးဆက်ခဲ့ကြရ၏။

ချောင်လန်းတို့လူစုသည် ပင်ပန်းသော်လည်း တစ်ဦး တစ်ယောက်မျှပင် ညည်းတွားခြင်းမရှိကြပါ။

အားလုံးသည် ဇွဲ လုံ့လ ဝီရိယအပြည့်နှင့် ခရီးကြမ်းကို အံတုကာ နှင်လာခဲ့ကြ၏။

ထို့ကြောင့်လည်း ရှစ်ရက်အတွင်းမှာပင် နွား နီတောင် ထိပ်သို့ ရောက်ရန်အတွက် နောက်ဆုံး တောင်ခြေသို့ ရောက် ရှိလာကြလေ၏။

ဝမ်ကျောင်းသည် မုဆိုးကြီးနီစွမ်းကို ရလာသည်မှာ ကံ ကောင်းလေစွဟု တွေးတောမိသည်။

နီစွမ်းကြောင့် သူတို့သည် နွားနီတောင်ထိပ်ကို မရှာဖွေရ လွယ်ကူစွာ ခရီးဆက်နိုင်ခဲ့သည် မဟုတ်ပါလား။

နီစွမ်းက....

'ကဲ....အားလုံး နားကြဦး၊ ဒီတောင်ပေါ်တက်ဖို့ အား လုံး ခွန်အားပြည့်ဝမှ ဖြစ်မယ်'

ဟု သတိပေးလိုက်၏။

အားလုံးက အနားယူရင်း တောင်ကို မော့ကြည့်လိုက်ကြသည်။

သူပြောသည်က မလွန်ပါ။

တောင်ကြီးက မတ်စောက်လှသည်။

နီစွမ်က—

'ဒီတောင်က မတ်စောက်ပေမယ့် သစ်ပင်ချုံနွယ်တွေ ဖုံးနေတော့ တက်ရတာ တော်သေးတယ်၊ တစ်ခုပဲ သတိထားရမှာက ခြေနင်းပဲ၊ ခြေနင်းတဲ့အခါ ခြေထောက်တစ်ဖက် မိမိရရနင်းနိုင်မှ နောက်တစ်ဖက်တက်ပါ၊ လက်က ကြိုးကို ဘယ်တော့မှ မလွှတ်စေနဲ့၊ ခြေချော်လက်ချော်တာနဲ့ ဒုက္ခ ရောက်သွားနိုင်တယ်ဆိုတာ မြဲမြဲမှတ်ထားကြ'

ဟု သတိပေး၏၊

ရှောဇီလန်းက—

'ဒီတောင်က ကြိုးအသုံးပြုပြီး တက်ရမှာ မဟုတ်လား'



သူက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်၊ တောင်က မတ်စောက်တဲ့အတွက် ကြိုးတွေ အသုံးပြုရမယ်၊ ကံကောင်းတာက ကြိုးချည်စရာ သစ်ပင် ပေါတာပဲ၊ ဒီအတိုင်း မတ်စောက်တဲ့ တောင်ကတော့ ဆိုရင် ခက်ပြီပေါ့'

ရှောင်လန်းက သက်ပြင်းချလိုက်သည်။

နီစွမ်က ပြုံးလိုက်ပြီး—

'အခုမှ ခရီးကြမ်းကိုစတာပါ၊ ဒီတောင်ကို ကျော်ပြီးတဲ့ နောက်မှာ အန္တရာယ်နေရာတွေရှိနေသေးတယ်'

ဝမ်ကျောင်းက....

'ဦးက ဒီတောင်ကို မကျော်ဖူးဘူးဆို၊ အန္တရာယ်နေရာ တွေ ရှိတယ်ဆိုတာ ဘယ်လိုသိတာလဲ'

နီစွမ်က—

'ကျုပ်အဖေပြောဖူးတယ်၊ ဒါပေမယ့်....ဘယ်လိုအန္တရာယ် တွေလဲ ဆိုတာတော့ ကျုပ်လဲ သေသေချာချာ မသိဘူး၊ ဒီတောင်ကိုကျော်ပြီးတဲ့နောက်မှာ အစစအရာရာသတိထားရ တော့မယ်'

ဟု ရှင်းပြလေ၏။

သူတို့သည် ခေတ္တမျှ အနားယူကြပြီးနောက် တောင်ပေါ်တက်ရန် ပြင်ဆင်ကြလေ၏။

နိမ်နှင့်ကျန်ဖုန်းရွှေတို့က ကြိုးများနှင့်အတူ မတ်စောက်သော တောင်ပေါ်သို့ စတင်တက်သွားကြ၏။

နိစ္စမ် သတိပေးသည်မှာ မှန်ပေသည်။

တောင်ထိပ်ပိုင်းရောက်လာသော တောင်ကပို၍မတ်စောက်လာလေဖြစ်ပြီး ကြိုးကို ပို၍ အားပြုလာရသည်။

လက်မမြဲပဲ ပြုတ်ကျသွားလျှင် ရပ်တည်နိုင်စွမ် ရှိမည်မဟုတ်ပါ။

ရှောင်ယန်းသည် အံကိုတင်းတင်းကြိတ်ကာ တောင်ပေါ်သို့ ကြိုးစားတက်နေရလေသည်။

သူ၏ လက်ဖဝါးကိုမှာ ကြိုးကို မြဲအောင်ဆုကိုင်ကာ ဆွဲတက်နေရသည့်အတွက် ပေါက်ပြလာ၏။

တစ်ကိုယ်လုံး လည်း နာကျင်နေသည်။

သို့သော်– လူတိုင်း တက်နေသော ထိုတောင်ကို သူလည်းရအောင်တက်မည်ဟု စိတ်ကိုတင်းကာ တက်နေရသည်။



ဤသို့ဖြင့် တရွေ့ရွေ့တက်လာကြရာ နောက်ဆုံးဝယ် သူတို့လူစုအားလုံးသည် တောင်ထိပ်ပေါ်သို့ ချောမောစွာ တက်ရောက်သွားနိုင်ခဲ့လေသည်။

တောင်၏ အခြားတစ်ဖက်ကား မြေပြန့်သော ဆင်ခြေလျှောကြီးဖြစ်နေသည်ကို တွေ့မြင်ရသောသည်။

* * *

နံနက်ခင်းတစ်နေ့။

နံနက်ခင်း၏ နေရောင်ခြည်သည် ပူနွေးစွာ ဖြာကျနေ၏။

ထိုကြုံးမြို့ကလေးသည် အသက်ဝင်လှုပ်ရှားလာ၏။

လမ်းမများပေါ်တွင် လူသွားလူလာ စတင်၍လာ၏။

သို့သော်လည်း အခြားမြို့များနှင့် နှိုင်းယှဉ်လျှင်မူ အတော်ပင် နည်းပါးသည်ဟု ဆိုရမည်ဖြစ်သည်။

တစ်ခုသော အိမ်ကလေးအတွင်းမှ လက်ရှစ်ဖက်ထွက်လာသည်။

သူသည် အိပ်ရာအထဝယ် ဗိုက်ဆာနေသည်။

လက်ထဲတွင် သုံးစရာငွေကား နည်းပါးလွန်းသည်။

လက်ရှစ်ဖက် သက်ပြင်းချလိုက်သည်။

တစ်ချိန်ကဆိုလျှင် သူ့တွင် အမြဲပင်ငွေသီးခဲ့သည်။

သူသည် လမ်းကြားလေးတစ်ခုအတွင်းရှိ လက်ဖက်ရည်ဆိုင်ကလေးသို့ ဝင်သွားလိုက်ပြီး လက်ဖက်ရည်နှင့် ပေါက်စီမှာကြားလိုက်သည်။

ဆိုင်ရှင်က-

'ဒီနေ့လဲ အကြွေးပဲလား'

ဟု ခပ်မာမာလေသံနှင့် မေးလိုက်သည်။

သူက သွားပေါ်အောင် ရယ်ပြလိုက်ပြီး—

'အဟဲ—မကြာခင် ကျုပ် အားလုံးရှင်းပါ့မယ်ဗျာ'

ဟု မျက်နှာချိုသွေးသည်။



ဆိုင်ရှင်က စူပုပ်ပုပ်မျက်နှာထားနှင့် လက်ဖက်ရည်နှင့် ပေါက်စီတို့ကို ချပေးသည်။

သူက သက်ပြင်းချသည်။

တစ်ချိန်က သူသည် ပြည်ပတွင် သွားလာလှုပ်ရှားနေထိုင်သူဖြစ်သည်။

သူ၏ အလုပ်ကား ကျွမ်းကျင်သော လျင်မြန်သော လက်များဖြင့် လူတကာ၏ အိတ်ထဲမှငွေကို နှိုက်ယူခြင်းပင် ဖြစ်သည်။

ထို့ကြောင့်လည်း သူ့အဖို့ ငွေမရှားခဲ့ပါ။

သို့ရာတွင် လွန်ခဲ့သော သုံးနှစ်ခန့်က သူ၏အဖွဲ့ ကံဆိုးမိုးမှောင်ကျခဲ့ရလေသည်။

သူသည် လူတစ်ယောက်ထံမှ ငွေကိုနှိုက်ယူခဲ့၏။

ထိုငွေကို နှိုက်လိုက်စဉ်ပင် သူ၏လက်ကို ထိုလူက ဖမ်းချုပ်ခဲ့သည်။

ထိုလူကား သူ့ထက်များစွာ လျင်လှသည်။

နောင်မှ ထိုလူသည် ဝူတန်ဂိုဏ်းချုပ်ဖြစ်နေသည်ကို သိရှိလိုက်ရသည်။

သူ့အလွန်ပင် တိတ်လန့်တုန်လှုပ်သွားသည်။

သူ၏ အသက်ကို ချမ်းသာပေးပါရန် တောင်းပန်ခဲ့ရ၏။ ထိုအခါ ဝူတာနိဂိုအားချုပ်က သူ့အား ထိုက်ကြူးမြို့ကလေးတွင် ၄ နှစ်တိတိသွားရောက်နေထိုင်ရန် အမိန့်ချမှတ်ခဲ့လေသည်။

ထိုအချိန်မှစ၍ သူ့မှာ ခေါင်လှသော ထိုက်ကြူးမြို့ကလေးတွင် လာရောက်နေထိုင်ရခြင်းဖြစ်သည်။

ဤထိုက်ကြူးမြို့တွင် သူ နေထိုင်ခဲ့သည်မှာ သုံးနှစ်ကျော်ပြီး လေးနှစ်မြည်ခါနီးပြီ ဖြစ်သည်။

သူ့အတွက်မူ နှစ်ပေါင်းသုံးလေးဆယ်မျှက ကြာမြင့်လှပြီဟု ထင်မှတ်နေမိပါတော့သည်။

*  *

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများကား ဆူညံလွန်းလှသည်။



အမြဲတန်း ငြိမ်သက်နေသော ထိုက်ကြူးမြို့ အတွက်မူ ထိုမြင်းခွာသံများကား မိုးခြိမ်းသံတမျှ ကျယ်လောင်နေ၏။

မကြာမီ ထိုက်ကြူးမြို့တွင်းသို့ မြင်းစီးသူများ တစ်ဆယ့်ငါးဦးတို့သည် မြင်းကိုဒုန်းစိုင်းစီးနှင်းကာ ဝင်ရောက်လာကြလေသည်။

သူတို့သည် မြို့တွင်ရောက်သည့်တိုင်အောင် မြင်းကို အရှိန်မလျော့ဘဲ စီးနှင်းလာကြခြင်း ဖြစ်သည်။

ထို့ကြောင့် လမ်းပေါ်တွင် ဖုန်များတထောင်းထောင်း ထသွားလေသည်။

ရှေ့ဆုံးမှ မြင်းစီးသမားကား နန်းဟူပင် ဖြစ်ပါသည်။

နန်းဟူသည် ထိုက်ကြူးမြို့ထဲသို့ မြင်းကို အသော့နှင်ကာ စားသောက်ဆိုင်ကိုတွေ့မှ ရပ်လိုက်ပြီး—

'ရပ်....အားလုံးနားကြမယ်'

ဟု ကျယ်လောင်စွာ အမိန့်ပေးလိုက်သည်။

မြင်းစီးသမားအားလုံး ရပ်သွားကြ၏။

ထို့နောက် အားလုံးပင် စားသောက်ဆိုင်ထဲသို့ ဝင်လာကြသည်။

စားသောက်ဆိုင်ရှင်သည် သူ့ဆိုင်သို့ လူအများအပြား ရောက်လာသည့်အတွက် မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

သူ ကိုယ်တိုင်ထွက်ကာ ကြိုဆိုလိုက်သည်။

'ကြွပါခင်ဗျာ....ကြွပါ'

နန်းဟူက သူ၏လူများကို နေရာချပေး၏။

ထို့နောက် သူသည် ကွမ်ပေတို့သားအဖနှင့်အတူ တစ်စားပွဲတည်း ဝင်ထိုင်လိုက်သည်။

စားပွဲထိုးက....

'ဘာများ စားကြမလဲ'

နန်းဟူက....

'မင်းတို့ဆိုင်မှာ ဘာရသလဲ'

စားပွဲထိုးက....

'ကြက်၊ ဝက်နဲ့ ထမင်း ရပါတယ်'

နန်းဟူက ပြုံးပြီး....

'အေး....ရှိတဲ့ဟင်းလျာ အကုန်ချ၊ အရက်ကောင်းကောင်း ပါ ပေးပါ'



စားပွဲထိုးက ချက်ချင်းပင် ထမင်းဟင်းလျာနှင့် အရက်များကို ပြင်ဆင်ပေးသည်။

စားပွဲထိုးက—

'အလိုရှိတာ ပြောပါ ခင်ဗျာ'

နန်းဟူက—

'ရပြီ၊ မလိုတော့ဘူး'

စားပွဲထိုးက လှည့်ထွက်သွားသည်။

'နေဦး'

နန်းဟူ သတိရသွားပြီး ဟန့်တားလိုက်သည်။

စားပွဲထိုးက ပြန်လှည့်လာပြီး....

'ဘာများ အလိုရှိပါသလဲ ခင်ဗျာ'

'လိုချင်လို့ မဟုတ်ဘူး၊ မေးချင်လို့'

'ဟုတ်ကဲ့၊ မေးပါ'

နန်းဟူက စဉ်းစားပြီး—

'ဒီမြို့ကလေးကို ကျုပ်တို့လိုပဲ လူတစ်စုများ ရောက်လာသေးလား'

စားပွဲထိုးက ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့၊ လွန်ခဲ့တဲ့ ခုနစ်ရက်လောက်က ရောက်လာခဲ့ပါတယ်၊ ဒီမှာပဲ သူတို့ နေ့စဉ်စားသောက်ကြတယ်၊ ဟိုတက်စ တည်းခိုခန်းမှာ နှစ်ရက်တည်းသွားတယ် ခင်ဗျာ'

နှင်းဟူမျက်နှာ ဝင်းလက်သွားသည်။

'ဟုတ်ပြီ၊ သူတို့အားလုံး ဘယ်နှစ်ယောက်လဲ'

စားပွဲထိုးလေးက တစ်ချက် စဉ်းစားပြီး—

'အားလုံး ဆယ့်တစ်ယောက် ရှိတယ်'

'သူတို့ထဲမှာ ဖောဒီက ညီလေးနဲ့ ရွယ်တူတစ်ယောက်ပါတယ် မဟုတ်လား'

သူက ကျွန်ုပ်ကို မေးဆတ်ပြကာ မေး၏။

စားပွဲထိုးက ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့၊ ပါပါတယ်ခင်ဗျ'

'သူတို့ ဘယ်ကိုသွားကြသလဲ'

'သူတို့က ထိုက်တန်ဆန်းတောင်ပေါ် သွားကြတာဗျ'

ခြသ်'



'ခင်ဗျားတို့ကော ထိုက်ဟန်ဆန်း တောင်တန်းပေါ် သွားကြမလို့လာ'

ကျွန်ုပ်က ဝင်ပြော၏။

'ဟုတ်တယ်၊ ထိုက်ဟန်စန်းတောင်ခြေကို တော်တော်ဝေးသေးသလား'

စားပွဲထိုးလေးက...

'သိပ်မဝေးတော့ပါဘူး၊ ငါးမိုင်သာသာပဲ ရှိပါတယ်၊ ဒါထက် စပ်စုတယ်လို့ မထင်ပါနဲ့၊ ခင်ဗျားတို့ ထိုက်ဟန်စန်း တောင်တန်းပေါ် သွားဖူးသလား'

ကျွန်ုပ် ခေါင်းရမ်းပြီး....

'တစ်ခါမှ မရောက်ဖူးပါဘူး'

'ထင်တော့ ထင်သားပဲ၊ မရောက်ဘူးတဲ့ သွားကြမယ် ဆိုရင် ကျုပ် အကြံတစ်ခုလောက် ပေးပါရစေ'

ကျွန်ုပ်က....

'ပြောပါ၊ ပြောပါ'

စားပွဲထိုးလေးက...

'ထိုက်ဟန်စန်းတောင်တန်းဟာ ကြီးမားတယ်၊ ရှည်လျားတယ်၊ ဒါကြောင့် ထိုက်ဟန်ဆန်းတောင်ပေါ် တက်မယ်ဆိုရင် လမ်းပြတစ်ဦး ငှားသွားပါလို့ အကြံပေးချင်ပါတယ်'

'ကျေးဇူးတင်ပါတယ်ကွယ်'

စားပွဲထိုးက လှည့်ထွက်သွား၏။

ကွမ်ကျုံက....

'ဖေဖေ ကျွန်တော်တို့ လမ်းပြရှာရမယ် ထင်တယ်'

ကွမ်ပေက နန်းဟူကို ကြည့်လိုက်သည်။

နန်းဟူက ခေါင်းခါပြီး....

'မလိုဘူး'

ကွမ်ကျုံက—

'ဦးက ရောက်ဖူးလို့လား'

'မရောက်ဖူးပါဘူး'

'ဒါဆို ဘာလို့ လမ်းပြမလိုရမှာလဲ'

နန်းဟူက ပြုံး၍....



'ရှေ့ကအဖွဲ့က ကျုပ်တို့ကို လမ်းပြပေးနေမှာပဲ၊ ဒါ့ကြောင့် ကျုပ်တို့ လမ်းပြ ငှားနေရဦးမှာလဲ'

ကွမ်ပေ သဘောပေါက်သွားသည်။

'ဟား ဟား ဟား၊ ဟုတ်သားပဲ'

နန်းဟူက....

'ကဲ....စားကြ၊ သူတို့ဒီက ထွက်သွားတာခုနစ်ရက်လောက်ရှိနေပြီ၊ ကျုပ်တို့လဲ ခပ်မြန်မြန်လိုက်သွားမှဖြစ်မယ်'

နန်းဟူတို့ လူစုကား ဝမ်ကျောင်းဟို့၏ သတင်းကို သိရပြီဖြစ်သောကြောင့် ထိုက်ကြူးမြို့တွင် တည်းခိုရန်မစဉ်းစားတော့ပါ။

သူတို့သည် စားသောက်ပြီးသည်နှင့် ခရီးဆက်ရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ် စားသောက်ဆိုင်အတွင်းသို့လူတစ်ယောက်ဝင်လာလေသည်။

ထိုလူကား လက်ရှစ်ဖက်ပင် ဖြစ်၏။

လက်ရှစ်ဖက်သည် နန်းဟူအား တွေ့လိုက်သော အခါ အံ့ဩသွား၏။

'ဟေ့…နန်းဟူ၊ ဘယ်လေတိုက်လို့ ဒီထိုက်ကြူးကို ရောက်လာတာလဲ'

ဟု ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

နန်းဟူက—

'လက်ရှစ်ဖက်ပါလား'

လက်ရှစ်ဖက်က နန်းဟူ၏ စားပွဲတွင် ဝင်ထိုင်လိုက်ပြီး…

'ကျုပ်တို့ မတွေ့ကြတာ အတော်ကြာသွားပြီ'

နန်းဟူက အေးတိအေးစက်ဖြင့်—

'အယ်နှစ်လောက်ရှိပြီပေါ့'

လက်ရှစ်ဖက်က—

'ဆရာကော နေကောင်းရဲ့လား'

နန်းဟူက မဲ့လိုက်၏။

သူနှင့် လက်ရှစ်ဖက်သည် တစ်ချိန်က ဆရာတစ်ဦးတည်းထံတွင် သိုင်းပညာသင်ကြားခဲ့သူများ ဖြစ်ပေသည်။

'ကောင်းပါတယ်၊ မင်းကဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ'



လက်ရှစ်ဖက်က ရယ်မောလိုက်ပြီး…

'ကျုပ်က ကံဆိုးပြီး ငှဟန်ဂိုဏ်းချုပ်ရဲ့ငွေကို နှိုက်ယူမိလို့ နယ်နှင်ဒဏ် ခံခဲ့ရတာဗျ၊ ဟား ဟား ဟား'

နန်းဟူက သက်ပြင်းချလိုက်ပြီး—

'မင်းက ညံ့တာကိုး'

လက်ရှစ်ဖက်က…

'ကျုပ်က မင်းလောက် …'

'တော်စမ်းကွာ'

နန်းဟူက ဝေါက်ခနဲ့တာ စကားကိုဖြတ်လိုက်၏။

လက်ရှစ်ဖက်က—

'မင်းတို့ဘယ်သွားကြမလို့လဲ'

နန်းဟူက—

'မြည်မကို ပြန်မလို့'

'မြည်မကို ဟုတ်လား'

'ဟုတ်တယ်၊ ပေဟာဒီကုန်သည်ကြီးတို့ လိုက်ပြီး စောင့်ရှောက်ဖို့တာဝန် ယူထားရတာကွ'

သူက လိမ်ညာပြောလိုက်၏။
လက်ရှစ်ဖက်က ကြိတ်ပြုံး၏။
ထိုက်ကြူးသည် ပြည်မနှင့် အလှမ်းကွာ၏။

ထို့အတူ ထိုက်ကြူးသို့သာ ပြည်မက လာကြရသည်။

အခြားနေရာမှတစ်ဆင့် ထိုက်ကြူးသို့ ဖြတ်ကျော်ကာ ပြည်မသို့သွားခြင်းသည် အစ်ပွာယ်မရှိပါ။

အကြောင်းမှာ ထိုက်ကြူးမြို့သည် လမ်းဆုံမြို့ မဟုတ်ဘဲ လမ်းဆုံးမြို့ ဖြစ်သောကြောင့်ပင်။

လက်ရှစ်ဖက်မှာ နန်းဟူ လိမ်ညာပြောသည်ကို သိသော်လည်း မသိဟန်ဆောင် ခနေ၏။

ထို့အတူ ဤလူစုံတွင် နန်းဟူက ခေါင်းဆောင်လာခြင်း ဖြစ်သည်ကိုလည်း သူရိပ်မိ၏။

နန်းဟူက လျှို့ဝှက်လို၍ သူက မမေးတော့ပါ။

နန်းဟူက-

'တွေ့ရတာ ကျုပ်အကယ်ပဲ ဝမ်းသာတယ်၊ ဒါပေမယ့် ကျုပ်တို့ခရီးဆက်ရတော့မှာမို့ မင်းနဲ့ကြာကြာစကားမပြောနိုင်တာကို ခွင့်လွှတ်ပါကွာ'



ဟု အလွန် လိုက်လျှောသော လေသံနှင့် တောင်းပန်လိုက်သည်။

လက်ရှစ်ဖက်က....

'ကိစ္စမရှိပါဘူးကွာ'

နန်းဟူက အားလုံးအတွက် ကျသင့်ငွေကို ထုတ်ကာ ရှင်းပေးလိုက်၏။

လက်ရှစ်ဖက်သည် သူ ငွေရှင်းနေသည်ကို ငေးကြည့်နေကြောင်း တွေ့ရ၏။

နန်းဟူက ပြုံးလိုက်ပြီး-

'မင်း ငွေပြတ်နေတယ်ထင်တယ်၊ ကဲ—ရော့၊ ပါယူထားလိုက်'

သူက ငွေအနည်းငယ်လှမ်းပေးလိုက်၏။

လက်ရှစ်ဖက်က ယူလိုက်ပြီး—

'ကျေးဇူးပဲကွာ'

နန်းဟူက—

'ကဲ—သွားမယ်၊ ပြည်မရောက်မှ ကျုပ်တို့ပြန်ဆုံကြသေးတာပေါ့'

နန်းဟူတို့လူစုသည် စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားကြသည်။

လက်ရှစ်ဖက်သည် နန်းဟူတို့လူစု ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေသည်။

နန်းဟူတို့မြင်းပေါ်တွင် ရိက္ခာခြောက်များ ပါလာသည်ကို သူတွေ့ခဲ့၏၊

မြည်မသို့ သွားမည့်သူများအဖို့ ရိက္ခာခြောက်မလို။

လက်ရှစ်ဖက်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'နန်းဟူ...မင်းက ကျုပ်ကိုလျှို့ဝှက်သွားတာပဲ၊ ဒါပေမယ့် မင်းတို့ ထိုက်ဟန်စန်းတောင်ကိုသွားမယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်ကွာ၊ ကျုပ်ကိုသိမ်လို့မရပါဘူး၊ ဟား...ဟား...ဟား'

သူက တစ်ကိုယ်တည်းရယ်မောလိုက်၏။

ထို့နောက်—လက်ထဲမှ ငွေစကလေးများကို မြောက်ကာပြန်ဖမ်းလိုက်ပြီး—

'နန်းဟူ—မင်းနဲ့ကျုပ်တွေ့ဦးမှာပေါ့လေ'



ဟု ကြုံးဝါးကာ စားသောက်ဆိုင်ထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

ဆင်းခြေလျှော—

ဝမ်ကျောင်းတို့ လူစုသည် ပြေပြစ်သော တောင်ဆင်းလမ်းအတိုင်း ဆင်းလာကြသည်။

တောင်၏တစ်ဘက်က မတ်စောက်သလောက် ကျန်တစ်ဘက်က ပြေပြစ်လှ၏။

သဘာဝတရားသည် တောင်တစ်လုံးထဲမှာပင် ဆန့်ကျင်ဘက် အရေနှစ်ခုကို ဖန်တီးထားပေသည်။

သူတို့လူစုသည် တောင်ဆင်းလမ်းအတိုင်း ဆင်းလာရာ တဖြည်းဖြည်း မှောင်လာသဖြင့် ခရီးမဆက်တော့ဘဲ ရောက်ရာနေရာတွင်သာ ရပ်နား လိုက်ကြသည်။

ညဘက်ခရီးသွားခြင်းမှာ အန္တရာယ်ကြီးလှ၏။

ထို့ကြောင့်...သူတို့က နေ့ဘက်ခရီးသွား ပြီး ညဘက် အနားယူကြလေသည်။

နောက်တစ်နေ့ နံနက်မှ သူတို့က ခရီးဆက်လာကြ၏၊

မကြာမီ သူတို့သည် မြေပြန့်သို့ရောက်လာကြသည်။

နီစွမ်က....

'နွားနီတောင်ထွတ်က ဟိုမှာ'

အဝေးတွင် မှိုင်းညို့ညို့ လှမ်းမြင်နေရသော တောင်တလုံးကို လှမ်း၍ပြသည်။

ထိုတောင်သည် နွားကြီးတစ်ကောင်နှင့် တူလှပေသည်။

ရှောင်လန်းက—

'အတော်ဝေးသေးတာပဲ'

နီစွမ်က—

'ဟုတ်တယ်၊ ကျုပ်ခန့်မှန်းတာ နည်းနည်းလွဲသွားတယ်၊ နောက် လေးငါးရက်လောက် ခရီးဆက်ရဦးမယ်'

ရှောင်လန်းက—

'ဘာပဲဖြစ်ဖြစ် နွားနီတောင်ထွတ်ကိုရောက်ရင် ကျုပ်တော်တို့ ရည်မှန်းချက်တစ်ခု ပြည့်ပါပြီ'



သူတို့သည် မြေပြန့်လွင်ပြင်အတိုင်း လျှောက်လာခဲ့ရာ မကြာမီ တောအုပ်ငယ်ကလေးတစ်ခုသို့ ရောက်လာသည်။

ထိုတောအုပ်ကိုဖြတ်အလာ လမ်းတွင် အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

တောထဲ၌ သစ်ပင်ကို တွေ့ရခြင်းကမဆန်းပါ။

သို့သော်—ရှောင်လန်းအတွက်မူ ထူးဆန်းနေ၏။

ထိုသစ်ပင်ကြီးသည် လူလေးဖက်စာမကရှိ၏။

သူ၏အိပ်မက်ထဲမှ သစ်ပင်ကြီးပင်။

ရှောင်လန်းက သစ်ပင်ကြီးအား အသေအချာ ကြည့်လိုက်သည်။

အိပ်မက်ထဲကလို ရှစ်ကွက်အင်းမြှုပ်ထားသည်ကို မတွေ့ရပါ။

သို့ရာတွင် ပင်စည်တွင် တစ်ချိန်က တစ်စုံတစ်ရာ မြှုပ်နှံထားခဲ့သလို အရာတစ်ခုကို တွေ့လိုက်ရသည်။

ရှောင်လန်းမှာ သစ်ပင်အောက်တွင် အတန်ကြာအောင် ရပ်နေမိသည်။

ဝမ်ကျောင်းတို့ကို လှမ်းကြည့်လိုက်ရာ ရှေ့သို့ အတော်ဝေးဝေးရောက်နေသည်ကို တွေ့ရသဖြင့် သူလည်းအမြန်လိုက်သွားသည်။

ဝမ်ကျောင်းတို့လူစုကား တောအုပ်အပြင်သို့ ရောက်သွားသည်။

'ဟာ....လှလိုက်တဲ့ ပန်းခင်းပါလား'

ကျန့်ဖုန်းရှေ့က တအံ့တဩရေရွတ်လိုက်သည်။

ရှောင်လန်းလည်း အမိလိုက်လာသည်။

ရှေ့ဘက်တွင် လွင်ပြင်လေးတစ်ခုရှိပြီး ပန်းခင်းကဲ့သို့ ဖြစ်နေသည်။

ပန်းခင်းကို တွေ့လိုက်ရသောအခါ ရှောင်လန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

'အားလုံး ရပ်ကြပါ'

ဟု ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်လေတော့သည်။

နန္ဒကျော်သူ

ပထမပိုင်းပြီး၏။

[ ဒုတိယပိုင်း ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန် ]

လင်းစာပေ
ဖုန်း ၂၁၃၉၉

ရှောင်လန်း အလွန်အံ့အားသင့်နေ၏။

ခြေထောက်များကလည်း မြေပြင်တွင် အမြစ်တွယ်နေသည့်နှယ် လုံးဝမရွေ့လျားနိုင်ဝဲအောင်ဖြစ်နေလေသည်။

ကျန်ဖုန်းရှေ၏ ငယ်သားတစ်ဦးက

'လှလိုက်တာ ကြည့်စမ်း၊ ဒီလိုလှပတဲ့ ပန်းခင်းမျိုး ဘယ်မှာ တွေ့ကြဖူးသလဲ'

နောက်တစ်ဦးက....